www.burmeseclassic.com

တက္ကသိုလ်

# ငှက်ပင့်ဝေဆောင်

သုံး အုပ်တွဲ သိုင်း ဝတ္ထု

# အန္တရာယ်ကောင် ယန္တရားဖျား

ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
# နေလင်းအောင်

# အန္တရာယ်ကောင်ယန္တရားဖား

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

## သူလျှိုလော

ရှောင်လင်ကျောင်းတော်ကြီး.....။

ကျောက်သားဖြင့် တည်ဆောက်ထားသောရှောင်လင်ကျောင်းတော်ကြီးမှာ သူ့အထီးထီးတစ်ဆောင်တည်းမဟုတ်ပေ။ ကျောင်းငယ်ပေါင်းများစွာ အဆောင်ငယ်ပေါင်းများစွာ ရှိသည်။

ကျောက်သားဖြင့် တည်ဆောက်ထားသောအဆောင့်မှာ ဧည့်သည်များ၊ ကျောင်းတော်သို့လာရောက်သူများ တည်းခိုနိုင်သည့်အဆောင်ဖြစ်ပေသည်။

ရှောင်လင်ကျောင်းတော် ကျောင်းဝင်းအတွင်း၌ ဆရာတော်အချို့၌ ဝါစဉ်ကြီးဘုန်းတော်ကြီးအချို့ ကျောက်သားဖြင့် တည်ဆောက်ထားသည့်ကျောင်းသို့ သွားနေကြသည်။

သည်ယနေ့ အရေးကြီးသည့် အစည်းအဝေးကြီး ရှိနေသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးကလည်း ပေါ့သေးသေးမဟုတ်ပေ။ ရှောင်လင်ကျောင်း၌ ဖမ်းဆီးရမိထားသော ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်အား သူ၏အပြစ်များနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်ဆရာတော်က စည်းဝေးကြားနာပြီး အဆုံးအဖြတ်ပေးရန်ဖြစ်ပေသည်။

ဆရာတော်ကြီးလာသောအခါ ဘုန်းတော်ကြီးအားလုံး မျက်ဖုံးဖွင့်ကြည့်ကြ၏။ ဆရာတော်ကြီးအား ရှိခိုးဂါရဝပြုကြသည်။

အဖွဲ့ချုပ်ဆရာတော်ကြီးသည် မြွေဦးခေါင်းနှစ်ခုလိမ်ယှက်နေသည့်တောင်ဝှေးကို တဒေါက်ဒေါက်ထောက်လာသော်လည်း တဒေါက်ဒေါက်မြည်သံ လုံးဝမထွက်ပေါ်ပေ။

အဖွဲ့ချုပ်ဆရာတော်ကြီးသည် ဘုန်းတော်ကြီးများရှေ့၌ ထိုင်ပြီး လေးနက်စွာစဉ်းစားနေလေ၏။ အတန်ကြာမှ ဖြည်းညင်းစွာ စကားပြောသည်။

“ဖန်ကောက်တင်ဟာ အပြစ်ကျူးလွန်သူ၊ ကျူးလွန်တဲ့အပြစ်ဟာလဲ သိုင်းသမားတော်တော်များများ မကျူးလွန်ဝံ့တဲ့အပြစ်ကို ကျူးလွန်တာပဲ၊ သူဟာ ထိပ်သီးသိုင်းသမားတွေထက် တော်တဲ့သိုင်းသမားပဲ... ဒါကြောင့်လဲ ကျောင်းတော်ရဲ့အလျှို့ဝှက်ဆုံးနေရာကို ရောက်အောင်သွားနိုင်တာပေါ့။ သူ့ကိုကျောင်းတော်နဲ့ဝေးလံတဲ့ တစ်နေရာမှာ အကျဉ်းချချုပ်နှောင်ထားဖို့ဆုံးဖြတ်လိုက်တယ်”

ထိုအခါ ဝါစဉ်ကြီး ဘုန်းတော်ကြီးတစ်ပါးက....

“ကျောင်းတော်နဲ့ဝေးလံတဲ့နေရာမှာ ချုပ်နှောင်ထားဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်ဘုရား... အန္တရာယ်လဲ ပိုများတယ်လို့



တပည့်တော်ထင်ပါတယ်”

အဖွဲ့ချုပ်ဆရာတော်ကြီးက ခေါင်းယမ်းရင်း ပြောသည်။

“သူလို ထိပ်သီးသိုင်းသမားတစ်ယောက်ကို ဘယ်လွယ်လွယ်နဲ့လက်လွှတ်ခံလိမ့်မလဲ၊ တော်ရုံတန်ရုံ အချုပ်ခန်းမှာ ဘယ်ထည့်ထားလိမ့်မလဲ”

ထိုအခါ ဝါစဉ်ကြီးဘုန်းတော်ကြီးက....

“တင့်ပါ့ဘုရား တပည့်တော် မသိလို့လျှောက်မိတာကို ခွင့်လွှတ်တော်မူပါ”

“ကိုယ်တော်ကို ခွင့်လွှတ်ဖို့မလိုပါဘူး...မသိရင်မေး မစင်ရင်ဆေးတဲ့ ကိုယ်တော်မသိလို့မေးတာကို ကျုပ်ကဖြေရမှာပေါ့”

“တင်ပ့ါဘုရား”

“သူ့ကို သံမဏိအချုပ်ခန်းထဲထည့်ထားရင် သူဟာ လွယ်လွယ်ကူကူနဲ့ မထွက်နိုင်ပါဘူး... နောက်ပြီး အပြင်က စက်ယန္တရားများ တပ်ဆင်ထားရင် သူဟာ လုံးဝမထွက်နိုင်တော့ဘူးပေါ့၊ ဒါတင်မကဘူး ရှောင်လင်ကျောင်းတော်က အစောင့်အရှောက်တွေကို အဲဒီကိုပို့ထားဦးမှာပါ၊ ကဲ... ဒီ ဖန်ကောက်တင် ဘယ်လိုထွက်ပြေးနိုင်ဦးမှာ လဲ”

“တင့်ပါဘုရား ရေပက်မဝင်အောင် ကောင်းတဲ့အစီအစဉ်ပါပဲ”

အဖွဲ့ချုပ်ဆရာတော်ကြီး၏စကားသည် အဆုံးစွန်ပြောကြားလိုက်ခြင်းဖြစ်ကြောင်း ရောက်ရှိနေသောဝါစဉ်ကြီးဘုန်းတော်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြီးများက သိရှိထားကြသည်။

ဆရာတော်ကြီးသည် ယခင်အခါက ဤသို့ရှည်လျားစွာ တစ်ကြိမ်မျှ ပြောကြားခြင်းမရှိခဲ့ပေ။

သူတို့သည် ဖမ်းဆီးမိပြီး စစ်ဆေးလိုက်သောအခါမှ ကျောက်စိမ်းပလွေရှင်ဖန်ကောက်တင်ဖြစ်ကြောင်း သိရှိကြခြင်းဖြစ်သည်။

ကျောက်စိမ်းပလွေရှင်ဖန်ကောက်တင်ဆိုလျှင် အထင်သေး၍မရကြောင်း သူတို့သိကြသည်။

အောက်လမ်းသိုင်းလောကတွင် ကျောက်စိမ်းပလွေရှင်သည် ဘုရင်ဖြစ်နေသည်မဟုတ်ပါလော။

ထို့ကြောင့်လည်း ရှောင်လင်အဖွဲ့ချုပ်ဆရာတော်ကြီးက ရေပက်မဝင်သည့်အစီအစဉ်ဖြင့် ကျောက်စိမ်းပလွေရှင်အား ချုပ်နှောင်ထားရန်ကြံစည်ခြင်းဖြစ်သည်။

ရှောင်လင်ကျောင်းတော်သည် အရာရာလျှို့ဝှက်သိုသိပ်ပေသည်။

သို့စဉ်လျက် ဖန်ကောက်တင်ကဲ့သို့သော သူမျိုးက ရှောင်လင်ဘုန်းတော်ကြီးအဖြစ် နှစ်ရှည်လများ အောင့်အည်းသည်းခံပြီး ရှောင်လင်သိုင်းကျမ်းများကိုခိုးယူရန် ကြံစည်သကဲ့သို့ အခြားသူလျှို၊ ဒလန်၊ သစ္စာဖောက်များသည်လည်း ရှောင်လင်ကျောင်းတော်အတွင်းသို့ လျှိုဝင်မနေဟု မည်သူပြောနိုင်ပါအံ့နည်း။

ရှောင်လင်ကျောင်းတော်မှ သတင်းတစ်ခုသည် အောက်



လမ်းသိုင်းလောကသို့ သစ္စာဖောက်တစ်ယောက်မှ တစ်ဆင့်မပို့နိုင်ဟု မည်သူပြောနိုင်ပါမည်နည်း။

"ဟုတ်တယ်၊ ဆရာတော်ကြီး အမိန့်ရှိသလို အားလုံးသတိဝီရိယရှိမှ ဖြစ်လိမ့်မယ်"

ဝါစဉ်ကြီးက ကိုယ်တော်များက တစ်ယောက်စီပြောဆိုကြလေ၏။

ရှောင်လင်ကျောင်းမှာ ဝါစဉ်ကြီးဘုန်းတော်ကြီးများသည် စကားပြောရာ၌ ဆန္ဒမစောကြချေ။

စကားပြောလျှင် အားလုံးဖြည်းဖြည်းဆေးဆေးပင် ပြောကြ၏။

သိုင်းပညာအရာတွင်လည်း အားလုံးအဆင့်မြင့်သည့် ဘုန်းတော်ကြီးများပင်ဖြစ်သည်။

တော်ရုံတန်ရုံ သိုင်းသမားတော့ ကျောကော့၍ ပြေးရမည့် ဘုန်းတော်ကြီးများပင်။

အစည်းအဝေးသည် ပြီးဆုံးသွားခဲ့လေပြီ။ ဘုန်းတော်ကြီးများသည် ဂိုဏ်းချုပ်ဆရာတော်ကြီးအား ဝတ်ပြုလျက် ထွက်ခွာသွားကြ၏။

ထွက်ခွာသွားသောဘုန်းတော်ကြီးများသည် အားလုံးစုရုံးထွက်ခွာခြင်းမဟုတ်ပေ။ တစ်ပါးစီ ထွက်ခွာသွားကြခြင်းဖြစ်သည်။

ထိုသို့ထွက်ခွာသွားသော ဝါစဉ်ကြီး ဘုန်းတော်ကြီးတစ်ပါးသည် လူရိပ်လူခြည်ကိုကြည့်လျက် စာလိပ်တစ်လိပ်ကို ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှပစ်ချလိုက်သည်။

လှရိပ်တစ်ရိပ်သည် ပြတင်းပေါက်အနီးသို့လှစ်ခနဲရောက်လာသည်။

သူသည် စာလိပ်ကလေးကိုကောက်ယူလိုက်ပြီး လှစ်ခနဲထွက်ပြေးပျောက်ကွယ်သွားတော့၏။

ထိုသူ မည်သူနည်း။

( ၂ )

## ကယ်တင်ချင်သူများ

လူသုံးယောက် ဝိုင်းဖွဲ့ဆွေးနွေးနေကြ၏။

သူတို့တွေ ဆွေးနွေးနေသောအကြောင်းအရာမှာ ကျောက်စိမ်းပလ္လေဖန်ထောက်တင် အား ကယ်တင်နိုင်ရေးပင်ဖြစ်၏။

"ဒီအတိုင်းဆိုရင် ကျောက်စိမ်းပလ္လေရှင်အတွက် ဘယ်လိုကယ်ရမယ်ဆိုတာ အစီအစဉ်ရေးဆွဲမှုဖြစ်မယ်"

"မကယ်လို့မဖြစ်တော့ဘူးလေ၊ ရှောင်လင်ကျောင်းတော်က သူ့ကိုအပြစ်ပေးလိုက်ပြီပဲ"

"အပြစ်ပေးတာကလဲ တော်တော်ကျဉ်းကျပ်တယ်... အဲဒီအကျဉ်းခန်းထဲမှာ အသက်သေဆုံးရဖို့တော့ အကြောင်းရှိတယ်"

"ဟုတ်တယ်၊ အကျဉ်းခန်းက သိပ်လုံခြုံခိုင်ခံ့တယ်လို့ သတင်းကြားတယ်"

"ကယ်ရမှာပေါ့... ကျောက်စိမ်းပလ္လေရှင်ကို မကယ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူမျိုးကိုကယ်ရမှာလဲ… သူဟာ တို့ဆရာပဲ”

ဆွေးနွေးသူများသည် တစ်ယောက်တစ်ပေါက်ပြောဆိုနေကြတော့၏။

တိုင်ပင်ဆွေးနွေးနေသူများမှာ ကျောက်စိမ်းပလ္လေရှင် ဖန်ကောက်တင်၏ တပည့်များပင်ဖြစ်တော့၏။

သူတို့သည် ရှောင်လင်ကျောင်းတော်မှ လျှို့ဝှက်သတင်းကို ကြိုတင်တွက်ဆထားသည့်အတိုင်းပင် သူလျှိုများမှ တစ်ဆင့်ရရှိခဲ့၏။

“ကျောက်စိမ်းပလ္လေရှင်ကို နှင်းတောင်မှာ ဖမ်းထားတယ် ဆိုတာသေချာရဲ့လား”

ကျောင်းချုပ်က သေချာအောင်ထပ်မံ၍ မေးမြန်းလိုက်သည်။ ကျောက်ဖိန်က….

“ဒီကိစ္စထက် ခိုင်လုံတဲ့သတင်းရှိဦးမလား ကျောင်းချုပ်ရဲ့၊ ဒီကိစ္စဟာ အရေးကြီးဆုံးကိစ္စ၊ ဘယ်သူကမှ ပေါ့ပေါ့ဆဆသတင်းမပို့ဘူး၊ သတင်းမှားကို မပို့ဘူး၊ အင်မတန် အရေးကြီးလွန်းလို့သာ သူတို့သတင်းပို့တာ”

ကျောက်ဖိန်က ခပ်မာမာပြောလိုက်သောအခါမှာ ကျောင်းချုပ်ငြိမ်ကျသွားတော့၏။

ကျောက်ဖိန်၊ ကျောင်းချုပ်နှင့် ချင်ဖုန်ဖုံးတို့သည် ဖန်ကောက်တင်၏တပည့်ရင်းများဖြစ်ကြ၏။ ဖန်ကောက်တင်အားလည်း တကယ်လေးစားကြည်ညိုသူများသာ ဖြစ်ပေသည်။

ဆရာဖြစ်သူ ဖန်ကောက်တင်ရှိစဉ်ကမူအောက်လမ်းသိုင်း



လောက၌ လူပေါ်လူဇော်လုပ်နိုင်ခဲ့သည်။ အောက်လမ်းသိုင်းလောကသမားများသည် သူတို့အား မလှန်ရဲခဲ့ချေ။ ယခု ဆရာမရှိတော့ သူတို့၏သြဇာအာဏာလည်း မရှိတော့ချေ။

သူတို့သည် ပုံပန်းကျသူများမဟုတ်သော်လည်း သိုင်းပညာကိုအဆင့်မြင့်တတ်မြောက်ထားသူများ ဖြစ်တော့သည်။

“မြေပုံပေးစမ်းကွာ”

ကျောက်ဖိန်၏လက်ထဲမှ မြေပုံကို ချင်ဖုန်ဖုံးက ဆတ်ခနဲလှယူလိုက်၏။ ထို့နောက် ဟန်နှင့်ပန်နှင့် မြေပုံကိုကြည့်နေတော့၏။

ချင်ဖုန်ဖုံး၏မြေပုံကြည့်နေပုံကို ကျန်နှစ်ယောက်ကကြည့်ပြီး ပြုံးမိကြလေသည်။

“ဟကောင်ရ မြေပုံကို ဘယ်လိုကြည့်နေတာလဲ”

ကျောင်းချုပ်က မေးလိုက်သည်။

“ဘာဖြစ်သလဲ ငါတို့ဆရာ ကျောက်စိမ်းပလ္လေရှင်ကို ဘယ်မှာချုပ်ထားသလဲလို့ကြည့်နေတာ ဘာဖြစ်လို့လဲ”

ကျောက်ဖိန်က တဟားဟားရယ်ရင်း ချင်ဖုန်ဖုံး၏လက်ထဲမှ မြေပုံကိုလှည့်ပေးလိုက်သည်။

“သောက်ကန်းရ မင်းမြေပုံကြည့်နေတာ ပြောင်းပြန်ကြီးဟ၊ ဟောဒီလို ကြည့်”

“သိပါတယ်ကွာ၊ ငါက မြေပုံကို တည့်တည့်မကြည့်သေးဘဲနဲ့ လျှောက်လေ့လာနေတာပါ… မင်းဆရာ မလုပ်ပါနဲ့… လူတွေကြားရင် ငါ့ကိုအထင်သေးပါဦးမယ်”

www.burmeseclassic.com

www.burmeseclassic.com



ချင်ဖုန်ဖုံးက ဟန်နှင့်ပန်နှင့်ပြန်ပြောလိုက်သဖြင့် ကျောက်ဖိန်နှင့် ကျောင်ချူးတို့က တဟားဟားရယ်ကြလေသည်။

ထို့နောက် သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး မြေပုံကို ကြည့်ကြလေသည်။

"ချုပ်ထားတဲ့နေရာကတော့ ရှောင်လင်ကျောင်းနဲ့အတော်ဝေးတာပဲ"

"အေး... ဟုတ်တယ်ကွ"

"နှင်းတောင်မှာ ဖမ်းထားတယ်ဆိုတာ သေချာရဲ့လား"

"သေချာပါတယ် ကျောင်ချူးရာ၊ ဒီကိစ္စဟာ အရေးအကြီးဆုံးပဲ၊ သတင်းပို့တဲ့လူက တယ်ပေါ့ပေါ့ဆဆ သတင်းပို့လိမ့်မလဲ"

ကျောက်ဖိန်က ကျောင်ချူးကိုပြောလိုက်သည်။

"ကျောက်ဖိန်၊ ကျောင်ချူးနှင့်ချင်ဖုန်ဖုံးတို့သည် သူတို့၏ကျဆင်းနေသောသြဇာကိုပြန်တက်အောင် ပြုလုပ်လိုက်ကြသည်။ သူတို့ချည်းတော့ ပြန်တက်အောင် မလုပ်နိုင်ပေ။

ထို့ကြောင့် သူတို့သည် ဆရာကိုတနေကြသည်။ ဆရာကို ပြန်လည်လွတ်မြောက်စေလိုသည်။ သို့မှသာ အောက်လမ်းသိုင်းလောကဌ် သြဇာတိက္ကမ ပြန် တက်လာမည်မဟုတ်ပါလား။

သူတို့ဆရာနှင့်အတူရှိနေစဉ်က သူတို့သည် လက်ညှိုးညွှန်ရာရေဖြစ်ခဲ့သည်။

ယခုတော့ သူတို့ကို မည်သူကမျှ ဂရုမစိုက်ကြတော့ချေ။ သူတို့သည် အောက်လမ်းသိုင်းလောကဌ် သူတို့၏လွှမ်းမိုးနိုင်မှုမရှိပုံကို စိတ်ပျက်လာခဲ့ကြသည်။



ချင်ဖုန်ဖုံးသည် မြေပုံစာရွက်ကိုခေါက်သိမ်းလိုက်သည်။

"ရှောင်လင်ကျောင်းက ဘုန်းကြီးတွေကိုအထင်သေးလို့မဖြစ်ဘူး ကျောင်ချူး၊ သူတို့ကျောင်းနဲ့ဝေးတဲ့နေရာမှာလဲ ချုပ်ထားတယ်၊ အစောင့်အကြပ်ကလဲ နည်းနည်းကလေးထားတယ်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာတစ်ခုမှမဟုတ်ဘူး၊ တို့ကယ်နိုင်ခွင့်ရအောင် သဘာဝတရားက ဖန်တီးလိုက်တာပဲ၊ ငါတို့သွားမယ်၊ ဘာမှအခက်အခဲမရှိနိုင်ဘူး"

ကျောင်ချူးက....

"မင်း လျှော့မတွက်နဲ့ ဆရာကိုယ်တိုင် ကျောင်းဝင်းအတွင်းရှိပြီး ငါတို့နဲ့ဆက်သွယ်တော့ သူဆည်းပူးလေ့လာသင့်တဲ့ပညာတွေ ရှောင်လင်ကျောင်းဝင်းထဲမှာ အများကြီးရှိတယ်လို့ရေးသားခဲ့တယ်၊ မင်းတို့ အဲဒါတွေမေ့သွားပြီလား"

ကျောက်ဖိန်က....

"ဒါတွေ အသာထားပါကွာ၊ ငါတို့နှင်းတောင်ကို ဘယ်တော့ခရီးထွက်မှာလဲ"

ချင်ဖုန်ဖုံးက ခေါင်းညိတ်သည်။

"လမိုက်ည"

ကျောင်ချူး အံ့အားသင့်သွားသည်။

"ဘာ... ဘယ်လို မင်းရူးသလား၊ ငါတို့အားလုံး သချိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကုန်းသွားသလိုဖြစ်နေလိမ့်မယ်၊ လမရှိတဲ့ညသွားမှတော့ကွာ အားလုံးသေရွာသွားသလို ဖြစ်နေမှာပေါ့”

ချင်ဖုန်ဖုံးသည် သူ့အကျီပေါ်ရှိစက်ဝိုင်းအဖြူနှင့်အမည်းစက်နှစ်စက်ပါရှိသည့်တံဆိပ်ကို လက်ညှိုးထိုးပြလိုက်လေသည်။

“ငါ့ပညာစွမ်းနဲ့ဆရာကို ကယ်တင်မလို့ပါကွာ”

ကျောက်ဖိနက ဒေါသသံနှင့်ပြောလိုက်သည်။

“ဒါဆိုလဲ မခက်ပါဘူး၊ မင်းတစ်ယောက်တည်း သွားကယ်ပေါ့ကွာ၊ အဲဒါ ပြီးတာပဲ”

ကျောက်ဖိန်က အရွဲ့တိုက်ပြောလိုက်ခြင်းဖြစ်သည်။

“ဟာ ရောင်းရင်းတွေကို ဒီလိုသွေးကွဲနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ တို့သွားလို့ရန်သူက ဘယ်လိုတုံ့ပြန်မလဲဆိုတာ ဘယ်သူမှမသိနိုင်သေးပါဘူး”

“တို့သုံးယောက် သဘောထားကွဲနေမှ အားလုံးမသာဖြစ်ကုန်မှာ”

ချင်ဖုန်ဖုံးက မျက်နှာမသာမယာဖြင့် ပြန်ပြောလေ၏။

ထိုအခါ ကျောင်ချူးက....

“အားလုံးညီညီညွတ်ညွတ် လုပ်ကြပါကွာ၊ ဒါမှ ငါတို့သွားတဲ့ကိစ္စအောင်မြင်မှာ၊ ငါတို့ဟာ ငါတို့ဆရာကိုကယ်ဖို့လုပ်မှာလား အချင်းချင်းရန်ဖြစ်နေမှာလား ပြောကြ”

ထိုအခါ အားလုံးငြိမ်ကျသွားလေတော့သည်။ ကျောက်ဖိန်က ပြောလိုက်သည်။



“နှင်းတောင်လို ညဘက်သွားမှဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မှောင်မိုက်နေမှ ရန်သူတွေကိုအလစ်အငိုက်ဖမ်းလို့ ရနိုင်တယ်”

“ဒါပေမယ့် လမိုက်ညကြီးတွေ ငါတို့သွားလို့မသင့်လျော်ဘူး၊ ရန်သူကို အလိုက်အငိုက်ဖမ်းဖို့ထက် ရန်သူက ငါတို့ကိုအလစ်အငိုက် ဖမ်းသွားရင် ပိုခက်လိမ့်မယ်”

ကျောက်ဖိန်သည် သူတို့သုံးယောက်နက် အတွေ့အကြုံအများဆုံးလူဖြစ်သည်။ တကယ်တမ်း လေးလေးနက်နက်ပြောသောအခါ အားလုံးနားထောင်ကြရသည်။

ကျောက်ဖိန်က ဆက်ပြောသည်။

“ငါတို့နှင်းတောင်ခြေကို အလျင်ရောက်အောင် သွားကြရမယ်၊ ဒါမှ အခြေအနေကိုလေ့လာနိုင်မယ်၊ ပတ်ဝန်းကျင်အနေအထားကိုကြည့်ပြီး ဆရာကိုဘယ်မှာချုပ်နှောင်ထားသလဲဆိုတာ ရှာရမယ်”

“အဲဒါကိုလေ့လာပြီးမှ အချုပ်ခန်းကိုဝင်စီးရင် ကောင်းမယ်”

“ကျောက်ဖိန်ပြောတာ မှန်တယ်၊ အားလုံးကိုအခြေအနေကြည့်ပြီးမှ လုပ်သင့်တယ်”

သုံးယောက်သား ခေါင်းညိတ်ကြလေသည်။ အားလုံးသဘောတူညီချက်ရရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

သုံးဦးအစွမ်း

နှင်းတောင်တန်းကြီးအား ရှုမျှော်၍မဆုံးတော့ပေ။

ဆီးနှင်းများ ဖုံးလွှမ်းထားသဖြင့် ဖွေးဖွေးဖြူနေသည်
နှင်းတောင်တန်းကြီးမှာကြည့်လေရာရာ အဖြူရောင်သာမြင်နေ
သည်။

သူတို့သုံးယောက်သည် ခရီးပြင်းနှင်လာကြ၏။ သူတို့
သည်မှာ ကျောက်ဖိနပ်၊ ကျောင်းချူးနှင့် ချင်ဖုန်ဖုံးတို့ပင် ဖြစ်ကြသည်

သူတို့သည် နေရောင်ခြည်ပြူထွက်လာသည်နှင့် အခို
ကိုက်နှင်းတောင်သို့ရောက်ရှိလာကြသည်။

နှင်းပြင်ပေါ်သို့နေရောင် ကျရောက်သောအခါ အလွန်ပြင်
ထန်သောရောင်ပြန်ဟပ်မှုဖြစ်ပေါ်သဖြင့် သူတို့သည် နှင်းပြင်ကို
မကြည့်ရဲချေ။

သူတို့သည် တစ်ကိုယ်လုံး နှင်းမှု ဖွေးဖွေးဖြူနေကြ



မြင်းများဖြင့် လာကြခြင်းဖြစ်ရာ မြင်းများပေါ်၌လည်း နှင်းများဖွေး
နေ၏။

မနားတမ်း ခရီးဆက်ခဲ့ခြင်းဖြစ်ရာ မြင်းများသည်ပင် လှုပ်
လှုပ်သာ လှမ်းနိုင်တော့သည်။

"ငါတို့လမ်းဆင်းလျှောက်တာက ပိုမြန်လိမ့်မယ်ထင်တယ်"

ကျောက်ဖိနပ်သည် မြင်းများသွားနေပုံကို စိတ်မရှည်တော့
ပေ။ ထို့ကြောင့်လည်း ညည်းညူပြောဆိုလိုက်လေ၏။

ချင်ဖုန်ဖုံးက....

"မဟုတ်တာဘဲကွာ၊ ငါတို့က မြင်းတွေကို ဒီအအေးကြီးထဲ
မှာ ဒီအတိုင်းပစ်ထားခဲ့လို့ ဘယ်တော်ပါ့မလဲ၊ မင်းပဲ စဉ်းစားကြည့်ပါ
ဦး"

ထိုအခါ ကျောင်းချူးက....

"ဟော့ကောင် ချင်ဖုန်ဖုံး၊ မြင်းတွေကို ငါတို့ပစ်မထားချင်လို့မ
ရဘူးလေ၊ ကြည့်လေ၊ ဒီလောက် ဆီးနှင်းတွေကျပြီး လမ်းပျောက်ပြီး
ဒုက္ခရောက်နေရတဲ့အထဲ မြင်းတွေပေါ်မှာ မင်း သံယောဇဉ်ထားနေ
သို့ ရမလား၊ မြင်းတွေအပေါ်သံယောဇဉ်ထားနေရင် မင်းပဲဒုက္ခ
ရောက်မှာ"

ချင်ဖုန်ဖုံးသည် သူ့စကားမှားသွားမှန်းသိ၍ ငြိမ်နေလိုက်ရ
လေ၏။

ချင်ဖုန်ဖုံးသည် ပျော့ညံ့သောလူတစ်ယောက်မဟုတ်ချေ။
ပုံရည်နှင့်ခန္ဓာကို သစ်ခုတ်သမားတစ်ယောက်ကဲ့သို့ ကြံ့ခိုင်

www.burmeseclassic.com

www.burmeseclassic.com



တမ်းရင့်ရော်လျက်ရှိသည်။ သို့သော်လည်း သူ့စိတ်ကမူ တိရစ္ဆာန်များအပေါ် ကြင်နာသနားတတ်သောစိတ်ရှိလေသည်။

"မြန်မြန်လာစမ်းပါကွာ၊ ရာသီဥတုက စိတ်ချရတာမဟုတ်ဘူး"

ချင်ဖုန်ဖိုးကို ကျောင်းချူးက ဆွဲခေါ်လာသည်။ ဆီးနှင်းတောင်ထိပ်မှ ဆီးနှင်းများက ဝေါခနဲပြိုဆင်းလာတတ်သေးသည်။

ပြောရင်းဆိုရင်း သူတို့ရပ်နေသည့် တောင်ပေါ်တစ်ဖက်အကြောတွင် အပေါ်မှနှင်းများ ပြိုဆင်းလာသည်။

"ဝေါ... ဝေါ... ဝေါ"

နှင်းများ ပြိုဆင်းလာခြင်းကြောင့် သူတို့ရပ်နေသည့်နေရာဖွံပင် တုန်သွားသည်။

လူသားသုံးယောက်သည် ကိုယ်ကျပ်ဝတ်စုံများကိုဝတ်ဆင်ပြီး အအေးဒဏ်ကိုကာကွယ်ထားခဲ့သော်လည်း အအေးဒဏ်မှာ ကိုယ်ကျပ်ဝတ်စုံကိုထိုးဖောက်ပြီး သူတို့၏ခန္ဓာကိုယ်ကို ဒုက္ခပေးလျက်ရှိ၏။ သူတို့ဝတ်စုံမှာ အအေးဒဏ်ကိုမကာကွယ်နိုင်ချေ။

သူတို့သုံးဦးမှာ စကားမပြောကြဘဲငြိမ်သက်စွာ လမ်းလျှောက်လာကြလေ၏။

"ဟော့... ဟော့... ဒီလိုသွားနေလို့မဖြစ်ဘူး။ ရာသီဥတုအရမ်းဆိုးလာတယ်၊ ငါတို့ လူစုမကွဲအောင် လုပ်ထားရမယ်"

ကျောက်ဖိန်က ပြော၏။

ကျောင်းချူးက....



"ဘယ်လိုလုပ်မလဲ"

"တို့သုံးယောက် ကြိုးနဲ့ချည်ထားရင် လူစုမကွဲနိုင်တော့ဘူးပေါ့"

"အေး... ကောင်းတယ်၊ လုပ်လေကွာ"

ကျောက်ဖိန်သည် သူတို့သုံးယောက်ကိုကြိုးဖြင့် ချည်လေ၏။ အားလုံးကြိုးချည်ပြီးသောအခါ ခရီးဆက်ကြသည်။

သို့သော် လူတိုင်းက္ကန္ဓေရှရမလျှောက်နိုင်သဖြင့် ဒယီးဒယိုင်ဖြစ်နေကြသည်။

"ငြိမ်ငြိမ်လျှောက်ပါ ကျောက်ဖိန့်ရဲ့"

"မင်းက ငါ့ကိုငြိမ်ငြိမ်လျှောက်ပါလို့ မပြောနဲ့၊ ရှေ့မှာ လမ်းမမြင်ရဘူးကွ သိရဲ့လား"

သူတို့သည် ဆက်၍လျှောက်ကြပြန်၏။

ထိုစဉ် ကျယ်လောင်သောအသံကြီးသည် ရုတ်တရက်ထွက်လာလေ၏။

"ဟ... ဟ ကြည့်ပါဦး၊ ဘယ်သူပြုတ်ကျသလဲ"

အပေါ်မှလူနှစ်ယောက်သည် ပြုတ်မကျစေရန် တွေ့သည့်အရာကိုလက်နှင့်ကိုင်ဆွဲပြီး အော်လိုက်ကြ၏။ ကျသွားသောသူမှာ ကျောင်းချူးတည်း။

သုံးယောက်စလုံးကို ကြိုးနှင့်ချည်ထားသဖြင့် ကျောင်းချူးပြုတ်ကျသွားသော်လည်း ကျန်နှစ်ယောက်က မိရာကိုဆွဲထားသဖြင့် ကျောင်းချူးမှာ တောင်အောက်သို့ပြုတ်မကျချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းချူးမှာချောက်ထဲ၌ ကားရားကားရားဖြစ်နေရှာသည်။

ကျောက်ဖိန်သည် သူ၏ကျောက်ဆူးကြိုးကိုပစ်၍ သူတို့အထက်၌ ချိတ်လိုက်ရ၏။ သို့မှသာ သူတို့အားလုံး စိတ်ချရမည်မဟုတ်ပါလား။

“အားလုံး ကိုယ်ဖော့ပညာနဲ့ ထိန်းထားကြဟေ့”

ကျောက်ဖိန်က အော်လိုက်၏။ အမှန်မှာ အော်ရန်မလိုပါ။ ကျောင်းချူး ကျသွားကတည်းက ကိုယ်ဖော့ပညာသုံး၍ ထိန်းထားကြပြီးဖြစ်ပါသည်။

ကျောင်းချူးမှာ ချောက်ထဲမှအပေါ်သို့ရောက်ရန် အပြင်းအထန်ကြိုးစားနေရရှာသည်။

ကျောက်နံရံတစ်လျှောက်ဆီးနှင်းများကျ နေရာကျောင်းချူးမှာ မီတွယ်ရာမရနိုင်ဘဲ တဝဲဝဲတလည်လည်ဖြစ် နေတော့သည်။

“ဂီး... ဂီး... ဂီး”

“ကျောင်းချူး ငြိမ်ငြိမ်နေ လုံးဝမလှုပ်နဲ့”

နှင်းတောင်၏အောက်ခြေရှိ လိုဏ်ဂူများအတွင်း၌ ရှိနေသော သွေးစုပ်လင်းနို့များမှာ အလွန်ကြောက်စရာကောင်းလှသည်။

အပူပိုင်း၌ တွေ့မြင်ကြရသောသတ္တဝါများထက်ကြီးထွားပြီး ပြင်းထန်စူးရှသည့်အဆိပ်များရှိသည့် သွေးစုပ်လင်းနို့များမှာ လူနှံရသောကြောင့် ယခုကဲ့သို့ အသံပြုခြင်းဖြစ်သည်။

ကျောင်းချူးကလည်း ကျောက်တုံးနံဘေးအသာကပ်၍ အ



သံများကြားရာဆီသို့ငြိမ်သက်စွာ ကြည့်ရှုနေလိုက်သည်။

အောက်ဘက်လိုဏ်ဂူများဆီမှ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရသေးပေ။

မကြာမီ မီးခဲမျက်လုံးများကိုသာ တွေ့ရသည်။ တောင်ပံများ တဖျပ်ဖျပ်ခတ်သံကိုကြားလိုက်ရသည်။

“ဂီး”

“ဝှီး”

“ဒုတ်”

“ဘုတ်”

တိုက်ခိုက်ရန် ဦးဆောင်ပျံသန်းထွက်ပေါ်လာသည့် လင်းနို့ကြီးတစ်ကောင်အား ချင်ဖုန်ဖုံးက လက်နက်ပုန်းဖြင့်တိုက်ခိုက်လိုက်သည်။

လေ့ကျင့်မှုအပြည့်အဝရှိသော တိုက်ခိုက်ချက်ဖြစ်သဖြင့် လင်းနို့ကြီးမှာ ဘုတ်ခနဲကျသွားလေ၏။

အလင်းရောင်ထဲသို့ထွက်လာသောလင်းနို့ကြီးမှာ ကြီးမားလှသည်။ လူကြီးလက်မောင်းနှစ်ပြန်စာရှိသဖြင့် အားလုံးမျက်လုံးပြူးသွားကြလေ၏။

ဤမျှကြီးမားသော လင်းနို့ကြီးများကို သူတို့မမြင်ဘူးကြပေ။

များပြားလှသောလင်းနို့များကိုမူ သိုင်းပညာမည်မျှကျွမ်းကျင်စေ သူတို့ကြောက်ကြသည်။ သွေးစုပ်လင်းနို့များ မည်မျှအဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သည်ကို သူတို့သိရှိကြသည်။

အဆိပ်လင်းနို့များသည် သူတို့၏ရှေ့ဆောင် လင်းနို့ကျသွားသည်ကိုသိရှိကြသဖြင့် အားလုံးသောင်းကျန်းကြတော့၏။

"ဂီ... ဂီ... ဂီး"

"ဖျပ်... ဖျပ်... ဖျပ်"

"ဖြန်း... ဖြန်း... ဖြန်း"

"တက်... တက် ကျောင်ချူး မြန်မြန်တက်"

ကျောင်ချူးသည် အားယူဆွဲတက်လိုက်ရ၏။

"ဖတ်"

သူသည် အပေါ်သို့ရောက်ရှိလာလေ၏။ ထိုအချိန်၌ ကျောက်လိုဏ်ဂူများထဲမှ လင်းနို့များသည် တဝုန်းဝုန်းနှင့် ပျံထွက်လာကြလေပြီ။

ကျောက်ဖိန်နှင့် ချန်ဖုန်ဖုံးတို့သည် ပထမ၌လင်းနို့များကို မည်သို့မျှ မလုပ်ရဲချေ။

ကျောင်ချူးကိုသာ အမိအရဆွဲတင်နေရသည်။ ကျောင်ချူး အပေါ်သို့ရောက်မှ တဝုန်းဝုန်းနှင့်ပျံသန်းလာသော လင်းနို့များစုပြုံတိုးထွက်နေသည့် ဂူပေါက်ဝကိုမျက်တောင်မခတ်ကြည့်နေမိ၏။

"ငါလုပ်လိုက်မယ် ဟေ့"

"ကြည့်လုပ်နော်"

ကျောက်ဖိန်၏အသံက ပေါ်လာသည်။

ချင်ဖုန်ဖုံးသည် မည်းမည်းအလုံးကလေးတစ်လုံးကို ပစ်



ထည့်လိုက်၏။

"ဝုန်း"

ကြီးမားသောအသံကြီးမြည်ဟည်းထွက်ပေါ်လာပြီး မီးခိုးများ ဖုံးလွှမ်းသွားလေတော့သည်။

မြည်ဟည်းသံကြီးက ကြီးမားကျယ်လောင်လှသည်။ ထိုကြီးမားသောအရှိန်ကြောင့် နှင်းခဲများ ပြိုကျလာတော့သည်။

"ဝေါ... ဝေါ... ဝေါ"

"ဝေါ... ဝေါ... ဝေါ"

အသံ၏တုန်ခါမှုသည် ဤသို့ပင် နှင်းခဲများကို ပြိုကျစေသည်။ နှင်းခဲများသည် သွေးစုပ်လင်းနို့များပေါ်သို့လည်း ကျသည်။

တောင်စောင်း၌ တွယ်ကပ်နေသော ကျောက်ဖိန်တို့သည် နှင်းခဲများနှင့်အတူ ပါမသွားစေရန် ကုတ်တွယ်ဖက်ထားကြရလေသည်။

ကံကောင်းသည်မှာ ထုထည်လိုက်ပြိုကျသော နှင်းခဲများသည် သူတို့ဘက်၌ပြိုမကျခြင်းပေတည်း။ သူတို့ဘက်၌ အဖျားအနားသာ ပြိုကျပေသည်။

သို့သော် သူတို့သုံးယောက်ကိုမူ ဆီးနှင်းများ ဖုံးအုပ်သွားသည်။ သူတို့သုံးယောက် ဆီးနှင်းများအောက်မှ ရုန်းထွက်လာသော အခါ မျောက်ဖြူသုံးကောင်ကဲ့သို့ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ( ၄ )

## ကယ်တင်ရန်အစီအစဥ်

"ကံကောင်းလို့ပေါ့ကွာ၊ မင်းလုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ သွေးစုပ်လင်းနို့ကိုက်လို့မသေဘဲ ရေခဲတောင်ပြိုကျပြီး သေတော့မလို့"

ကျောက်ဖိန်က ချင်ဖုန်ဖုံးအား ဖိ၍ကြိမ်းလိုက်၏။

ချင်ဖုန်ဖုံးက....

"ဟာ... ငါ့ကိုလဲ အပြစ်မတင်နဲ့လေ၊ ဒီလိုမှမလုပ်ရင် ဘယ်လိုလုပ်မလဲ၊ ငါ ယမ်းထုပ်နဲ့ပေါက်မှသာ ဒီကောင်တွေသေမှာပေါ့၊ အစုလိုက်အပြုံလိုက်သေအောင် လုပ်ရတာကွ"

ထိုအခါ ကျောင်ချူးက....

"အပြစ်ပြောမနေကြပါနဲ့ကွာ၊ ငါ့ကိုယ်သာ အပြစ်တင်ကြပါ၊ ငါက ချော်ကျခဲ့တာကိုး၊ ငါ့အပြစ်ပါကွာ၊ ကဲ... ငါတို့ဒီပုံစံအတိုင်း



ရှေ့ဆက်သွားလို့မဖြစ်ဘူးကွ"

ကျောက်ဖိန်က....

"ဆက်မသွားလို့ ဘယ်လိုလုပ်ရမလဲကွ"

"ဂူတစ်ခုခုကိုရှာပြီး ခဏလောက်နားကြမယ်ကွာ"

"အေး... ကောင်းတယ်"

"ဒါဖြင့် ဂူရှာကွာ၊ နှင်းတောင်မှာ ဂူကိုရှာဖို့တော့ ခပ်ခက်ခက်ကွ"

သူတို့သည် ရှေ့ဆက်မသွားတော့ဘဲ ဂူတစ်ဂူဂူကိုတွေ့အောင် ရှာဖွေကြတော့၏။ မကြာမီ သူတို့သည် ဂူကိုရှာဖွေတွေ့ရှိသွား၏။

သုံးယောက်စလုံး ဝမ်းသာအားရဖြစ်သွားကြသည်။ သူတို့ ဂူထဲသို့ဝင်ကြသည်။

ဂူအပြင်ဘက်၌ နှင်းများပိုကျလာသည်။ သူတို့ ထိုဂူကိုရှာဖွေတွေ့ရှိရသည်မှာ ကံကောင်းသည်ဟု ပြောဆိုမိကြသည်။

"ငါတို့ကံကောင်းတယ်ကွ၊ ဒီဂူကိုရှာမတွေ့ရင် အအေးဒဏ်နဲ့ ဒုက္ခရောက်နိုင်တယ်"

ကျောင်ချူးက ပြော၏။

"အေး... ဟုတ်တယ်"

ကျောက်ဖိန်ကလည်း ဝန်ခံ၏။

ချင်ဖုန်ဖုံးကမူ ဘာမျှမပြောဘဲ ငြိမ်နေသည်။

သူသည်ပါလာသည့် ဝက်ဝံဖြူအရေခွံတစ်ခုကိုခြုံ၍ ငြိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



၏။

သူတို့သုံးယောက်တွင် ဝက်ဝံအရေခွံတစ်ခုသာပါလာရာ တစ်ယောက်တစ်လှည့်စီ ခြုံကြရ၏။ ခြုံသော်လည်း အနွေးဓာတ်မရပေ။

ဂူမှာလည်း သုံးယောက်ခိုလှုံရရုံလောက်သာ ကျယ်ဝန်းသည်။ ထို့ကြောင့် မီးဖို၍မရဘဲရှိသည်။

ကျောင်ချူးက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်၏။

"ဆရာကြီးနဲ့ပတ်သက်လို့ ငါ့ရင်ထဲမှာ မေးစရာ မေးခွန်းကလေးတွေရှိတယ် ကျောက်ဖိန်"

"တာများလဲကွ"

ကျောက်ဖိန်က ပြန်မေးလိုက်၏။

"ဆရာကြီးဟာ ရှောင်လင်ကျောင်းက သိုင်းကျမ်းတွေရသွားတယ်လို့ သိရတယ်၊ ဒီသိုင်းကျမ်းတွေကို ရှောင်လင်ကျောင်းက ပြန်သိမ်းမိသွားပြီလား"

"ဒါတော့ ဘယ်သိမလဲကွ၊ ပြန်သိမ်းရင်သိမ်းသွားမှာပေါ့၊ ဒါပေမယ့် တို့ဆရာကြီးက ဉာဏ်ကောင်းတယ်၊ ဒီသိုင်းကျမ်းတွေကို သူအာဂုံဆောင်ချင်ဆောင်နိုင်မှာကွ"

"ဆရာကြီး အဲဒီလိုအာဂုံဆောင်နိုင်ရင် ငါတို့သုံးယောက်အတွက် ဘယ်လိုအကျိုးခံစားခွင့်ရှိမှာလဲ"

ကျောက်ဖိန် တွေဝေသွားသည်။

ချင်ဖုန်ဖုံးက....



"ဒီမေးခွန်းကို ငါတို့ကိုမမေးနဲ့ ကျောင်ချူး၊ ဆရာကြီးကို မင်းကိုယ်တိုင် မေး"

"ဟာကွာ ငါက ငါတို့သုံးယောက်စလုံးအတွက် မေးတာပါ၊ ငါ့တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး၊ မင်းက ငါ့ကိုချောက်တွန်းနေပြန်ပြီ၊ ဆရာကြီးကိုသွားမေးရင် ငါအသတ်ခံရမှာပေါ့ကွာ"

"ဒါလဲသိသားပဲ"

ချင်ဖုန်ဖုံးက ပြောလိုက်၏။

ကျောက်ဖိန်က....

"မင်း ဘာဖြစ်လို့ သိချင်ရတာလဲ"

ကျောက်ဖိန်က ကျောင်ချူးကိုစူးစိုက်ကြည့်ရင်း ပြန်မေးလိုက်သည်။ ကျောင်ချူးသည် မနေတတ် မထိုင်တတ်တော့ပေ။

"မင်းတို့ကလဲကွာ အချင်းချင်းတွေပဲဥစ္စာ၊ ဘာလဲ မင်းတို့က ငါ့ကို သူလျှိုလို့ထင်နေလို့လား"

ကျောင်ချူးသည် မလုံမလဲဖြစ်ပြီးမေးလိုက်၏။

ကျောက်ဖိန်နှင့်ချင်ဖုန်ဖုံးတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးမိကြသည်။

"မင်းကို ဘယ်သူက သူလျှိုထင်တယ်လို့ပြောလို့လဲကွာ"

ထိုအခါ ကျောင်ချူးက....

"ငါတို့ ဆရာကြီးကိုကြည်ညိုလေးစားတယ်ဆိုတာကို မင်းတို့သိပါတယ်ကွာ၊ တကယ်လေးစားကြည်ညိုလို့လဲ ဒီလောက်နှစ်တွေကြာအောင် တပည့်ခံနေခဲ့ကြတာပေါ့၊ ဒီလိုတပည့်ခံတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ ရည်မှန်းချက်တော့ရှိတာပဲ”

သူသည် ဝက်ဝံအရေခွံကိုခြုံလိုက်၏။

“တပည့်ခံတယ်ဆိုကတည်းက ပညာရရင်ရ၊ မရရင် ဥစ္စာရ၊ ဒါမှမဟုတ် နှစ်ခုစလုံးရချင်လို့မဟုတ်လား၊ ဒါကြောင့် ဆရာကြီးဆီက ဘာရနိုင်သလဲဆိုတာ ငါသိချင်တာပေါ့”

ကျောက်ဖိန်က...

“ဟာ... ဆရာကြီးက ငါတို့ကိုတစ်ခုခုပေးမှာတော့ အမှန်ပေါ့ကွာ”

“မင်း ဘယ်လိုလုပ်သိသလဲ”

“သိတာပေါ့ကွာ၊ ဆရာကြီးဟာ အကြံအစည်ကြီးမားပဲ့ လူတစ်ယောက်ကွ၊ သိုင်းလောကကြီးတကွဲတပြားစီ ဖြစ်နေတယ်၊ ဒီအချိန်မှာ အလိုအပ်ဆုံးဟာ တစ်ဖွဲ့တစ်သင်းစည်းလုံးညီညွတ်ရေးပဲ”

“ဒါတော့ ငါလဲ သဘောပေါက်ပါတယ်ကွာ”

“မင်း သဘောပေါက်ပေမယ့် ကျန်တဲ့ သိုင်းသမားတွေ သဘောမပေါက်ကြဘူးကွ”

“အဲဒီတော့”

“တို့ တစ်ဖွဲ့တစ်သင်းညီညွတ်ရင် သိုင်းလောကမှာ ဩဇာရှိလာမယ်၊ အာဏာရှိလာမယ်၊ ဒါကို ဆရာကြီးကသိတယ်၊ ဒါကြောင့် ငါတို့ကိုဘာမှဖွင့်မပြောတာ၊ တစ်ခုသိထားဖို့က သူအာဏာရှိလာရင် တို့အာဏာရှိတာပဲမဟုတ်လား။ ဆရာကြီးက ဒါတွေသိလို့



အားလုံးကို လျှို့ဝှက်ထားတာ၊ စိတ်ရှည်ရှည်နဲ့စောင့်စမ်းပါကွာ”

ကျောက်ဖိန်က ရှင်းပြလိုက်၏။

သူတို့သုံးယောက်သည် ကျောက်စိမ်းပလ္လေ့ရှင်ဖန်ကောက်တင်အပေါ် အလွန်သစ္စာရှိကြသူများဖြစ်သည်။

ကျောက်ဖိန်က ဆက်ပြော၏။

“ငါတို့ ဆရာကြီးကို ဘယ်လောက်လေးစားကြည်ညိုသလဲဆိုတာ အခု ငါတို့ထွက်လာတာကိုကြည့်၊ ငါတို့ အသက်စွန့်ပြီးကယ်ဖို့ ထွက်လာကြတာပဲ၊ အသက်စွန့်တယ်ဆိုကတည်းက ဆရာကြီးကို ငါတို့ဘယ်လောက်လေးစားကြည်ညိုတယ်ဆိုတာ သိနိုင်တာပဲ၊ စိတ်ဝမ်းကွဲစရာ အပိုစကားတွေမပြောကြနဲ့”

“ရာသီဥတုကောင်းတာနဲ့ ဘယ်လမ်းကခရီးဆက်မယ်ဆိုတာ အစီအစဉ်ဆွဲကြရင်ကောင်းမယ်”

ကျောက်ဖိန်သည် ပြောပြောဆိုဆို မြေပုံကိုကောက်ဆွဲလိုက်၏။ ထို့နောက် သုံးယောက်သားမြေပုံအား စိတ်ဝင်စားစွာကြည့်ရှုနေမိတော့သည်။

ရာသီဥတုမှာ အပြောင်းအလဲမြန်လှသည်။ စောစောကနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့သော်လည်း ယခုတော့ မကျဆင်းတော့ပေ။

ချမ်းစိမ့်စိမ့်ဖြစ်နေသည်။ အအေးဓာတ်ကတော့ လုံးဝမလျော့ပါးပေ။

အဖြူရောင်လွင်ပြင်ကြီးတစ်ခုပေါ်တွင် အားလုံးကိုပြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားသားမြင်နေရလေ၏။ လရောင်က အားလုံးမြင်ရအောင် အလင်းပေးလျက်ရှိသည်။

ဒုစရိုက်သုံးဖော်သည် ခရီးဆက်လျက်ရှိကြ၏။

နှင်းတောင်၏အရှေ့ဘက်တောင်ထွက်တစ်ခုအပေါ်တွင် မည်းမည်းနက်နက်အိမ်ကြီးတစ်လုံးကို တွေ့မြင်ရလေ၏။

ထိုအိမ်ကား ကျောက်စိမ်းပလွေရှင်ဖန်ကောက်တင်အား ချုပ်နှောင်ထား သည့်နေရာသာဖြစ်သည်။

မြေပုံညွှန်းအတိုင်းဆိုပါက ရန်သူ၏နယ်နိမိတ်အတွင်းသို့ သူတို့ကျရောက်နေကြပြီဖြစ်သည်။

"ဒီနေရာဖြစ်နိုင်တယ်"

ကျောက်ဖိန်က ပြောလိုက်၏။

သူတို့သည် အဖြူရောင်ဝတ်စုံကိုပြောင်းလဲဝတ်ဆင်လိုက်ကြသည်။

အဖြူရောင်နှင့်ဆီးနှင်းအဖြူရောင်တို့သည်ရောထွေးပြီး သူတို့အား တော်ရုံတန်ရုံနှင့်လူများ လှုပ်ရှားနေသည်ဟုမသိနိုင်တော့ပေ။

သူတို့အကဲခတ်လိုက်သောအခါ အစောင့်များလှုပ်ရှားနေသည့်အရိပ်အယောင်ကိုမြင်ရလေ၏။ သူတို့သည်တီးတိုးတိုင်ပင်ကြ၏။

ချင်ဖုန်သည် အဖြူရောင်ဝတ်စုံအတွင်းမှ ကိရိယာကလေးတစ်ခုကိုထုတ်ယူကာ အပိုင်းအစတစ်ခုဆီကို ဆက်စပ်လေသည်။



ထိုကား ကျောက်စိမ်းပလွေကလေးဖြစ်သွား၏။ ချင်ဖုန်သည် ပလွေကလေးကိုနှုတ်ခမ်းတွင် တပ်လိုက်၏။

"ရှီ"

ပလွေသံကလေးသည် တိုးညင်းစွာ ထွက်ပေါ်လာသည်။ ပလွေသံသည် လေထဲတွင် လွင့်မျောသွားသည်။

အသံမှာ မတိုးမကျယ်လှချေ။ ညဉ့်ငှက်တစ်ကောင်အဝေးမှ အော်မြည်သကဲ့သို့ ထင်မှတ်ရသည်။

သူတို့၏ဆရာဖန်ကောက်တင် ကတော့မူ ဤအသံကြားလျှင် မည်သည့်အသံဖြစ်ကြောင်း နားလည်ပေလိမ့်မည်။

အစောင့်များလည်း ကြားသည်။ သူတို့လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဘာသံလဲ မသိဘူး"

"ငှက်အော်သံပါကွာ"

အစောင့်ဘုန်းကြီးတစ်ပါးက ပြန်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

၁

## ကယ်တင်သည့်ဒိုက်မွဲ

ကျောက်စိမ်းပလွေရှင်ဖန်ကောက်တင်သည် ခေါင်းထော
၍ ထလာလေတော့၏။

အဘယ်ကြောင့်ဆိုသော် ကျောက်စိမ်းပလွေဖြင့် အချက်
ပေးလိုက်သည့်အသံကို သူကြားသိလိုက်သည်မဟုတ်ပါလော။

ဤသံလှောင့်ချိုင့် သံတိုင်များကို တော်ရုံတန်ရုံအတွင်းအာ
ရှိသူများ ထိကိုင်၍မရချေ။

သံတိုင်များအား ထိမိသည်နှင့် ထိသူထုံကျဉ်သွားမည်ဖြ
သောကြောင့်တည်း။

ထို့ကြောင့် ဖန်ကောက်တင်သည် ကိုယ်တိုင်အတွင်းအာ
ပြည့်ဝနေရမည်ကို သိရှိမိ၏။

ထို့ကြောင့် လှောင့်ချိုင့်၏အလယ်တည့်တည့်တွင် ထိုင်၍အ
တွင်းအားကျင့်စဉ်ကို လေ့ကျင့်နေတော့သည်။



သူသည် ဆံပင်ရှည်ကြီးများ၊ မုတ်ဆိတ်ကျင်စွယ်ကြီးများ
ဖြင့် ခြင်္သေ့ကြီးတစ်ကောင်ကဲ့သို့ ထင်မှတ်ရသည်။ သူ၏ဆံပင်များ၊
မုတ်ဆိတ်များကား အားလုံးဖြူနေလေပြီ။

မျက်လုံးစုံမှိတ်ထားသော်လည်း သူ့တပည့်များ၏ပုံရိပ်စိတ်
အာရုံထဲ၌ ထင်မြင်နေ၏။

ချင်ဖုန်ဖုံး၊ ကျောက်ဖိန်၊ ကျောင်ချူး။

သုံးယောက်စလုံး အဆင့်မြင့်သိုင်းပညာတတ်ထားသူချည်း
ဖြစ်သည်။ သူ့တပည့်များ၏အစွမ်းကို သူယုံကြည်သည်။

သူတို့သည် သူ့ကိုဤအချုပ်ခန်းထဲမှ လွတ်အောင်မကယ်
တင်နိုင်သည်တိုင် ဤအချုပ်ခန်းအနီးသို့မူ ရောက်လိမ့်မည်ဟု သူ
ယုံကြည်သည်။

ထိုတပည့်သုံးယောက်သည် အားကိုးလောက်သည့်တပည့်
များ ဖြစ်ကြသည်။

သူသည် တပည့်များရောက်အလာကိုငံ့လင့်ရင်း အတွင်း
အားကျင့်စဉ်ကို ဆက်လက်လေ့ကျင့်နေလေ၏။

"ရှီ... ရှီ... ရှီ"

"ရှီ... ရှီ... ရှီ"

ပလွေသံကား ထွက်ပေါ်လာဆဲပင်။ ပလွေသံကြားရာသို့
အိမ်နီးနှစ်လုံး အပြေးအလွှားချဉ်းကပ်သွားသည်။

အသံသည် ထိုတစ်နေရာတည်းမှ ပေါ်ထွက်နေခြင်းဖြစ်
ကြောင်း အစောင့်နှစ်ဦးသိရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မီးအိမ်များကို တိုင်များဖြင့်ချိတ်ဆွဲထားကြသည်။ သို့မှသာ ခပ်ဝေးဝေးသို့မြင်နိုင်မည်မဟုတ်ပါလား။

"ရှီး... ရှီး... ရှီ"

အသံသည် ထွက်မြဲ ထွက်ပေါ်နေသည်။ ရှောင်လင်ဘုန်းတော်ကြီးနှစ်ပါးသည် တစ်ဖက်က မီးအိမ်ဝါးလုံးတိုင်များကိုကိုင်လျက် တစ်ဖက်မှ ဓားကိုယ်စီဆွဲထုတ်လျက် ပလွေသံထွက်ပေါ်နေရာသို့ တဖြည်းဖြည်းချဉ်းကပ်လာလေသည်။

သူတို့သည် သတိကြီးစွာ ထားနေကြရသည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာသို့ မည်သည့်သာမန်လူမျှ မလာရောက်ခြင်းကြောင့်ပေတည်း။

"ကျား"

ချင်ဖုန်ဖုံးသည် သူ့ခန္ဓာကိုယ်ကြီးကို တစ်ကိုယ်လုံးဆီးနှင်းများအောက်တွင် မြှုပ်၍ ပလွေကလေးကိုသာ ဖော်ကာ ပက်လက်လှန်မှုတ်နေခြင်းဖြစ်သည်။

သူသည် အနားသို့ရောက်လာသည့် ရှောင်လင်ဘုန်းတော်ကြီးနှစ်ပါးအား ပလွေဖြင့် လျှပ်တစ်ပြက်ထိုးလိုက်၏။

ရှောင်လင်ဘုန်းတော်ကြီးနှစ်ပါးမှာ သိုင်းပညာအဆင့်မြင့်သူများဖြစ်သော်လည်း ဆီးနှင်းများပေါ်၌ အသံထွက်နေသည့်ပလွေကလေးကို လွန်စွာအံ့ဩမိခြင်းကြောင့် ပလွေဖြင့် အကြောကိုထိုးပိတ်ခြင်းခံလိုက်ရသည်။

ထိုးပိတ်သူမှာ ဝီရိယလွန်ကဲခြင်း၊ ရှောင်လင်ဘုန်းတော်ကြီး



များဖြစ်၍ အစိုးရိမ်လွန်ခြင်းစသည့်အချက်များကြောင့် အင်အားသုံး၍ အကြောများကိုပြင်းထန်စွာ ထိုးပိတ်လိုက်ခြင်းကြောင့် ဘုန်းတော်ကြီးနှစ်ပါးစလုံး သေဆုံးသွားကြလေ၏။

ချင်ဖုန်ဖုံးသည် ဆီးနှင်းများကိုခါထုတ်ပြီး သူ့အဖော်များကို အော်ခေါ်လိုက်၏။

"အားလုံးထွက်ခဲ့ကြတော့ဟေ့"

သူ့အော်သံကြောင့် ပုန်းနေကြသော ကျောက်ဖိန်နှင့် ကျောင်းချူးတို့သည် ပုန်းကွယ်နေရာမှ ထွက်လာကြတော့သည်။ သူတို့သည် မီးမငြိမ်းသေးသည့်မီးအိမ်များကို ကောက်ယူလိုက်ကြ၏။

ဘုန်းတော်ကြီးများ၏ အလောင်းများကိုမူ တောင်အောက်သို့ပစ်ချလိုက်ကြ၏။

သူတို့၏ပထမတိုက်ပွဲကား အောင်မြင်သွားခဲ့လေပြီ။

ကျောက်ဖိန်သည် သူ၏ကြေးဝါသံတုတ်လက်နက်ကြီးကို တစ်စချင်း တပ်ဆင်နေ၏။

ကျောင်းချူးက သူ၏အလွန်ခိုင်ခံ့သည့်ကြိုးကိုဆွဲဆန့်နေသည်။

သူတို့သည် မီးအိမ်နှစ်လုံးကို ဣန္ဒြေရရဆွဲကာ အိမ်ကြီးဆီသို့ချဉ်းကပ်လာကြသည်။

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်၏ အခန်းထဲမှ မည်သည့်အသံကိုမျှကိုမျှ မကြားရချေ။

"ရှပ်... ရှပ်... ရှပ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှပ်… ရှပ်… ရှပ်"

ခြေသံကြားလိုက်ရသဖြင့် သုံးယောက်စလုံး ခြေလှမ်းများ တန့်သွားကြသည်။

သူတို့သည် လေသိုင်းပညာကိုထိုက်သင့်သမျှ တတ်ထားသူများဖြစ်၏။

ရုတ်တရက် ချဉ်းကပ်လာသောရန်သူ၏ အငွေ့အသက်အား သူတို့သိရှိကြသည်။

ထို့ကြောင့် သူတို့သည်တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ မျက်နှာရိပ်မျက်နှာကဲဖြင့် လူစုခွဲလိုက်ကြလေ၏။

ရှောင်လင်ဘုန်းတော်ကြီးများကလည်း သူတို့ပိုင်နက်ထဲ ရောက်ရှိလာသည့်ရန်သူများကို သိရှိပြီးကြလေပြီ။

သူတို့သုံးယောက် လူခွဲခွဲမှ တိုက်ခိုက်နိုင်လိမ့်မည်ဟု သူတို့ထင်ကြသည်။ ထို့ကြောင့် လူစု ခွဲလိုက်ခြင်းဖြစ်သည်။

အမှောင်တွင်းမှာ စောင့်ကြည့်နေကြသည်ဟု သူတို့ထင်လာကြ၏။

"ဝှီး"

မှောင်ထဲမှ အလင်းတန်းကလေးထွက်လာ၏။ ကျောင်းချူးသည် လှစ်ခနဲငုံ့ရှောင်လိုက်ပြီး အလင်းတန်းထွက်ပေါ်လာရာသို့ သူ၏ကြိုးကိုပစ်လိုက်လေ၏။

"ဝှီး"

"ဘုံး"



ရန်သူဘုန်းတော်ကြီးတစ်ပါး၏ခန္ဓာကိုယ်ကို ရစ်ပတ်မိပြီးနောက် ဘုန်းတော်ကြီးသည် ဘုံးခနဲပစ်ကျလာလေ၏။

ကျောင်းချူး၏လက်သီးသည် ရှောင်လင်ဘုန်းတော်ကြီး၏ လည်မျိုဆီသို့ ဝုန်းခနဲပစ်သွင်းလိုက်၏။

ထိုအခါ ရှောင်လင်ဘုန်းတော်ကြီးက လက်ပြန်ရိုက်ပြီး ရှောင်တိမ်းသွားသည်။

"ရွှီ"

"ရွှီ"

ထို့နောက် လက်ခေါက်မှုတ်သံများ ထွက်ပေါ်လာပြီးနောက် ရှောင်လင်ဘုန်းတော်ကြီးများသည် ခေါင်မိုးပေါ်မှ တဝုန်းဝုန်းနှင့်ပြုတ်ကျလာတော့၏။ သူတို့ခုန်ချလာခြင်းဖြစ်သည်။

ကျူးကျော်သူသုံးယောက်နှင့် အိမ်ခံအစောင့်ဘုန်းကြီးများ တွေ့ကြလေပြီ။

တိုက်ပွဲသည် အပြင်းထန်ဆုံး အခြေအနေသို့ ဆိုက်ရောက်သွား၏။ သုံးယောက်စလုံး လက်နက်များကိုင်၍ ကျွမ်းကျင် စွာခုခံကြသည်။

ရှောင်လင်ဘုန်းတော်ကြီးများသည် သွက်လက်ဖျတ်လတ်သောတိုက်ကွက်များကြောင့် ရန်သူများကို ဂရုစိုက်ကြသော်လည်း သူတို့သည် ရန်သူများကိုမမှုကြပေ။

အဘယ်ကြောင့်ဆိုသော် ရှောင်လင်ကိုယ်တော်များကိုယ်တိုင် ထိပ်တန်းသိုင်းသမားများဖြစ်နေကြသည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကိုယ်တော်များသည် 'ပင့်ကူကွန်ယက်တိုက်ကွက်ဆန်း'ဖြင့် တိုက်ခိုက်ကြ၏။

ထိုတိုက်ကွက်ဖြင့် ပိတ်ဆို့မိပြီဆိုလျှင် ရန်သူသိုင်းသမားများ မည်သို့မျှမလွတ်နိုင်တော့ချေ။ မပိတ်ဆို့မီ အလွတ်ရုန်းထွက်နိုင်ဖို့ အရေးကြီးသည်။

တိုက်ကွက်မှာ(၇)ကွက်သာရှိသော်လည်း ကွက်ငယ်ပေါင်းမှာ သုံးဆယ့်လေးကွက်သာရှိသည်။

လူခုနစ်ယောက်ဖြင့် ပိတ်ဆို့ထားသော်လည်း ဆယ့်လေးယောက်ပိတ်ဆို့ထားသကဲ့သို့ ထင်မှတ်ရသည်။

သူတို့သည် ရှိသားသောသက်န်းများဖြင့် အဆက်မပြတ်တိုက်ခိုက်ကြသောကြောင့် လက်ချင်းယှက်သကဲ့သို့ထင်မှတ်ရသည်။

"ဝှီး... ဝှီး... ဝှီး"

"ဝုစ်... ဝုစ်... ဝုစ်"

သူတို့တွင် တိုက်စစ်မှူးတစ်ဦးပါသည်။ ကျောင်းချူးသည် ထိုတိုက်စစ်မှူးကိုတိုက်ခိုက်နိုင်လျှင် ထို'ပင့်ကူကွန်ယက်တိုက်ကွက်ဆန်း'ပြိုပျက်ပြီကိုသိသည်။

ထို့ကြောင့် ထိုတိုက်စစ်မှူးဖြစ်သည့် အလယ်ကောင်မှ ဘုန်းကြီးကို အဓိကထား၍ အပြင်းအထန်တိုက်ခိုက်တော့၏။

"ဝုန်း... ဝုန်း... ဝုန်း"

ကျောင်းချူး၏ကြိုးလက်နက်ဖြင့် ဘုန်းကြီးသုံးပါးလွင့်စဉ်သွားသည်။



သူတို့၏ပင့်ကူကွန်ကွက်တိုက်ကွက်ဆန်းကြီး ပြိုပျက်သွားသည်။ ဘုန်းကြီးများ ဖရိုဖရဲဖြစ်သွားတော့သည်။

"ဝှီး"

"ဒေါင်... ဒေါင်... ဒေါင်"

သူတို့၏စုပေါင်းတိုက်ကွက်သည် ကြောက်စရာကောင်းလှကြောင်း ကျောက်ဖိန်တို့သိသည်။

ထို့ကြောင့် ပူးပေါင်းတိုက်ကွက်ဖြင့် မတိုက်ခိုက်စေရန် ကျောက်ဖိန်သည် သူ၏ကြေးဝါတုတ်သိုင်းကွက်ဖြင့် အဆက်မပြတ်ကို တိုက်ခိုက်လေတော့သည်။

ရှောင်လင်ကိုယ်တော်များ တစ်ပါးပြီး တစ်ပါးပြိုလဲသွားတော့သည်။

ချင်ဖုန်ဖုံးသည် အနီးကပ်ရောက်ရှိလာသော ကိုယ်တော်များအား ကျောက်စိမ်းပလွေထဲမှ အဆိပ်အပ်များဖြင့် တိုက်ခိုက်သည်။

ရှောင်လင်ကိုယ်တော်များမှာ အဆိပ်အပ်များကို မရှောင်နိုင်ချေ။ မရှောင်နိုင်ခြင်းမှာ အဆိပ်အပ်ဖြင့် အနီးကပ်တိုက်ခိုက်၍ဖြစ်သည်။

ကျောက်ဖိန်တို့သုံးဦးသည် အတွေ့အကြုံရင့်ကျက်လှသောကြောင့် စစ်ဦးဘီလူးကဲ့သို့ကြောက်မက်ဖွယ်ရာ တိုက်ခိုက်နိုင်သည်။

ဤသုံးဦး၏ ရန်သူများသည် ရှောင်လင်ကိုဏ်းသားဖြစ်၍သာ တော်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သာမန်ဂိုဏ်းမှဂိုဏ်းသားများသာဖြစ်က လေးငါးကွက်မျှနှင့် သေသွားမည်သာဖြစ်သည်။

ကျောက်ဖိန်တို့ကား ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်အားကိုးလောက်သည့် တပည့်များသာတည်း။

ရှောင်လင်ဂိုဏ်းသားများကား သေသူသေ၊ ဒဏ်ရာရသူရဖြင့် တစ်ဝက်မျှလျော့ပါး သွားချေပြီ။

လုံခြုံရေးတာဝန်ယူထားသည့်အစောင့်များသည် တာဝန်မကျေဘဲ ဖြစ်နေကြလေပြီ။

ဝါစဉ်အတော်အတန်ကြီးပြီး လက်ထောက်ဂိုဏ်းမှူးတာဝန်ယူထားသည့်ကိုယ်တော်သည် ခပ်လှမ်းလှမ်းမှပင် မျက်မှောင်ကြုတ်၍ ကြည့်နေ၏။

"အင်း... သုံးယောက်တည်းကိုတောင် ဒီလောက်ကြာကြာတိုက်ခိုက်နေရမှတော့ ဘယ်ဟန်ပုံမလဲ၊ အခုဆိုရင် ငါတို့တောင် အတော်ဆုံးရှုံးနေရပြီ၊ ဒီကောင်တွေ အတော်ပညာကောင်းနေပါလား၊ အသေခံတိုက်မယ့်အစား တစ်ခုတော့ စဉ်းစားမှဖြစ်မယ်"

လက်ထောက်ဂိုဏ်းမှူးသည် ရှိခနဲလက်ခေါက်မှုတ်လိုက်သည်။

ထိုအခါ ရှောင်လင်ကိုယ်တော်သည် နောက်သို့ခုန်ဆုတ်သွားကြလေ၏။

သူတို့သည် ရန်သူသုံးယောက်ကို အရိပ်အခြည်စောင့်ကြည့်နေကြသည်။ သူတို့သည် သူတို့၏လက်ထောက်ဂိုဏ်းမှူးကိုသည်း ကြည့်၏။



သူတို့သည် ရှုံးနေကြသော်လည်း ပျာလောင်ခတ် ခြင်းမရှိပေ။ အားလုံးအေးအေးဆေးဆေးပင်။

သို့သော် သူတို့အားလုံးသည် ရန်သူသုံးယောက်ကိုလျှော့မတွက်ချေ။

သူတို့၏ရှောင်လင်ဂိုဏ်းသား ထက်ဝက်မျှကိုသေကျေဒဏ်ရာရခဲ့စေပြီ မဟုတ်ပါလား။

ကျောင်ချူး၊ ကျောက်ဖိန်နှင့် ချင်ဖုန်ဖုံးတို့သည် တဖြည်းဖြည်းရှေ့သို့ တိုးလာကြ၏။

သူတို့ကတော့ နောက်ဆုတ်မည်မဟုတ်ချေ။ သူသေကိုယ်သေချပြီးနောက် သူတို့၏ဆရာကိုကယ်တင်ရမည် မဟုတ်ပါလော။

ကျောင်ချူးသည် လက်ထဲမှကြိုးကိုဝှေ့ယမ်းရင်း ရှေ့သို့တိုးသည်။

သူသည် နောက်ဆုတ်သွားသော ရှောင်လင်ကိုယ်တော်များအား စိန်ခေါ်လိုက်၏။

"လာကြလေ၊ ဘာဖြစ်လို့ နောက်ဆုတ်သွားတာလဲ၊ သတ္တိမရှိဘူးလား"

ကျောက်ဖိန်ကလည်း...

"လာပါ၊ သုံးယောက်နဲ့အများ ပညာစမ်းကြတာပေါ့၊ ကိုယ်တော်တို့ပညာတွေကို တပည့်တော်တို့ကြည့်သွားရဦးမငံ"

သူ့စကားက ခနဲ့သောစကားပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှီး... ဝှီး... ဝှီး"

"ဝှစ်... ဝှစ်... ဝှစ်"

ကျောက်ဖိန်၏ကြေးဝါတုတ်ကြီးသည် တဝှီးဝှီးမြည်နေလေ၏။

လက်ထောက်အဖွဲ့မှူးသည် ဆုံးဖြတ်ရတော့မည်။ သတ်မလား၊ သေမလားပင်။ သူတို့သည် အကျဉ်းသားကိုအသက်စွန့်၍ ကာကွယ်မလား။

သူတို့အသက်ရှင်သန်ရေးအတွက် ထွက်ပြေးမလားဆိုသည်ကို စဉ်းစားရတော့သည်။ သူတို့တွင် စစ်ကူမရှိတော့ချေ။

ထိုစဉ် ရန်သူများကလည်း တရွေ့ရွေ့တိုးလာကြလေပြီ။ သူသည် အသေခံတိုက်ရန် ဆုံးဖြတ်လိုက်တော့၏။ ရှောင်လင်ကျောင်းတော်၏သိက္ခာကို ကာကွယ်ရပေမည်။

အစောင့်များသည် အကျဉ်းသားတိုအသက်အသေခံ၍ ကာကွယ်သွားကြသည်ဟူသောစကား ကျန်ရစ်ခဲ့ရပေလိမ့်မည်။

"တိုက်ကြ"

"ရှောင်လင်ကျောင်း သိက္ခာအတွက် တိုက်ကြ"

သူ၏အော်ဟစ်အမိန့်ပေးသံသည် ပတ်ဝန်းကျင်တစ်ခုလုံး တုန်ဟည်းသွား၏။

ထို့နောက် တိုက်သံခိုက်သံများ ထွက်ပေါ်လာတော့သည်။ ရှောင်လင်ဂိုဏ်းသားများသည် တရကြမ်းခုခံတိုက်ခိုက်ကြတော့၏။

ရှောင်လင်အဖွဲ့သားများမှာ တစ်ယောက်ပြီးတစ်ယောက်



ကျဆုံးကြလေတော့၏။

အကျဉ်းချသော အိမ်ကြီး၏တံခါးဝတွင် ကျဆုံးနေသော ရှောင်လင်ဂိုဏ်းသားများမှာ ကြည့်မကောင်းပေ။

"အား... ကျွတ်... ကျွတ်"

ကျောင်းချူး၏ညည်းသံ ပေါ်လာသည်။

"ဘာဖြစ်တာလဲ ကျောင်းချူး"

ချင်ဖုန်ဖုံးက မေးလိုက်၏။

"ငါ့ကို ဓားတစ်ချက်ထိသွားတယ်ကွ"

"ဒါလေးများကွာ"

ချင်ဖုန်ဖုံးသည် ဝတ်ရုံကြီးကိုဆုတ်ဖြဲကာ ပတ်တီးစည်းပေးလိုက်၏။ ဒဏ်ကြေဆေးသုံးလုံးလည်း တိုက်လိုက်တော့သည်။

ချင်ဖုန်ဖုံးသည် သိုင်းပညာသာမက ဆေးဝါးအတတ်ပညာကိုပါ သင်လာခဲ့သူဖြစ်သည်။ ထို့ကြောင့် ဆေးဝါးကုသပေးသည့်ဘက်တွင်လည်း တော်သည်။

ကျောက်ဖိန်သည် လက်ထောက်အဖွဲ့မှူးကို နောက်ဆုံးသုတ်သင်ပစ်လိုက်၏။

"ကဲ... တို့အတွက် အားလုံးရန်ရှင်းသွားပြီ၊ သူတို့ စစ်ကူမရောက်တုန်း ဆရာကြီးကိုကယ်ကြရအောင်"

သူတို့သုံးယောက်သည် စံအိမ်ကြီး၏တံခါးဝသို့ချဉ်းကပ်လာကြ၏။

သူတို့ယူဆထားသည့်အတိုင်း တံခါးကိုလွယ်လွယ်နှင့်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



၍မရချေ။ တွန်းသည်။ ပင့်တင်သည်။ ဆွဲဖွင့်သည်။

တစ်ကြိမ်မျှ မရရှိပေ။ သော့ပေါက်လည်း ရှာလို့မရချေ။

"ကြံကြပါဦးကွာ၊ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုတာလို ဖြစ်နေဦးမယ်"

ကျောက်ဖိန်က ပြောလိုက်၏။

ချင်ဖုန်ဖုံးသည် တံခါးကြီးကိုသေချာစွာ စစ်ဆေးကြည့်ရလေ၏။

ကျောက်ဖိန်နှင့် ကျောင်ချူးတို့သည် ချင်ဖုန်ဖုံးကိုအားကိုးစွာ ကြည့်မိကြလေ၏။

ချင်ဖုန်ဖုံးသည် တစ်စုံတစ်ခုကိုစဉ်းစားနေသည်။

( ၆ )

"မကောင်းဆိုးဝါးတွေ စောင့်ကြပ်နေတာ ဖြစ်နိုင်တယ်"

"ဟေ"

ကျောက်ဖိန်နှင့် ကျောင်ချူးတို့ ခေါင်းထောင်သွား၏။ သူတို့သည် အံ့ဩစွာ ရေရွတ်မိကြသည်။ ကျောက်ဖိန်နှင့် ကျောင်ချူးအံ့ဩမည်ဆိုက အံ့ဩလောက်၏။

သူတို့တစ်သက်တာတွင် တစ်ကြိမ်မျှမကြုံဖူးသဖြင့် ယုံရ



ခက်ခက်ဖြစ်နေသည်။

ချင်ဖုန်ဖုံးသည် သူတို့အား ဆက်ရှင်းမပြတော့ဘဲ သူလုပ်ဆောင်ရမည့်အလုပ်ကိုသာ လုပ်တော့သည်။

သူသည် သူ၏ဝတ်ရုံကို လှပ်လိုက်၏။ သူ၏ဝတ်ရုံထဲမှ စက္ကူနီတစ်ထပ်ကို ဆွဲထုတ်လိုက်၏။

စက္ကူနီများတွင် စာများပါသည်။ သို့သော် ပြောင်းပြန်ရေးထားသဖြင့် ဖတ်ရခက်လှသည်။

ထိုအထဲမှ စက္ကူနီနှစ်ရွက်ကိုယူပြီး တံခါး၌ကပ်လိုက်၏။

"ဖယ်… ရှောင်ကြ… ရှားကြ"

ချင်ဖုန်ဖုံးသည် တတွတ်တွတ်ရေရွတ်ပြီး ယမ်းလုံးငယ်များကိုဆွဲထုတ်ပြီး တံခါးကိုပစ်ပေါက်လိုက်တော့၏။

"ဂုန်း"

"ဂုန်း"

တဂုန်းဂုန်းနှင့် ပေါက်ကွဲလွင့်စဉ်ပြီး မီးခိုးများအူထွက်လာတော့သည်။

မီးခိုးများကလည်း စိမ်းရွှေရွှေအနံ့ ထွက်နေသည်။ လူများမူးလဲကျမတတ် မီးခိုးနံ့များက ပြင်းထန်သည်။

သူသည် ယမ်းလုံးများကိုတစ်လုံးပြီး တစ်လုံးပစ်နေပြီးနောက် ကျေနပ်စွာပြုံးလေ၏။

ကျောက်ဖိန်နှင့် ကျောင်ချူးတို့ သည်တံခါးများပွင့်သွားပြီလားဟု တံခါးဆီသို့လှမ်းကြည့်လိုက်မိလိုက်၏။ တံခါးမှာ မည်သို့မျှမ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဘဲ မူလအတိုင်း ပိတ်မြဲပိတ်လျက်သာ။

ချင်ဖုန်ဖုံးက....

"ကဲ... တံခါးကိုတွန်းကြည့်ကြရအောင်"

ကျောက်ဖိန်နှင့်ကျောင်ချူးတို့သည် တံခါးကိုတွန်းဖွင့်ကြည့်ကြ၏။ တံခါးသည် အားစိုက်တွန်းစရာမလိုဘဲ အသာလေး တွန်းလိုက်ရုံနှင့်ပွင့်သွားသည်။

ကျောက်ဖိန်နှင့် ကျောင်ချူးတို့သည် ချင်ဖုန်ဖုံးကို ချီးကျူးမိကြလေ၏။

သူတို့သည် အတွင်းသို့ဖြည်းညင်းစွာ ဝင်ခဲ့ကြ၏။ လက်နက်ပုန်းများ တပ်ဆင်ထားသည်စိုးရိမ်သဖြင့် တံခါးဘေးနံရံသို့လှမ်းခဲ့ကပ်မိကြသည်။

"အဟွတ်... အဟွတ်"

"အဆိပ်ငွေ့တွေထင်တယ်ကွာ"

"ကြံကြံဖန်ဖန်ကွာ အန္တရာယ်မရှိနိုင်ပါဘူးကွ၊ ဆရာကြီးကို ချုပ်နှောင်ထားတဲ့နေရာကိုအလွယ်တကူသွားလို့ မရနိုင်အောင် မှိုင်းတိုက်ထားတဲ့သဘောပဲကွ၊ မကြာခင် အငွေ့တွေအပြင်ထွက်သွားမှာပါကွ ကြည့်နေ"

ချင်ဖုန်ဖုံးက ပြောလေ၏။

သူတို့သည် အငွေ့များကို မရှူရှိုက်မိအောင် အသက်အောင့်ထားကြသည်။

မကြာမီ ချင်ဖုန်ဖုံးပြောသည့်အတိုင်း အငွေ့များသည် တံ



ခါးပေါက်ကြီးမှ အပြင်သို့ထွက်သွားလေသည်။

ချင်ဖုန်ဖုံးသည် ကျောက်စိမ်းပလွေကလေးကိုထုတ်လိုက်၏။ ထိုကျောက်စိမ်းပလွေမှာ ဆရာကြီးဖန်ကောက်တင်၏ကျောက်စိမ်းပလွေပင်တည်း။

ထိုပလွေကို ဆရာကြီးဖန်ကောက်တင် ရှောင်လင်ကျောင်းတော်၌ သွားရောက်ဓာတ်မမြုပ်ခင် တစ်ရက်က ချင်ဖုန်ဖုံးအား အပ်ခဲ့ခြင်းဖြစ်သည်။

ထိုကျောက်စိမ်းပလွေ၏အသံသည် ဖန်ကောက်တင်၏ ညာဘက်လက်၌ဝတ်ထားသော ကျောက်စိမ်းလက်စွပ်နှင့် အသံတုံ့ပြန်မှု ရှိခြင်းပင်တည်း။

"ဆရာကြီးအခန်းကတော့ ဒီတည့်တည့်မှာပဲကွ"

ချင်ဖုန်ဖုံးသည် တစ်နေရာသို့လက်ညှိုးထိုးပြသော်လည်း အခန်းကရှင်းလင်းနေသည်။

သုံးယောက်စလုံး သတိရှိကြသည်။ သူတို့ သည် ရှောင်လင်ကျောင်းအကြောင်း ကြားဖူးနားဝရှိထားကြသည်။

ရှောင်လင်ကျောင်းမှ အတတ်ပညာများကို သူတို့အထင်မသေးကြချေ။

ထို့ကြောင့် တထိတ်ထိတ်ဖြင့် သူတို့ဟိုကြည့်သည်ကြည့်ဖြစ်နေမိကြသည်။ သူတို့အားလုံး ရှေ့မတိုးရဲကြသေးပေ။

"ဝုန်း"

"သတိထား"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျွိုခနဲအသံကြားလိုက်သည်နှင့်အခန်းနံရံဘေ သို့ ပစ်ရှောင်လိုက်သည်။

"ဝှီး... ဝှီး... ဝှီး"

"ဝှီး... ဝှီး... ဝှီး"

"ဝှီး... ဝှီး... ဝှီး"

လုံတိုင်ပေါင်းမြောက်မြားစွာသည် တဝှီးဝှီးဖြင့် သူတို့ပထမ နေသည့်နေရာများသို့ ဖြတ်ကျော်သွားကြသည်။ သူတို့ ဘုရားတ ကြသည်။

လူမိုက်များပင်ဖြစ်သော်လည်း ဘုရားကိုတော့သတိရ သေးသည်။ မည်သို့ပင်ဖြစ်စေ သူတို့သည့်လုံချက်များကိုတော့ လွ သွားကြသည်။

သူတို့သည် အပေါ်သို့မော့ကြည့်လိုက်သည်။ အပေါ်တွ လှောင်ချိုင့်ကြီးတစ်ခု။

ထိုလှောင်ချိုင့်ကြီးကို သေချာစွာကြည့်သော အခါအထဲတွ လူတစ်ယောက်ရှိနေကြောင်း တွေ့ကြရလေသည်။

သူတို့သေချာစွာကြည့်ကြလေသည်။ ထိုအခါမှ သူတို့ ဆရ ဖန်ကောက်တင်ဖြစ်ကြောင်း တွေ့ကြရသည်။

ကျောင်ချူးသည် ဝမ်းသာအားရဖြစ်သွားပြီး သူ့ဆရာရှိရ သို့ ထပြေးတော့သည်။

"ဆရာကြီး... ဆရာကြီး"

သူသည် လှေကားသို့တက်ပြေးသည်။ လှောင်ချိုင့်အနီးသ



ပြေးလာသည်။

"ကျောင်ချူး မလာနဲ့ မကပ်နဲ့"

ဖန်ကောက်တင်က ကျောင်ချူးပြေးလာသည်ကိုမြင်လေ သည်။ ထို့ကြောင့်လည်း လှမ်းတားသည်။ သို့သော် ကျောင်ချူးက ားမရချေ။ သံတိုင်များ ပြေးကိုင်လိုက်သည်။

ထို့ကြောင့် ကျောင်ချူးမှာ မချိမဆံ့ထိုကျဉ်သော ဝေဒနာ ကို ခံစားရလေတော့သည်။

ကျောင်ချူးသည် လူးလွန့်တုန်ခါနေရှာသည်။ ကျောက်ဖိန် င့် ချင်ဖုန်ဖုံးတို့သည် ပြေးတက်လာပြီး ကျောင်ချူးကိုဆွဲမည်ပြု သည်။

"မဆွဲနဲ့ သူ့အနားကိုလုံးဝမကပ်နဲ့"

ဆရာဖြစ်သူ ဖန်ကောက်တင်၏အော်သံကြောင့် အားလုံး ာန့်ခနဲဖြစ်သွားသည်။

ချုပ်နှောင်ထားသော လှောင်အိမ်သံတိုင်အားလုံးမှာ မြေ အောက်သဘာဝဓာတ်ဖြင့် ဆက်စပ်ထားဟန်ရှိသည်။

သံတိုင်ပေါင်းနှစ်ဆယ့်ရှစ်တိုင်ရှိသည့်အနက် နှစ်ဆယ့်သုံး ိုင်မှာ ထိုကျဉ်သည့်ဝေဒနာကိုမခံစားရချေ။ ငါးတိုင်သာလွတ်သည် ု ခိုနိုင်သည်။

ထိုသံတိုင်များ အဘယ်ကြောင့် ဤသို့ထိုကျဉ်နေသည်ကို ာမန်လူများ မသိနိုင်ချေ။

ချင်ဖုန်ဖုံးသည် ဖျတ်ခနဲအကြံတစ်ချက်ရလိုက်သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင်ရှိသော ကျောက်စိမ်းပလွေအား သူ့ဆရာထံသို့ ထိုးပေ
လိုက်သည်။

ဖန်ကောက်တင်သည် ပလွေအား ရုတ်တရက်လှမ်းယူပြ
အသံညှိလိုက်သည်။ သူသည် ပလွေမှုတ်လေတော့သည်။

ပလွေသံထွက်ပေါ်လာပြီးနောက် မရိုမသေခံစားနေရ
ကျောင်းချုပ်သည် သံတိုင်မှတဖြည်းဖြည်း ကွာကျသွားလေသည်။ အ
တွင်းအားဖြင့် စုပ်ယူခံရာမှ လွတ်မြောက်သွားသကဲ့သို့ဖြစ်လေသည်

ကျောက်ဖိန်နှင့် ချင်ဖုန်တို့သည် ကျောင်းချုပ်ကိုသံတိုင်နှ
ဝေးရာသို့ မခေါ်လာသည်။ ကျောင်းချုပ်ကား မသေသေးပေ။ အ
သက်မှျင်းမှျင်း ရှူနေသေးသည်။

ဖန်ကောက်တင်သည် ကျောက်စိမ်းပလွေအား မှုတ်ပြီး သံ
တိုင်များကိုစမ်းသပ်ကြည့်သည်။

သံတိုင်ငါးတိုင်သည် ထုံကျဉ်ခြင်းဝေဒနာမှ ကင်းလွတ်ေ
ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ကျောက်ဖိန်နှင့် ချင်ဖုန်တို့သည် အတွင်းအားထုတ်၍ ကြိ
များဖြင့် ဆွဲကြလေတော့သည်။

သံတိုင်များသည် တစ်ခုနှင့်တစ်ခုကွာသွားပြီး ဖန်ကောက်
တင်ထွက်နိုင်သည့်အခြေအနေသို့ ရောက်သွားလေတော့သည်။

ဖန်ကောက်တင်သည် သံတိုင်များအကြားမှ အပြင်သို့
ထွက်လာလေသည်။ သူသည် လဲကျနေသော ကျောင်းချုပ်အား ကြည့်
လိုက်သည်။



"ကဲ… အခု ငါတို့ရှိနေတာ ရှောင်လင်ကျောင်းရဲ့ပရိဝုဏ်
မှာကွ၊ သိပ်အချိန်ကြာနေလို့ မဖြစ်ဘူး၊ သူတို့စစ်ကူတွေရောက်
ရင် ငါတို့အဖို့ အခက်အခဲတွေ့ရဦးမယ်"

"ကျောင်းချုပ်ကိုသတိရအောင်လုပ်နေဖို့ အချိန်မရှိဘူး၊ ဒီ
တော့ သူ့ကိုထမ်းခေါ်ခဲ့၊ ငါတို့မြန်မြန်ထွက်မှဖြစ်မယ်"

ကျောက်ဖိန်က ကျောင်းချုပ်ကိုပခုံးပေါ်ထမ်းတင်လိုက်
သည်။

"ကဲ… လာကြ ဒီအဆောက်အအုံရဲ့လျှို့ဝှက်ပေါက်ကို ငါသိ
တယ်၊ ရှေ့ပေါက်ကထွက်ရင် စစ်ကူတွေနဲ့ တိုးနေမှာစိုးရတယ် လာ
ကြ"

ဖန်ကောက်တင်သည် လျှို့ဝှက်ထွက်ပေါက်ကိုသိရှိပြီးဖြစ်
ဖြင့် ထိုထွက်ပေါက်မှထွက်လာခဲ့သည်။

မကြာမီ သူတို့အားလုံးအ ပြင်သို့ ရောက်လာကြသည်။

ဖန်ကောက်တင်သည် သူချုပ်နှောင်ခံရသော အဆောက်အ
ကြီးကိုမကျေမချမ်းဖြင့် လှည့်ကြည့်ရင်း မီးတိုင်တစ်ခုကိုယူ၍ မီး
လိုက်သည်။

မီးတုတ်ကြီးသည် မကြာမီ မီးများ တောက်လောင်လာ
သည်။

"ကဲကွာ"

သူသည် မီးတုတ်ကြီးကို အဆောက်အအုံကြီးထဲ ပစ်ထည့်
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူပစ်လိုက်သောနေရာမှ ရိက္ခာများသိုလှောင်သည့်နေရာ ဖြစ်၍ ခဏချင်းမှာပင် မီးတောက်ကြီးများ ထလာသည်။

အဆောက်အအုံကြီးတစ်ခုလုံးမှာ မကြာမီ မီးဟုန်းဟုန်း ထတောက်လောင်လာလေ၏။

( ၇ )

ကျောက်စိမ်းခဲ့တွင်း ရခဲကောဇာ

ရှောင်ကိုဇ်းမှ ကင်းစခန်းလူများ လဲလှယ်ရန် ရောက်ရှိလာသောအခါ ဆီးနှင်းများသည် မြေသလုံးတစ်ဝက်ခန့်ရောက်ရှိနေပြီဖြစ်၏။

လေပြင်းကလည်း တဟူးဟူးတိုက်ခတ်လျက်ရှိ၏။ နှင်းပွင့်များသည် လေပြင်းနှင့်အတူ လွင့်ပျံလျက်ရှိသည်။

သူတို့သည် အဆောက်အအုံကြီးကိုမတွေ့ရတော့ပေ။ မီးလောင်ပြင်နှင့် မီးလောင်တိုင်ငုတ်တိုများကိုသာ တွေ့ရတော့၏။

နှင်းတောထဲမှ ရှောင်လင်ကိုယ်တော်များ၏ အလောင်းများ၊ မီးလောင်ပြင်မှ အရိုးစုများကိုသာ တွေ့ရသည်။

ရောက်လာသည့်လက်ထောက်အဖွဲ့မှူးသည် သက်ပြင်းချရင်း ပြောလိုက်သည်။

"ဒါကြောင့် ကျုပ်ပြောတာပေါ့၊ မြွေဆိုးမြွေဟောက်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ပခြုပ်ထဲထည့်တားပေမယ့် လုံခြုံမှုမရှိနိုင်ဘူးဆိုတာလေ၊ အားလုံးက ပလွေရှင်ကိုလျှော့တွက်ထားကြတယ်၊ အခု ပလွေရှင်ရဲ့ အစွမ်းကိုသွားပြီ မဟုတ်လား၊ အားလုံးက လျှော့တွက်ထားခဲ့ကြတာ အမှားကြီးမှားခဲ့ပြီ”

သူသည် ယခုရောက်ရှိလာသည့် ကိုယ်တော်များထဲတွင် ဝါ စဉ်အကြီးဆုံးဖြစ်သည်။

သူ့လက်အောက်မှ ကိုယ်တော်တစ်ယောက်က လက်အုပ်ချီပြီး လျှောက်ထားသည်။

“ပြီးခဲ့တာတွေ ပြီးပါစေတော့ဘုရား၊ တပည့်တော်တို့လုပ်တို့လုပ်နိုင်တဲ့အလုပ်တစ်ခုကို လုပ်လိုက်ကြရအောင်”

“ဘာအလုပ်များ လုပ်ကြမှာလဲ”

“တရားခံကို အမိဖမ်းဖို့ပေါ့ဘုရား”

“ဘာ… လွတ်သွားတဲ့တရားခံကို ပြန်ဖမ်းမိအောင် ရှာဖွေကြမယ်ဟုတ်လား၊ မင်းတို့က လွတ်သွားတဲ့တရားခံကို ဘယ်လိုများ အောက်မေ့နေကြလို့လဲ”

လက်အောက်မှ ကိုယ်တော်မှာ တိတ်ဆိတ်နေတော့သည်။ လက်ထောက် အဖွဲ့မှူးက….

“ပလွေရှင်က ရုပ်အမျိုးမျိုးပြောင်းလဲတတ်တယ်၊ မင်းတို့ နားမလည်ပါဘူး၊ ဖန်ကောက်တင်ရဲ့အဆင့်ကို မင်းတို့မသိကြဘူး၊ ဖန်ကောက်တင်ဟာ အောက်လမ်းသိုင်းလောကမှာ အဓိပတိကြီး တစ်ယောက်ပဲ၊ သူဘယ်လိုလျှို့ဝှက်ဝင်လာတယ်ဆိုတာ ငါတို့ရှောင်



လင်ကျောင်းတော်က မသိတာဟာ ရှောင်လင်ကျောင်းတော်သိက္ခာကျဖို့ ဖြစ်သွားပါပြီ”

လက်ထောက်က ဆက်ပြော၏။

“သိုင်းကျမ်းတွေ ပျောက်ဆုံးသွားပြီဆိုတာ သိကတည်းက တရားခံကိုအဆုံးစီရင်ဖို့သင့်တာ၊ ကျောင်းထိုင်ဆရာတော်ဟာ ဒီလို အဆုံးစီရင်တဲ့အလုပ်ကို မလုပ်လိုတဲ့အတွက် အခုလို ဖန်ကောက်တင် လွတ်သွားရခြင်းပဲ”

လက်ထောက်အဖွဲ့မှူးသည် ရှောင်လင်ကျောင်းဝင်းထဲ၌ သာဖြစ်ပါက ဤသို့ပြောရဲမည်မဟုတ်ချေ။

ယခုနေရာမှာ ရှောင်လင်ကျောင်းဝင်းနှင့် အလွန်ဝေးကွာသောနေရာဖြစ်နေ၍သာ ယခုကဲ့သို့ ဝေဖန်ခဲ့ခြင်းဖြစ်သည်။

သူဝေဖန်သောစကားများမှာ အမှန်တရားပင်ဖြစ်သည်။ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးသည် ထိုဝေဖန်ချက်ကို ငြင်းဆယ်မည်မဟုတ်ချေ။

သို့သော် ထိုဝေဖန်ချက်ကို ရှောင်လင်ကျောင်းဝင်းထဲ၌ မပြောကြားခြင်းသာ အကောင်းဆုံးဖြစ်ပေသည်။

ယခုဖြစ်ရပ်ကို ကျောင်းထိုင်ဆရာတော်ကြီးမသိသေးပေ။ များသိသွားလျှင် မည်မျှစိတ်ထိခိုက်သွားမည်နည်း။

ဘုန်းတော်ကြီးများသည် မီးလောင်မြေထဲတွင် ထိုးဆွရှာဖွေကြလေ၏။

ဘုန်းတော်ကြီးတစ်ပါးသည် ပစ္စည်းလေးတစ်ခုကိုရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိခဲ့၏။

"အရှင်ဘုရား ဒီပစ္စည်းလေးတစ်ခုကိုတွေ့ရပါတယ်ဘုရား"

ထိုပစ္စည်းလေးကား ခြသေ့်ရုပ်လည်ဆွဲလေးပေတည်း။ ထိုပစ္စည်းမှာ ချင်ဖုန်ဖိုး၏ပစ္စည်းသာဖြစ်သည်၊ ချင်ဖုန်ဖိုးကျကျန်ရစ်ခဲ့သောပစ္စည်းလေး ဖြစ်၏။

"အင်း... လက်ရာကတော့ မြောက်ပိုင်းသားတွေအများဆုံးအသုံးပြုလေ့ပြုထရှိတဲ့လက်ရာမျိုးပဲ၊ ဒီအတိုင်းဆိုရင် ကယ်တင်သွားတဲ့လူဟာ မြောက်ပိုင်းသားတွေပဲဖြစ်ရမယ်"

ရှောင်လင်ဘုန်းတော်ကြီးတစ်ပါးက ကောက်ချက်ချလိုက်၏။

အခြားတစ်ပါးက...

"နှင်းတောင်ပေါ်မှာ ဖမ်းချုပ်ထားတယ်ဆိုတာ ရှောင်လင်ကျောင်းရဲ့လျှို့ဝှက်ချက်ပဲ၊ ဒီလျှို့ဝှက်ချက်ကို သူတို့သိတာ တော်တော်အံ့ဩစရာကောင်းတယ်၊ ဘယ်လိုလုပ်သိတာလဲ မသိဘူး"

"ရှောင်လင်ကျောင်းထဲမှာ သူလျှိုရှိနေလို့ပေါ့"

လက်ထောက်အဖွဲ့မှူးဘုန်းတော်ကြီးက ပြောလိုက်လေသည်။

ထိုဘုန်းကြီးမှာ အံ့ဩသွားသည်။

"သူလျှိုရှိတယ် ဟုတ်လား"

လက်ထောက်ဘုန်းတော်ကြီးက...

"ဟုတ်တယ်... ကျုပ်တို့ကျောင်းရဲ့လျှို့ဝှက်ချက်ကို အပြင်



ဘက်ဒုစရိုက်သမားတွေဆီကို သတင်းပို့နေတဲ့သူလျှိုတစ်ယောက်ရှိနေပြီဆိုတာ အခု ကျုပ်တို့သိရတာပဲ"

ဘုန်းတော်ကြီးအားလုံးသည် ရှောင်လင်ကျောင်းဝင်းအထဲ၌ သူလျှိုရှိနေပြီဟူသောအသိဝင်သွားသောအခါ ထိတ်လန့်သွားကြတော့၏။

နေမင်းကြီးသည် တထိန်ထိန်တောက်နေ၏။ နေမင်းက ပူသော်လည်း ပတ်ဝန်းကျင်က သိပ်မပူလှပါ။

အဘယ်ကြောင့်ဆိုသော် ပတ်ဝန်းကျင်၌လေအေးကလေးတိုက်နေသောကြောင့်တည်း။

နေမင်းကြီးအောက်၌ လူအများသွားလာနေကြသည်မှာ နေမင်းကြီး၏အပူရှိန်ဒဏ်ကိုမခံစားရသောကြောင့်တည်း။

ဆူချူးမြို့။

ဆူချူးမြို့သည် အသက်ဝင်လာနေသည်။ လူများ တစ်စသက် တစ်စများပြားလာနေသည်။

ဆူချူးမြို့မှာ မြို့ကြီးပြကြီးမဟုတ်ပေ။ သို့သော် တောင်ခြင်းပြည်နယ်များထဲ၌ အချက်အချာကျသော မြို့ကလေးဖြစ်သဖြင့်...

ထိုမြို့သည် အရှေ့စူးစူးသို့သွားသော လုယန်းမြို့သို့တည်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာနိုင်သည်။ အနောက်အရပ်ရှိ အန်ရှီမြို့သို့လည်း ထွက်ခွာနိုင်သည်။ တောင်အရပ်ဖြစ်သည့် ချင်ချောင်မြို့သို့လည်းသွားနိုင်သည်။ မြောက်အရပ်ဖြစ်သည့် တောင်ကာမြို့သို့လည်း သွားနိုင်သည်။

အရှေ့အနောက် တောင်မြောက် မည်သည့်အရပ်သို့ထွက်ထွက် ဤမြို့မှထွက်နိုင်သည်။ လှေဆိပ်၊ လှည်းဆိပ်ရှိသည်။

ကုန်ရောင်းကုန်ဝယ်အနယ်နယ် အရပ်ရပ်မှ လူစုံလှသောကြောင့် အနာဂတ်၏မြို့ကြီးဖြစ်မည်ဟု လူတိုင်းက သတ်မှတ်ထားကြ၏။

ထိုမြို့တွင် ကုန်သည်ပွဲစား၊ ဈေးရောင်း၊ ဈေးဝယ်လူစုံလှသလို သိုင်းဂိုဏ်းများလည်း ပွစာကြဲတည်ရှိနေသည်။

သိုင်းဂိုဏ်းများတွင် အောက်လမ်းဂိုဏ်း၊ အထက်လမ်းဂိုဏ်းစသည့်ဖြင့် ဂိုဏ်းမျိုးစုံပါဝင်သည်။

ကုန်သည်ပွဲစား၊ ကူလီ၊ လယ်လုပ်၊ ဈေးရောင်း၊ ဈေးဝယ်၊ သိုင်းသမားစသည်ဖြင့် လူတန်းစားအလွှာစုံ ရှိလာတော့သည်။

လူစုံ၊ သတင်းစုံ ကောင်းခြင်းအဖြာဖြာစုံလာသောကြောင့် အုပ်ချုပ်ရေးလူတန်းစားများသည် ဤမြို့ကလေးကိုသဘောကျလာသည်။ မျက်စိဒေါက်ထောက်ကြည့်လာသည်။

ယနေ့တွင် နယ်စားကြီးဇီဂျင်ဟိုးသည် ဤမြို့ကလေးသို့ရောက်နေသည်။ သူရောက်နေသည်မှာ အကြောင်းရှိဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် မြို့ဝင်မြို့ထွက်ဂိတ်တွင် တပ်စိတ်တစ်စိတ်နှင့်အတူ တစ်စုံတစ်ခုကိုမျှော်နေခြင်းကြောင့်တည်း။



သူသည် ရုပ်ဖျက်ထားသဖြင့် မည်သည့်မြို့သူမြို့သားများက သူ့အား မှတ်မိကြလိမ့်မဟုတ်ချေ။ သာမန်မြို့သားတစ်ယောက်ဟု ထင်ကြပေလိမ့်မည်။

ထိုစဉ် ကူးတို့ဆိပ်ဆီမှ ဖြူဖြူသဏ္ဌာန်တစ်ခု တဖြည်းဖြည်းရွေ့လာသည်။ ထိုသဏ္ဌာန်ဆီသို့ အာရုံပြုမိသွားကြသည်။

တဖြည်းဖြည်းနီးလာသောအခါ ရုပ်လုံးပေါ်လာသည်။ အသွင်သဏ္ဌာန်ပေါ်လာသည်။

လူလေးယောက်ထမ်းလာသည့် ဝေါယာဉ်တစ်ခုပေတည်း။ ထိုဝေါယာဉ်တွင် ဇာပါးပါးလေးကာရံထားလေသည်။

နယ်စားဇီဂျင်ဟိုး၏မျက်နှာမှာ ညိုမည်းစပြုလာလေသည်။

"သခင်မလေး ပါလာပြီ နယ်စားကြီး"

"အေး... ကောင်းပြီ၊ ဒါဆို အစီအစဉ်အတိုင်းသတ်မှတ်ထားတဲ့နေရာကို ခေါ်သွားကြ"

ထိုသူသည် ဝေါယာဉ်ရှိရာသို့ ကပျာကယာထွက်ခွာသွားလေ၏။

ထို့နောက် ဝေါယာဉ်သည် သီးသန့်တည်းခိုခန်းတစ်ခုဆီသို့ အရွေ့ရွေ့ ထွက်ခွာသွားလေတော့၏။

နယ်စားကြီးနှင့် အပေါင်းအပါများသည် ထိုဝေါယာဉ်ကို ကြည့်၍ ကျန်ရစ်ခဲ့ကြ၏။

သူတို့သည် ဝေါယာဉ်နှင့်အတူ မသွားလိုသဖြင့် နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

ဝေယာဥ်သီးသန့်တည်းခိုခန်းသို့ရောက်ပြီးသောအခါမှ နယ်စားကြီးတို့လိုက်ပါသွားကြသည်။

တည်းခိုခန်းက စောင့်ကြပ်တာဝန်ယူနေသူများမှာ နယ်စားကြီး၏တပည့်တပန်းများသာဖြစ်၍ နယ်စားကြီးဒေါသဖြစ်နေသည်ကို သူတို့အားလုံးသိရှိနေကြသည်။

ထို့ကြောင့် အားလုံးပျာယာခတ်နေကြသည်။ နယ်စားကြီးရောက်လာသောအခါ တာဝန်ရှိသူများမှအပ အခြားသူများမှာ လှုပ်ပင်မလှုပ်ဝံ့ကြတော့ချေ။

နယ်စားကြီးသည် ခရီးရောက်မဆိုက်....

"ဘယ်မလဲ ကောင်မ"

"ဟို... ဟို... အခန်းထဲမှာပါ နယ်စားကြီး"

နယ်စားကြီးသည် ညွှန်ပြသည့်အခန်းတွင်းသို့ ဆိုက်ဆိုက်ဝင်ရောက်သွားလေသည်။

အခန်းတွင်းရှိ ခုတင်တစ်လုံးပေါ်တွင် အသာအယာလဲလျောင်းနေသည့် သခင်မလေးကိုတွေ့ရလေသည်။ သခင်မလေးနာမည်ကား ချူယီတည်း။

ချူယီက မျက်လုံးဖွင့်ကြည့်ပြီး ကပျာကယာထသည်။

"ရက်စက်လိုက်တာ အစ်ကိုတော်ရယ်၊ ကျွန်မကို စံအိမ်တော်ထဲမှာတောင်တွေ့လိုစိတ် မရှိတော့ဘူးလားဟင်"

တွေ့တွေ့ချင်း သခင်မလေးချူယီက အပြစ်တင်လိုက်လေသည်။



နယ်စားကြီးက....

"နင်နဲ့စံတော်အိမ်နဲ့တန်လို့လား ချူယီ၊ လူဆိုတာ တန်ရာတန်ရာမှနေရတာယ်၊ အမျိုးဖျက်မ နင်ခုလိုဖြစ်သွားတဲ့ကိစ္စမှာ ငါ့ဂုဏ်သိက္ခာကို ဘယ်လောက်ထိခိုက်သွားတယ်ဆိုတာ နားလည်ရဲ့လား"

ချူယီမှာ ဘာမှပြန်မပြောနိုင်ပေ။ မျက်နှာငယ်ကလေးဖြင့် ကြည့်နေသည်။

တကယ်တော့ သူသည် အပြစ်ကျူးလွန်ခဲ့သူ မဟုတ်ပါလား။ ချူယီမှာ ရှိုက်ကြီးတငင်ငိုကြွေးလိုက်သည်။

"ကျွန်မဖြင့် ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး အစ်ကိုတော် ကျွန်မသာ ကွမ်ယင်မယ်တော်ဘုရားကျောင်းထဲမှာ အာရုံပြုနေမိတာပါ၊ အဲဒီအချိန်မှာစူးရှတဲ့ အမွှေးတိုင်အနံ့တစ်ခုကို ရှူမိပြီး အဟင့်... အဟင့်"

ထိုအခါကျမှ အထိန်းတော်ကြီးတစ်ယောက်က ဝင်ရောက်ရှင်းပြသည်။

"ဟုတ်ပါတယ် နယ်စားကြီး၊ သခင်မလေးချူယီဟာ မိုင်းကောင်းကျောက်ဖိနေတဲ့ မိန်းကလေးပါ။ အခုကိစ္စမှာ သူ့မှာ အပြစ်မရှိပါဘူး၊ အောက်လမ်းအတတ်ပညာနဲ့ ပြုစားသွားတဲ့ကိစ္စပါ၊ သူ့မေတ္တာကိုအောက်လမ်းနည်းနဲ့ လှည့်ဖျားယူသွားတာ အမှန်ပါ"

သို့သော်လည်း နယ်စားကြီး၏မျက်နှာထားမှာ တစ်ချက်မျှလျော့ပါးသွားခြင်းမရှိပါပေ။

www.burmeseclassic.com

www.burmeseclassic.com



"တောက်... ဒါသက်သက်စော်ကားတာ၊ နင့်ကို အခမ္ဘခေါ် ဆောင်သွားတဲ့လူဟာ ဘယ်သူလဲပြောစမ်း"

ချူယီမှာ ပြောဖို့ဝန်လေးနေရှာသည်။ နှုတ်ခမ်းများတ ဆတ်ဆတ် တုန်နေသည်။

"ပြောလေ ငါမေးနေတာ မကြားဘူးလား"

နယ်စားကြီး ဇီဂျင်ဟိုးမှာ စိတ်မရှည်တော့ပေ။ သူသည် ဒေါသထွက်နေသည့်အလျောက် အော်ဟစ်မေးလိုက်လေ၏။

"ဟို... ဟို ကျောက်စိမ်းပလ္လေရှင် ဖန်ကောက်တင်ပါ"

"ဘာ"

နယ်စားကြီး ဇီဂျင်ဟိုးမှာ ဦးခေါင်းကိုမိုးကြိုးပစ်သလို ဖြစ်သွားလေသည်။ သူသည် ဖန်ကောက်တင်ကိုသိသည်။

အောက်လမ်းသိုင်းလောက၌ နာမည်ကြီးနေသောသိုင်းသမားဖြစ်သည်။

ယခု ထိုသိုင်းသမားက မိမိ၏နမကလေးကို စော်ကားသွားလေပြီ။

နယ်စားကြီးသည် အသားများဆတ်ဆတ်တုန်နေသည်။ ထိုကိစ္စကို သူပေါ့ပေါ့ဆဆသဘောထား၍ မဖြစ်တော့ပေ။

ကျောက်စိမ်းပလ္လေရှင်ဖန်ကောက်တင်ကို ဆုံးမမှဖြစ်တော့မည်။ သူကိုယ်တိုင်လည်း သိုင်းပညာတတ်မြောက်သောသိုင်းသမားတစ်ဦးပင်။

ဖန်ကောက်တင်၏အပြုအမူသည် သူ့အားစိန်ခေါ်သည်



သဘော သက်ရောက်နေသည်။

နယ်စားကြီး ဇီဂျင်ဟိုးက....

"ကျောက်စိမ်းပလ္လေရှင်ဖန်ကောက်တင် ဟုတ်လား... ဒီ ကောင် လူပါးဝတယ်၊ ငါလဲ သိုင်းပညာရှင်ပဲ၊ ငါ့ကို စိန်ခေါ်တဲ့သ ဘောသက်ရောက်တယ်၊ ဒီတော့ ငါကလဲ သူ့ကိုစိန်ခေါ်ပြီး တိုက်ခိုက် မယ်"

"ဖြစ်... ဖြစ်ပါမလား အစ်ကိုတော်ရယ်၊ ဒီလူယုတ်မာနဲ့ပတ် သက်ပြီး ပြဿနာအဖြစ်မခံပါနဲ့၊ အစ်ကိုတော် ဒုက္ခရောက်နေပါဦး မယ်"

နမတော်ချူယီက စိုးရိမ်စိတ်ဖြင့် တားဆီးလေသည်။

နယ်စားကြီးက စိတ်မရှည်တော့ပေ။

"တိတ်စမ်း... သင်းလိုကောင်မျိုးကို အနိုင်မတိုက်နိုင်ရင် သိုင်းလောကထဲက ထွက်သွားမယ်သိလား"

ချူယီမှာ ဘာမှမပြောဘဲ တိတ်ဆိတ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

## ရှုံးသည့်တိုက်ပွဲ

နှင်းဖွဲကလေးများ ကျဆင်းနေ၏။

မြို့ပြင်ရှိ ဘုရားကျောင်းပျက်ဆီသို့ နယ်စားကြီး ဇီဂျင်ဟို
တစ်ယောက် လုံရှည်ကြီးကိုင်ကာ မြင်းကိုဒုန်းစိုင်းစီးနှင်းလာခဲ့သည်
မျက်နှာအမူအရာက ခက်ထန်ကြမ်းကြုတ်နေသည်
ကြောက်လန့်တုန်လှုပ်သည့်အမူအာ လုံးဝမရှိချေ။

သူ့မျက်နှာမှာ နီရဲနေ၏။ နာကျည်းခြင်း၊ မုန်းတီးခြင်
လက်စားချေလိုခြင်းများ ထင်ဟပ်နေသည်။

သူသည် ပလွေရှင်ဖန်ကောက်တင်အပေါ် စိန်ခေါ်တိုက်
ခိုက်ခွင့်ရသည့်အတွက် သူ့ကိုယ်သူ ကျေနပ်နေသည်။

နယ်စားကြီး၏မြင်းခွာသံသည် တိတ်ဆိတ်ငြိမ်သက်
သော ပတ်ဝန်းကျင်တစ်ခုၙ ပဲ့တင်ရိုက်ခတ်လျက်ရှိသည်။

သူသည် ဘုရားကျောင်းပျက်ကြီးကို လှမ်းကြည့်လိုက်



ဘုရားကျောင်းပျက်ကြီးကိုမြင်ရစ ပြုပေပြီ။

နယ်စားကြီးဇီဂျင်ဟိုး တွေးနေ၏။ သူတို့သည် ဤရက်ဤ
အချိန်၌ ချိန်းဆိုထား၏။

ဖန်ကောက်တင်သည် ချိန်းဆိုထားသည့်အချိန်ထက် စော
၍ရောက်နေလိမ့်မည်ဟု သူယူဆသည်။

နယ်စားကြီးသည် နေ့စဉ်သိုင်းလေ့ကျင့်ခဲ့သူဖြစ်၏။ သူ၏
ရက်ဆက်လေ့ကျင့်မှုကြောင့် နယ်စားကြီးသည် သူ့ကိုယ်သူ စိတ်ချ
ယုံကြည်ပေသည်။

သူသည် ဖန်ကောက်တင်အား တိုက်ခိုက်မှုအတွက် လုံးဝ
စိတ်ထဲ၌ လေးပင်မှုမရှိချေ။

ပေါ့ပေါ့ပါးပါးပင် ရှိသည်။ သူ၏နှမတော်အတွက်သာ သူ
ဒေါသထွက်နေခြင်းဖြစ်သည်။

ဘုရားကျောင်းပျက်ကြီး။

ဘုရားကျောင်းပျက်ဆိုသည့်အတိုင်း လူတစ်ဦးတစ်ယောက်
မျှ မရှိတော့ချေ။

မြို့နှင့်လည်း အတော်ဝေးသဖြင့် အနီးအနားၙလည်း လူ
သူအရောက်အပေါက်မရှိချေ။

သူသည် ဘုရားကျောင်းပျက်ကြီးကို ကြည့်လိုက်၏။
အထဲ၌ လူရှိဟန်မတူပေ။ အရိပ်အယောင်မမြင်ရချေ။

ထို့ကြောင့် သူသည် လုံရှည်ကိုကိုင်ရင်း မြင်းပေါ်မှဆင်း
သက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ပလွေရှင် ဖန်ကောက်တင်၊ ငါရောက်လာပြီ ထွက်ခဲ့တော့"

သူသည် အတွင်းအားထုတ်၍ အကျယ်လောင်ဆုံးပြောလိုက်၏။ အသံကလည်း တကယ်ကျယ်လောင်ပါသည်။ ဒီအသံကို မိုင်ဝက်မျှကပင် ကြားရမည်ဟုထင်သည်။

သို့သော် ဘုရားကျောင်းပျက်အတွင်းမှ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ဘဲဖြစ်နေရသည်။

သူ့အော်သံကတော့ ဘုရားကျောင်းပျက်နံရံများကိုရိုက်ပြီး ပဲ့တင်ထပ်နေသည်။

နယ်စားကြီး မသက်သာဖြစ်လာသည်။ ဖန်ကောက်တင်ကား စိန်ခေါ်လျှင် တိမ်ပေါ်အထိ လိုက်ပြီး တိုက်ခိုက်တတ်သူသာတည်း။ ယခု အဘယ်ကြောင့်အရိပ်အယောင် မမြင်ရသနည်း။

"ဟော့… ဖန်ကောက်တင် ဘာကြောင့် ပုန်းနေတာလဲ၊ ငါရောက်လာပြီလေ၊ ထွက်ခဲ့ပါတော့လား"

နယ်စားကြီးက ဒုတိယအကြိမ် ထပ်မံခေါ်လိုက်၏။ထိုစဉ်…

"ရှိ… ရှိ… ရှိ"

"ရှိ… ရှိ… ရှိ"

ဘုရားကျောင်းဘုံဆင့်တစ်ခုဆီမှ ပလွေသံကိုကြားလိုက်ရသည်။

သို့သော် လူအရိပ်အယောင်ကိုကား လုံးဝမမြင်ရဘဲဖြစ်နေသည်။



သို့သော် ဖန်ကောက်တင်သည် ဤသို့ပင် ကိုယ်ယောင်ဖျောက်နေတတ်သည်လား။

ဤသည်ကိုတော့ နယ်စားကြီးဇီဂျင်ဟိုး မသိပေ။

"လူယုတ်မာ ဘာဖြစ်လို့အပေါ်မှာကပ်နေတာလဲ၊ ဆင်းခဲ့လေ၊ မင်းကိုငါစိန်ခေါ်ထားတယ် မဟုတ်လား ဆင်းခဲ့"

"ရှိ… ရှိ"

ပလွေသံသာ ပေါ်လာသည်။ လူကိုတော့ မမြင်ရသေးပေ။

ပလွေသံသည် နယ်စားကြီး၏ဒေါသကိုဆွပေးသကဲ့သို့ ဖြစ်နေလေ၏။

သူသည် လုံ့ရှည်ကိုကိုင်မြှောက်ရင်း…

"လူယုတ်မာ ဆင်းခဲ့စမ်း ဘယ့်လိုလဲ၊ ငါက မင်းကိုပင့်ခေါ်နေရဦးမှာလား၊ မင်းမှာ နည်းနည်းမှသတ္တိမရှိတော့ဘူးလား"

သူသည် ဘုရားကျောင်းပျက်ဘေးရှိ ကျောက်တုံးတစ်တုံးအား ပစ်ကန်လိုက်သည်။ ကျောက်တုံးသည် လိမ့်ဆင်းသွားလေ၏။

ထိုအခါ လူရိပ်တစ်ရိပ်သည် ဘုရားကျောင်းခေါင်မိုးပေါ်မှ ခုံဆင်းလာလေ၏။ ဖန်ကောက်တင်ပေတည်း။

"ဟဲ… ဟဲ… ဟဲ နယ်စားကြီးက ဒေါသကြီးပဲကိုး၊ ကျုပ်က စိန်ခေါ်ပွဲတိုင်း သွေးပူပြီး တိုက်ခိုက်တယ်ဆိုတာ လုံးဝမရှိသေးဘူး၊ အေးအေးဆေးဆေးသီချင်းတစ်ပုဒ်လောက် မှုတ်ပြီးမှ တိုက်ခိုက်ပါရစေလားဗျာ"

ဖန်ကောက်တင်သည် အမြင်ကတ်လောက်အောင် စတင်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေလေ၏။

နယ်စားကြီးဇီဂျင်ဟိုးသည် ဖန်ကောက်တင်ကိုကြည့်နေ၏။ ပလွေကလေးမှတစ်ပါး အခြားလက်နက်ကိုမမြင်မိပေ။ ထို့ကြောင့် စိတ်ထဲ၌အံ့သြနေမိလေ၏။

"မင်း ဘာတွေပြောနေတာလဲ"

"ကျုပ်က ကျုပ်ရဲ့အလေ့အထကို ပြောနေတာပါ၊ ကျုပ်ဟာ ဘယ်ပြိုင်ပွဲကိုမှ ဆူဆူပူပူနဲ့မပြိုင်တတ်ဘူးဗျ။ အဲဒီတော့ ကျုပ်ကို ဆူဆူပူပူမလုပ်ပါနဲ့၊ ဒါဆို ခင်ဗျားနဲ့ယှဉ်ပြိုင်မယ်"

"လုပ်ပါ မင်းကို ကျုပ်က စိန်ခေါ်ထားတာပဲ၊ ဘယ်လိုပဲ တိုက်တိုက် တိုက်ကြရအောင်"

"ကဲ... ဒါဖြင့် ကျုပ်တိုက်ခိုက်ပြီ"

ဖန်ကောက်တင်သည် သူ၏ကျောက်စိမ်းပလွေကို အဆင်သင့်ပြင်လိုက်လေ၏။

နယ်စားကြီးဇီဂျင်ဟိုးသည် သူ၏လှံတံရှည်ကြီးကို အသင့်ပြင်လိုက်သည်။

ဖန်ကောက်တင်က နယ်စားကြီး၏ လှုပ်ရှားမှုကိုမမှိတ်မသုန် ကြည့်နေ၏။

"ကျား"

ဇီဂျင်ဟိုးသည် လွှားခနဲခုန်ဝင်ပြီး လှံရှည်ကြီးဖြင့် တိုက်ခိုက်သည်။

ထိုအခါ ဖန်ကောက်တင်က ကျောက်စိမ်းပလွေဖြင့် တိုက်ခိုက်ပြီး ကာကွယ်လိုက်သည်။



ဖန်ကောက်တင်၏အရှောင်အတိမ်းမှာ မဆိုးလှချေ။ သာမန် သိုင်းသမားဆိုလျှင် ဇီဂျင်ဟိုး၏လှံချက် မိသွားပေလိမ့်မည်။ ဖန်ကောက်တင်သည် ထပ်မံရှောင်တိမ်းမည်ဆိုပါက ရှောင်တိမ်းနိုင်သည့်အနေအထားဖြစ်နေသည်။

"ကျား"

"ဝှစ်... ဝှစ်... ဝှစ်"

ဇီဂျင်ဟိုးသည် ဧကရာဇ်ဓားသိုင်းဆယ်ကွက်ပြင်းပြင်းထန်ထန် တိုက်ခိုက်တော့၏။

ထိုသိုင်းကွက်များမှာ ရှေးဟောင်းတရုတ်စစ်သည်တို့ သုံးလေ့ရှိသောတိုက်ကွက်များဖြစ်သည်။

ရန်သူအင်အားများများနှင့် တိုက်ခိုက်ရာ၌ ထိုတိုက်ကွက်သည် ပို၍ထိရောက်သည်။

နယ်စားကြီးဇီဂျင်ဟိုးသည် အသာစီးရနေသဖြင့် အဆက်မပြတ်တိုက်ခိုက်နေသည်။ တိုက်ကွက်များ ပို၍ပြင်းထန်လာသည်။

ဖန်ကောက်တင်သည် နှစ်ဆင့် ခုန်ရှောင်လိုက်၏။ ခုန်ရှောင်ရင်း ဝတ်ရုံကြီးအား လေထဲတွင် ဖြန့်လိုက်သည်။

ဇရာမငှက်ကြီးတစ်ကောင် တောင်ပံဖြန့်သကဲ့သို့ ထင်မှတ်ရသည်။ ဝတ်ရုံကြီးမှာ လေထဲ၌လွှားခနဲဖြစ်သွားသည်။

သူသည် တစ်စုံတစ်ခုကိုထုတ်ယူလိုက်၏။ သူယူသည်အရာမှာ သံမဏိကွင်းဆက်ကလေးများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းပလွေရှင်၏လက်နက်မှာ သံမဏိကွင်းဆက်များပင် ဖြစ်သည်မဟုတ်ပါလား။

“ဝှီး”

“ဝှီး”

သူသည် ဇီဂျင်းဟိုးထံသို့ သံမဏိကွင်းကလေးများကို ပစ်လွှတ်လိုက်လေသည်။

သူသည် သံမဏိကွင်းများကိုပစ်လွှတ် လိုက်သော်လည်း ချိတ်ဆက်ဖြင့် ထိုသံမဏိကွင်းများကို ပြန်လည်ဆွဲ ယူနိုင်သည်။

ထူးဆန်းအံ့ဩစရာကောင်းလောက်အောင် ပညာတစ်မျိုးပါပေ။ သံမဏိကွင်းကလေးများသည် မျက်လှည့်ပြသလိုလေထဲ၌ ပလူပျံအောင် ရောက်ရှိနေ၏။

နယ်စားကြီးဇီဂျင်ဟိုးသည် လုံ့ရှည်ဖြင့် ရိုက်ထုတ်ပစ်နေရ၏။ တမင်တီထင်ထားသောသိုင်းပညာရပ်ဖြစ်ခြင်းကြောင့် အလွန်ရှုပ်ထွေးလှသည်ကိုတွေ့ရှိရ၏။

နယ်စားကြီးသည် မတတ်သာတော့သဖြင့် လွှားခနဲခုန်ရှောင်လိုက်ရ၏။

“ဘယ့်နှယ်လဲ နယ်စားကြီး၊ ကျုပ်ရဲ့သိုင်းပညာက ခင်ဗျားကိုတိုက်ခိုက်ဖို့လောက်တော့ အဆင့်မီပါသေးတယ်နော်၊ သိပ်အောက်တန်းတော့ မကျပါဘူး”

ဖန်ကောက်တင်က ရယ်ရယ်မောမောပင် ပြောလိုက်လေသည်။



နယ်စားကြီး ဇီဂျင်ဟိုးက မျက်နှာကြီးမဲ့လိုက်တော့သည်။

“ဟား... ဟား... ဟား လမ်းဘေးမျက်လှည့်သမားတွေတတ်ထားတဲ့ပညာလောက်ကို ကျုပ်က အထင်ကြီးရမလား၊ ဖန်ကောက်တင် သိပ်အပြောမကြီးနဲ့ ပွဲက အခုမှအစပဲရှိသေးတယ်”

သူ့ပညာကို လမ်းဘေးမှမျက်လှည့်ပညာဟု အပြောခံလိုက်ရသဖြင့် ဖန်ကောက်တင်ဒေါသဖြစ်သွားသည်။ သူမျက်နှာကြီးနီမြန်းသွားသည်။

“ကျား”

သူသည် မာန်သွင်းအော်ဟစ်ရင်း သံမဏိကွင်းများပစ်လွှတ်လိုက်လေ၏။

နယ်စားကြီးသည် ကိုယ်ကိုယို့ကာ ရှောင်တိမ်းလိုက်ရာ သံမဏိကွင်းဆက်များမှာ ပွတ်ကာသီကာ လွဲသွားလေ တော့သည်။

ထိုသံမဏိကွင်းများမှာ လူ့အသက်ကိုအန္တရာယ်မပေးနိုင်ပေ။ သို့သော်ဒဏ်ရာအနာတရတော့ ရနိုင်ပေသည်။

ထိုအရာများကို မျက်စိရှင်ရှင်ထား၍ ရှောင်နေရသည်မှာ အလုပ်တစ်ခုပင်။

ဖန်ကောက်တင်သည် လက်နက်နှင့်ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်သူတစ်ဦးဖြစ်သည်။ သူသည် ကွင်းဆက်လက်နက်များကို ကောင်းစွာကိုင်တွယ်နိုင်သည်။

“ဝှီး... ဝှီး... ဝှီး”

“ဂွစ်... ဂွစ်... ဂွစ်”

www.burmeseclassic.com

www.burmeseclassic.com



"ခြိမ်း"

"ချလန်း... ချလန်း"

နယ်စားကြီးဇီဂျင်ဟိုးသည် ခြေထောက်နှင့်ကန်ထုတ်ပစ်သည်။ လှံရှည်ကြီးဖြင့် တိုက်ခိုက်သည်။

ဖန်ကောက်တင်သည် ဟိုခုန် သည်ခုန်နှင့်ရှောင်တိမ်းနေရသည်။ ဤသို့ရှောင်တိမ်းရင်း ဘုရားကျောင်းပျက်၏ ကျဉ်းမြောင်းသည့်နေရာတစ်နေရာသို့ ရောက်ရှိသွားလေတော့သည်။

သူတို့၏တိုက်ခိုက်မှုသည် ပို၍ပင် သွက်လက်လာတော့သည်။

"ဒုတ်"

နယ်စားကြီး၏ လှံရှည်ကြီးသည် ကျောင်းပျက်နံရံကိုထိုးဖောက်သွားသည်။

နယ်စားကြီးသည် ဖန်ကောက်တင်အား မိုက်ဇာတ်သိမ်းပစ်ရန် ကြိုးစားနေခြင်းဖြစ်သည်။

အလွန်ကျဉ်းမြောင်းသောနေရာဖြစ်၍ ဖန်ကောက်တင်သည် သူ၏သံကွင်းဆက်လက်နက်နှင့်ထုတ်၍ ပစ်ရန် အခွင့်မသာခဲ့ချေ။

"ဝိုး"

လှံသွားသည် ဖန်ကောက်တင်၏ဦးခေါင်းထိပ်၌ ပျံဝဲသွား၏။ ဖန်ကောက်တင်၏ကျစ်ဆံမြီးတစ်ပိုင်းမှာ လှံသွားပေါ်၌ ပါသွားသည်။



သိုင်းသမားတစ်ယောက်အတွက် ဤသို့ဖြစ်ရခြင်းမှာ ရှက်ဖွယ်လိလိပင်။ ဖန်ကောက်တင်၏မျက်နှာသည် ချက်ချင်းညိုမည်းသွား၏။

နယ်စားကြီး၏ သိုင်းပညာအစွမ်းကိုသိသွား၍က တစ်ကြောင်း၊ သူအရှက်တစ်ကွဲအကျိုးနည်းဖြစ်ရခြင်းကြောင့် တစ်ကြောင်း သူလွန်စွာဒေါသဖြစ်မိလေ၏။

သူ့ကိုယ်သူအထင်ကြီးထားမှုလည်း ပျောက်ဆုံးပျက်စီးသွားလေတော့သည်။

"ကျား"

"ခြိမ်း"

နယ်စားကြီးဂုဏ်ယူဝံ့ကြွားနေစဉ် ဖန်ကောက်တင်က သံကွင်းဆက်လက်နက်များဖြင့် အလစ်ပစ်လိုက်သောအခါ နယ်စားကြီး၏လှံရှည်ကြီးမှာ သံမဏိကွင်းဆက်များအကြားပါသွား၏။

"ဝိုး"

"ဒုတ်"

လှံရှည်ကြီးမှာ ကျောင်းပျက်နံရံတွင် သွားစိုက်နေသည်။

နယ်စားကြီးမှာ လက်နက်မဲ့ဖြစ်သွားလေပြီ။ သူသည် ဖန်ကောက်တင်ကိုအထင်သေးမိသည်မှာ မှားပြီဖြစ်ကြောင်း သိရှိသွား၏။

နယ်စားကြီးသည် လက်နက်မဲ့သိုင်းပညာဖြင့် တိုက်ခိုက်ရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လက်နက်မဲ့သိုင်းပညာဖြင့် တရစပ်တိုက်ခိုက်တော့၏။

လူချင်းပူးကပ်လာသောအခါ ဖန်ကောက်တင်သည် သူ၏ သံကွင်းဆက်လက်နက်ဖြင့် တိုက်ခိုက်ရန် အခက်အခဲတွေ့လာ၏။ သူသည် နယ်စားကြီး၏တိုက်ကွက်များကိုအလိုက်သင့် အလျားသင့် ရှောင်နေရ၏။

ထိုစဉ် ဖန်ကောက်တင်သည် နောက်သို့တစ်လှမ်းဆုတ်၍ ရှောင်တိမ်းသွား၏။ ထိုအခါ လူချင်းကွာသွားသည်။

ဖန်ကောက်တင်သည် သူ၏သံမဏိကွင်းလက်နက်ကလေးကို ဆွဲထုတ်နိုင်သွားသည်။

သူသည် နယ်စားကြီးဇိဂျင်ဟိုးအား သံမဏိကွင်းလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်နေတော့သည်။

နယ်စားကြီးမှာ ယခုမှ ချွေးသီးချွေးပေါက်ကျရတော့သည်။ သူရှောင်တိမ်းနေရပြီမဟုတ်ပါလား။

သို့သော် နယ်စားကြီးမှာ သံမဏိကွင်းလက်နက်များကို လွတ်အောင် မရှောင်နိုင်ချေ။

မကြာမီ နယ်စားကြီး၏လက်နှစ်ဖက်ကို သံမဏိကွင်းများ စွပ်မိသွား၏။ နယ်စားကြီးသည် ခြေထောက်ဖြင့်ကန်သည်။ သို့သော် ကြာကြာမကန်နိုင်ချေ။

"ဝုန်း"

နယ်စားကြီး ပစ်လဲကျသွား၏။ သူသည် အံကြိတ်၍ လူး



လဲထသည်။ သို့သော် သူမထနိုင်ချေ။ ထိုစဉ် ဖန်ကောက်တင်က ပြေး၍ ကန်လိုက်လေ၏။

"ဝုန်း"

နယ်စားကြီး လိမ့်သွားသည်။ ကျောင်းပျက်နံရံ၌ ဆောင့်ပြီး အလိမ့်ရပ်သွားသည်။

နယ်စားကြီးမှာ ချွေးတဒီးဒီးကျနေလေပြီ။ သူ့မျက်လုံးများလည်း ဝေဝါးနေလေပြီ။

ဖန်ကောက်တင်ကို သူမနိုင် နိုင်တော့ပေ။ အရှုံးပေးရပေတော့မည်။

နယ်စားကြီးသည် လူးလဲထရန် အားခဲလေ၏။ သူအရှုံးမပေးလိုချေ။ မိမိ၏နှမကိုစော်ကားသောသူကို အရှုံးပေးရတော့မည်လော။

ဖန်ကောက်တင်သည် သံကွင်းဆက်များကိုဝှေ့ယမ်းရင်း ရှေ့သို့တိုးလာလေ၏။

"ခွမ်း... ခွမ်း... ခွမ်း"

ဖန်ကောက်တင်သည် နယ်စားကြီးအား လက်စတုံးရန် ရှေ့သို့ တဖြည်းဖြည်းချဉ်းကပ်လာသည်။

သူသည် နယ်စားကြီးနှင့် အစွမ်းကုန်တိုက်ခိုက်ထားသော်လည်း နွမ်းနယ်ခြင်းမရှိ၊ ယိမ်းယိုင် ခြင်းမရှိသေးပေ။

နယ်စားကြီး အခြေအနေဆိုးရွားသလောက် ဖန်ကောက်တင်က အခြေအနေကောင်းနေ၏။ ထိုစဉ် နယ်စားကြီးသည် တုန်

www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်ယင်ဖြင့် မတ်တတ် ထရပ်လာလေ၏။

"ဟား... ဟား... ဟား ခင်ဗျားက ကျုပ်ကိုတိုက်ခိုက်နိုင်သေးလို့လား"

နယ်စားကြီးမှာ ခွန်းတုံ့ပြန်မပြောနိုင်ပေ။ သူ၏ခွန်အားများ ကုန်ခန်းသွားပြီမဟုတ်ပါလား။

ဖန်ကောက်တင်သည် တဖြည်းဖြည်း ရွေ့တိုးလာရင်းက လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်၏။

"ဝုန်း"

နယ်စားကြီး လွင့်စဉ်ကျသွားသည်။

"ဟား... ဟား... ဟား ဘယ်လိုလဲ၊ ခင်ဗျား တိုက်လဲမတိုက်နိုင်ပါလား"

သူသည် နယ်စားကြီး၏လုံ့ကြီးကို ဆွဲယူလိုက်၏။

"ကျုပ်ကို ဒီလောက်တိုက်ချင်နေတဲ့ခင်ဗျားကို ဓာတ်သိမ်းပေးလိုက်မှ အေးမယ်"

သူသည် ပြောပြောဆိုဆို လုံသွားကို ဖွေ့ယမ်းလိုက်၏။ နယ်စားကြီး၏လည်ပင်းမှာ နီရဲသောသွေးများ ဖြာခနဲကျလာလေ၏။

ဖန်ကောက်တင်သည် သူ၏ပလွေ့ကိုကောက်ကိုင်ကာ အသုဘတေးတစ်ပုဒ်ကို သီမှုတ်လေတော့၏။

( ၉ )

## တွေးရခက်သော မိန်းကလေး

ရွှေမားသခင် စီလင်ရှူ....။

ရွှေမားသခင် စီလင်ရှူသည် ဆူချူးမြို့ကလေးသို့အလည်အပတ်သဘောဖြင့် ရောက်လာခဲ့လေ၏။

သူသည် သိုင်းလောကတစ်ခုလုံး၌ နာမည်ကြီးသူမဟုတ်ချေ။ မြောက်ပိုင်းသိုင်းလောက၌သာ နာမည်ကြီးသူဖြစ်သည်။

စီလင်ရှူ၏ ပုံသဏ္ဍာန်မှာ သိုင်းသမားတစ်ယောက်နှင့်မတူဘဲ မင်းသားတစ်ပါးနှင့်ပို၍တူသည်။ အနေအထိုင်လည်း သပ်ရပ်ကျစ်လျစ်သည်။

သူသည် မည်သည့်အခါမျှ အရောင်နှင့်ဝတ်စုံကို မဝတ်ပေ။ အဖြူရောင်သည် သူ၏ဝတ်စုံဖြစ်၏။

ရွှေမားသခင်စီလင်ရှူဆိုလျှင် အဖြူရောင်ဝတ်စုံနှင့်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဈေးဘက်သို့ထွက်လာလေ၏။ နံနက်ခင်းမှာ တဖြည်းဖြည်း လူများလာသည်။ အလွန်စည်ကားလာ၏။

ဤဈေး စည်ကားရခြင်း၏အကြောင်းမှာ ပွဲတော်ရက်နီးကပ်လာခြင်းကြောင့်လည်း ဖြစ်သည်။ ဈေးဆိုင်များကလည်း အပြိုင်အဆိုင်အော်ဟစ်ရောင်းချနေကြ၏။

ဈေးတန်းများမှာ ရှုပ်ထွေးနေသဖြင့် မျက်စိနောက်စရာကောင်းလှသည်။

ဆင်းရဲသားများအတွက် ပွဲတော်ရက်အတွင်း ကျွေးမွေးစရာဝယ်ခြင်းရခြင်းမှာ အလွန်ခက်ခဲသောအလုပ်ဖြစ်၏။

ထိုအချိန်၌ လောင်းကစားဝိုင်းနှင့် အရက်ဆိုင်များ၌လည်း လူစည်ကားနေသည်။

"သူခိုး... သူခိုး"

"မလွတ်စေနဲ့ ဖမ်း ဖမ်း"

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။ ရွှေစားသခင်စီလင်ရှုလှမ်းကြည့်လိုက်ရာ တစ်ကိုယ်လုံးညစ်ပေနေသော မိန်းကလေးတစ်ယောက်သည် ပေါက်စီများကိုပွေ့ပိုက်ပြီး ထွက်ပြေးနေကြောင်းတွေ့ရှိရသည်။

သူမသည် လူများကြားမှ ထွက်ပြေးသည်။ ဈေးဝယ်သည့်လူများမှာ ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်နေသဖြင့် သူမကိုမတားဆီး မဖမ်းဆီးနိုင်ပေ။

လိုက်လာသူများမှာ လူများပိတ်ဆို့နေသဖြင့် မကြာမီ ထို



မိန်းကလေးကို မျက်ခြည်ပြတ်သွားသည်။

"ဩော်... ဝမ်းရေး ဝမ်းရေး မလွယ်ပါကလား"

စီလင်ရှုသည် စိတ်ဝင်စားသဖြင့် ထိုမြင်ကွင်းကိုဆက်၍ကြည့်ရှုနေမိလေသည်။

ဆူချူးမြို့သူမြို့သားများ၏ စိတ်ဓာတ်ကလည်း အံ့ဩစရာကောင်းသည်။

ကိုယ်နှင့်မပတ်သည့်ကိစ္စကို ဝင်မရှုပ်ပေ။ ဘာသိဘာသာပင် ကိုယ့်ကိစ္စကိုယ် လုပ်နေကြသည်။

ပေါက်စီများကို အလစ်သုတ်သွားသည့် မိန်းကလေးသည် လိုက်သည့်သူများ မျက်ခြည်ပြတ်သွားသဖြင့် အဆောက်အအုံပျက်တစ်ခုအောက်သို့ဝင်၍ အမောဖြေလေ၏။ ထို့နောက် ပေါက်စီများကို သူမ ကြည့်လိုက်သည်။

ပေါက်စီများသည် စားချင်စရာမဖြစ်တော့ပေ။ သူမ ရယ်မိလေသည်။

သူမ နာမည်ကား ချင်ချင်ဖြစ်သည်။ ချင်ချင် ဖြတ်ပြေးလာသည့်ဈေးတန်းသည် ရှည်လျားလှသည်။

ပေါက်စီသည်ကြီးမှာ အလွန်တွန့်တိုသည်။ ချင်ချင် တမင်ခိုက်ပြေးလာခြင်းဖြစ်သည်။

သူမသည် ပိုပန်းပျက်နေသောပေါက်စီတစ်လုံးကို စားရန်ပြင်လိုက်၏။

"ဟိတ်... ဘာစားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

ချင်ချင်၏ပခုံးပေါ် လက်တစ်ဖက်တင်ပြီး မေးလိုက်သည် အမေးကြောင့် သူမလန့်သွားသည်။ ပါးစပ်နားရောက်သည့် ပေါက် မှာ ပြုတ်ကျသွားသည်။

"ရှင် ဘယ်လိုလုပ်တာလဲ၊ ပိုင်စိုးပိုင်းနင်းနဲ့"

သူမက ပခုံးကိုဆုပ်ကိုင်ထားသည့်လက်ကို ဖယ်ထုတ်လိုက် သည်။

ထိုလူ၏မျက်နှာကိုလည်း ကြည့်လိုက်သည်။ ထိုလူ၏မျက် နှာကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးခဲ့ပေ။၏

ထိုလူ၏မျက်နှာသည် မင်းသားတစ်ပါးကဲ့သို့ လွန်စွာချော မွေ့လှ၏။

"ရှင်က ဧည့်သည်မဟုတ်လား"

"ဧည့်သည်ကော ဘာဖြစ်သလဲကွယ်"

"အို.. ဒီမြို့ကလူတွေအကြောင်း ရှင်မသိဘူးလား၊ လူတွေ က ကိုယ့်အလုပ်ပဲကိုယ်လုပ်တယ်၊ တခြားလူတွေရဲ့အလုပ်ကို ဝင် ရှုပ်တတ်ဘူးရှင့်"

သူမက မကျေမနပ်ပြောလေ၏။ စီလင်ရှုကား လုံးဝဒေါသ မထွက်ချေ။ ခပ်ပြုံးပြုံးပင် ပြောလေ၏။

"မင်းရဲ့ရုပ်ရည်ကလေးကို အားနာပါဦးကွယ်၊ သူတစ်ပါး ရဲ့ပစ္စည်းကိုခိုးတယ်ဆိုတာ မကောင်းဘူးကွယ့်"

"ရှင်က တော်တော်အပြောကောင်းပါလား"



"ငါက သမ္မာအာဇီဝလုပ်စားဖို့ ပြောတာပါကွယ်"

"ဘာ သမ္မာအာဇီဝလဲ၊ သမ္မာအာဇီဝလုပ်လို့ မနက်ထမင်း း‌ရမယ်မှတ်သလား၊ မရဘူးရှင့် မရဘူး၊ အဲဒီအခါ ရှင်က ကျွန်မကို ‌မင်းလာကျွေးမှာလား"

စီလင်ရှု လက်လျှော့ရမလိုဖြစ်နေသည်၊ မိန်းကလေး သူ့ ကြောက်လန့်သည့်ပုံစံ တစ်စက်မျှမရှိချေ။

မိန်းကလေးက....

"လူတွေဟာ သိပ်ရယ်ဖို့ကောင်းတယ်"

"ဘာဖြစ်လို့ ရယ်ဖို့ကောင်းတာလဲ"

"အို... လူတွေဟာ ကိုယ်လုပ်ချင်တဲ့အလုပ်တွေကို ဖိလုပ်၊ ‌ောက်ပြီး မပြေမလည်ရင် သိုင်းပညာနဲ့ဖြေရှင်း၊ နောက်ပြီး သေ ကြကျေကြ၊ လူတွေအားလုံး တစ်ယောက်ကိုတစ်ယောက်ကြင်နာ ‌တ်ကလေးများ ထားကြမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ"

မိန်းကလေးကား သူလုပ်နေသောအလုပ်နှင့် သူပြောနေ ‌သာ စကားများကား တခြားစီပင်။ သူပြောနေသောစကားမှာ ‌ဆင့်အတန်းရှိသည်။

စီလင်ရှုက....

"မင်းနာမည် ဘယ်သူလဲ"

"ချင်ချင်တဲ့ရှင့်"

"မင်းမိဘတွေကကော"

"အို...ဒါတော့ ဘယ်သိပ့်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချင်ချင်သည် စကားဆက်မပြောတော့ဘဲ ပေါက်စီများ ဆက်လက်စားနေတော့၏။

စီလင်ရှူသည် သူမ၏မျက်နှာကလေးကိုကြည့်ရင်း သ လာလေ၏။

"မင်း အရမ်းဆာနေပြီနဲ့တူတယ်"

"အူက တကြုတ်ကြုတ်ကိုဖြစ်နေတာ"

သူမသည် ဗိုက်ကိုပုတ်ပြရင်း ပွင့်ပွင့်လင်းလင်းပင်ပြော သည်။

စီလင်ရှူသည် ကရုဏာသက်သွားလေပြီ။ ဤမိန်းက သည် အခြေအနေအရခိုးဝှက်စားသောက်ရသော်လည်း အော တန်းစားတစ်ယောက်မဟုတ်ဟု သူအထင်ရှိသည်။

"ညီမလေး"

ကရုဏာသက်သောခေါ်သံကြောင့် မိန်းကလေးခေါင်း ကြည့်မိ၏။

"ဘာလဲ"

"အစ်ကိုက ထမင်းလိုက်ကျွေးမယ်ဆိုရင် မင်း လိုက်စား ပါ့မလား"

"ထမင်းကျွေးတာ လိုက်စားရတာပဲ ဘာခက်တာမှတ် ဘာဖြစ်လို့ လိုက်မစားနိုင်ရမှာလဲ"

"မသိဘူးလေ မင်းကိုယ်တိုင်က မိန်းကလေးဖြစ်နေတ မဟုတ်လား။ သူစိမ်းယောကျ်ားကလေးတစ်ယောက်နဲ့ လိုက်စာ



ာ်မတော် တွေးနေမလားလို့ပါ"

"ရှင်ရှိတော့ ကျွန်မအတွက်ပိုပြီး အဆင်ပြေတာပေါ့၊ ဒီတစ် ပေါက်စီခိုးရင် အဝေးကြီးမပြေးရတော့ဘူးပေါ့၊ ရှင့်နား ပြေးကပ် ာရင် ပြီးတာပဲ"

"ဟိုက်"

ချင်ချင်၏စကားများက ပေါက်ကရစကားများဖြစ်သွား ည်။ သူမသည် ဦးနှောက်မမှန်သော မိန်းကလေးဖြစ်လိမ့်မည်ဟု လင်ရှူ တွေးသည်။

လက်ငင်းအားဖြင့်တော့ ချင်ချင်ဆိုသောမိန်းကလေးကို ထ င်းကျွေးရပေဦးမည်။ သူကတိပေးလိုက်မိသကိုး။

ထို့ကြောင့် ချင်ချင်အား ပေါက်စီများကိုလွှင့်ပစ်ခိုင်းပြီး ထ င်းဆိုင်ရှိရာသို့ ခေါ်လာခဲ့လေသည်။

သူသည် ပထမဆုံး ချင်ချင်၏ပေကျံနေသော မျက်နှာကို န့်စင်ခိုင်းလိုက်ရသည်။ ဈေးဘက်သို့ကား ဦးမလှည့်တော့ပေ။

မတော်တဆ ပေါက်စီသည်နှင့်တွေ့ပြီး ပြဿနာတက်လျှင် က်သွားပေလိမ့်မည်။

ထို့ကြောင့် သူမကိုဈေးဘက်သို့မခေါ်တော့ဘဲ ကူးတို့ဆိပ် ာဘက်သို့ နှစ်ယောက်သားဆင်းလာခဲ့ကြလေသည်။

"အစားအသောက် ကောင်းကောင်းရနိုင်တဲ့ဆိုင်မှာ ကျွေး ာလား"

"ဒါပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ချင်ချင်သည် စိတ်ကျေနပ်စွာ လမ်းလျှောက်လေသည်။

စီလင်ရှု၏လက်ကိုဆွဲ၍ အစားအသောက်ဆိုင်များဆီသို့ ထွက်လာသည်။

ကူးတို့ဆိပ်၌ရှိသောဆိုင်များသည် များသောအားဖြင့် ဈေးကြီးတတ်ကြောင်း စီလင်ရှုသိထားပြီး ဖြစ်သည်။

ကုန်သည်ပွဲစား မင်းမှုထမ်းများ စားသောက်လေ့ရှိသောကြောင့် ဈေးနှုန်းမှာ အခြားဆိုင်များထက် နှစ်ဆမျှမြင့်လေသည်။

သူတို့နှစ်ယောက်ဝင်သည့် စားသောက်ဆိုင်မှာ အဆင်အပြင်မဆိုးလှပေ။ ကျယ်ဝန်းသည်၊ သန့်ရှင်းသပ်ရပ်မှုလည်း ရှိသည်။ သို့သော် လူကတော့များသည်။

"မင်းခေါ်လာတဲ့ဆိုင်က မဆိုးပါဘူး။ ဒါပေမယ့် မတ်တတ်စားရမယ်ပုံပဲ"

"ဒါဆို ခဏလေးစောင့်"

စီလင်ရှုသည် ချင်ချင်၏အပြောကို နားမလည်ချေ။ ချင်ချင်သည် လှစ်ခနဲဆိုင်ထဲသို့ ပြေးသွားသည်။ လူလွတ်သည့်ထိုင်ခုံများကို ရှာဖွေသည်။

ဆိုင်ထောင့်ရှိလူတစ်ချို့သည် ချင်ချင်အား နေရာဖယ်ပေးကြသည်။

ချင်ချင်အတွက်သာမဟုတ် ချင်ချင်နှင့် လူလေးယောက်လျှင်လည်း နေရာရပေပြီ။

ချင်ချင်က စီလင်ရှုအားလှမ်း၍ အချက်ပြလိုက်သည်။ စီလင်ရှုသည် အံ့အားသင့်သွားသည်။ ထိုင်နေသူများသည် ချင်ချင်အားအဘယ်ကြောင့် နေရာပေးရသနည်း။



သူစဉ်းစားရ ခက်နေသည်။

စီလင်ရှု ဆိုင်ထဲဝင်လာသည်။

"ကဲ... ထိုင်"

ချင်ချင်က ထိုင်ခိုင်းသည်။

စီလင်ရှု ဝင်ထိုင်လိုက်သည်။

"ဘာမှာရမလဲပြော"

ချင်ချင်က ပြောသည်။

စီလင်ရှုက....

"ကြိုက်တာသာမှာပါ။ ပိုက်ဆံလုံလုံလောက် ပါပါတယ်၊ ညီလေးကြိုက်တာသာစား"

ချင်ချင်သည် စားပွဲထိုးကိုခေါ်၍ ဟင်းတော်တော်များများမှာလေသည်။

ချင်ချင်မှာသည့်ဟင်းစပ်များမှာ မဆိုးလှချေ၊ သို့သော် စီလင်ရှုဦးနှောက်ခြောက်နေသည်။

ဤမိန်းကလေးမှာ ခေါင်းမကောင်းသော မိန်းကလေးမဟုတ်ပါလား။

မှာသည့်ဟင်းများမှာ အစပ်တည့်သော်လည်း များလှသည်။

"မင်းဟင်းတွေ ဒီလောက်များများမှာပြီး စားလို့ကုန်ပါ့မ

www.burmeseclassic.com

www.burmeseclassic.com



လား”

“ဟင့်… ကုန်တာပေါ့၊ လောင်းကြေးစားကြေးနဲ့တောင် စားပြလိုက်ဦးမယ်”

ချင်ချင်က အလျှော့မပေးချေ။

စီလင်ရှုသည် ပြုံးလိုက်သည်။ သူ့အပြုံးက ကြည့်ကြသေးတာပေါ့ဟူသည့်အပြုံးမျိုး။

မကြာမီ ဟင်းများ စားပွဲသို့ရောက်ရှိလာလေသည်။

စီလင်ရှုက ဟင်းများကို ချင်ချင်၏ထမင်းပန်းကန်ထဲသို့ ခပ်ထည့်ပေးလိုက်သည်။

“ဟာ… နေပါစေ၊ ချင်ချင်ဘာသာ ခပ်စားပါ့မယ်”

ချင်ချင်သည် သူ့ပန်းကန်ထဲသို့ ခပ်ထည့်မပေးရန် တားမြစ်လိုက်၏။

ထို့နောက် ခေါင်းမဖော်ဘဲ အားရပါးရစားသောက်လေတော့၏။

စီလင်ရှုမှာ ချင်ချင်စားသောက်ပုံကိုကြည့်ပြီး ကရုဏာသက်လာသည်။

သူမ၏ ဘဝဇာတ်ကြောင်းကို မသိရသော်လည်း သူမက အလွန်ပင် ကရုဏာသက်စရာကောင်းလှသည်။

ပတ်ဝန်းကျင်စားပွဲ၌ စားသောက်နေသူများသည် သူတို့နှစ်ယောက်ကို မသိမသာအကဲခတ်နေ၏။

စီလင်ရှုသည် ချင်ချင်၏စားပုံသောက်ပုံကို အကဲခတ်ကြည့်



နေမိသည်။ ချင်ချင်၏ဝါးကိုင်တွယ်ပုံ၊ ဟင်းများ ခပ်ယူစားသောက်ပုံတို့မှာ အဆင့်အတန်းရှိသည်ကို သတိပြုမိလေ၏။

ပေါက်စီခိုးယူခဲ့သောမိန်းကလေးသည် ယခု သူ့ရှေ့ထမင်းစားနေသည့် မိန်းကလေးဟုတ်မှ ဟုတ်ရဲ့လားဟုပင် အတွေးမှားစရာကောင်းနေသည်။

ချင်ချင်မှာ အတော်ဆာလောင်နေပုံရလေသည်။ ဘယ်နှစ်ရက်လောက်ထမင်းငတ်ခဲ့သည် မသိ။ သူမ မှာကြားထားသောဟင်းများမှာ ကုန်လုနီးနီးဖြစ်သွားလေတော့သည်။

လောင်းများ လောင်းမိလျှင် စီလင်ရှု ရှုံးသွားပေလိမ့်မည်။

ထိုစဉ် ချင်ချင်သည် ဆိုင်ပေါက်ဝသို့ကြည့်လိုက်မိတော့သည်။

သူမ မျက်လုံးဝိုင်းသွားသည်။

“ဟင်… သူ… သူတို့”

စားသောက်မည့်ဟင်းဖတ်သည် ပန်းကန်ထဲသို့ပြုတ်ကျသွားသည်။

“ဘာဖြစ်တာလဲ ချင်ချင်”

“ဟို… ဟိုမှာ”

“ဘာလဲ… ဘာလဲဟင်”

“သူတို့လိုက်လာကုန်ပြီ၊ ဘယ်လိုလုပ်မလဲဟင်”

ချင်ချင်၏အမူအရာမှာ ဂနာမငြိမ်တော့ပေ။ စီလင်ရှုသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပေါက်ဝသို့လှမ်းကြည့်လိုက်၏။ မြို့စား၏တပည့်တပန်းများကို တွေ့သည်ကလွဲ၍ အခြားသူများကိုမမြင်မိပေ။

စီလင်ရှုက....

"ဒီလူတွေက မြို့စားရဲ့တပည့်တွေပဲ၊ ကြောက်စရာမရှိပါဘူး"

"အို... ကျွန်မ... ကျွန်မကြောက်တယ်"

"ချင်ချင် ဘာဖြစ်လို့ ကြောက်ရတာလဲ၊ ချင်ချင်မှာ ဘာအဖြစ်ရှိလို့လဲ"

"အို... မရှိဘူး... မသိဘူး"

စီလင်ရှု ဦးနှောက်ခြောက်သွား၏။ ချင်ချင်ကိုကြည့်တော့လည်း ကြောက်လန့်နေသည်။ ချင်ချင်သည် တစ်စုံတစ်ခုတော့ ပတ်သက်နေပြီဟု စီလင်ရှုတွေးသည်။

"ဘယ်လိုလုပ်ကြမလဲဟင်၊ သူတို့ ကျွန်မကိုဖမ်းကြတော့မယ်၊ ကယ်ပါဦး"

ချင်ချင်သည် စိုးရိမ်တကြီးပြောကြားလေ၏။ သူမသည် စီလင်ရှု၏လက်မောင်းကိုကိုင်လှုပ်ရင်း ပြောနေခြင်းဖြစ်သည်။

စားသောက်ဆိုင်တွင် လူများ များပြားလှသောကြောင့် မြို့စား၏လူများ မည်သူ့ကိုရှာဖွေနေမှန်း မသိနိုင်သေးပေ။

"ကဲ... ထ ချင်ချင်၊ ငါတို့ဆိုင်နောက်ဘက်က ထွက်ကြမယ်"

သူသည် ချင်ချင်ကိုခေါ်ကာ မီးဖိုချောင်ဘက်သို့ထွက်လာကြ၏။



မီးဖိုချောင်မှ စားဖိုမှူးများက ချင်ချင်ကို လှမ်းမေးလေသည်။

"ဘယ်ကိုလဲ ကလေးမ"

"ဟို... ဟို ဗိုက်နာလို့ပါ"

စားဖိုမှူးများသည် အိမ်သာရှိရာသို့ လက်ညှိုးညွှန်ပြကြသည်။

စီလင်ရှုနှင့် ချင်ချင်တို့သည် နောက်ဖေးပေါက်မှထွက်ပြေးခဲ့ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

## လူထူးဆန်းနှင့်တွေ့ဆုံခြင်း

ချင်ချင်သည် အော်ဟစ်လိုက်၏။

"အို... သမီး သူ့ကိုလုံးဝမယူနိုင်ဘူး၊ သူ့ကိုယူမယ်အစား ဝက်ကိုပဲယူလိုက်မယ်"

မြို့စားကြီးဝမ်ပင်းမှာ ဒုက္ခအကြီးအကျယ်ရောက်နေတော့သည်။ သမီးဖြစ်သူသည် အစဉ်တစိုက် ထိုသို့ပင် ငြင်းဆန်လေသည်။

"စဉ်းစားပါဦး သမီးရယ်၊ သမီးက ဒီလိုပဲ ငြင်းနေတယ်ဆိုရင် အဖေတို့မလွယ်ပါဘူး၊ ဖန်ကောက်တင်ဟာ အဖေတို့အပေါ် ဒေါသအိုးကြီးကွဲသွားလိမ့်မယ်၊ အခု အဖေတို့ သက်သာနေတာဟာ သမီးသဘောတူလိမ့်နိုးနဲ့စောင့်နေလို့ သက်သာနေတာပါ"

မြို့စားကြီးဝမ်ပင်းသည် သမီးဖြစ်သူကိုနားချနေ၏။ ဝမ်



ပင်းမှာ သိုင်းပညာကို သာမန်မျှလောက်သာ တတ်ကျွမ်းသူဖြစ်သည်။ ထို့ကြောင့် သူသည် သိုင်းပညာအဆင့်မြင့်တတ်ကျွမ်းသူဆိုလျှင် ကြောက်နေခဲ့ရသည်။

ဆူချူးမြို့၌ ဖန်ကောက်တင်အား စိန်ခေါ်တိုက်ခိုက်ဝံ့သူမရှိချေ။ ဖန်ကောက်တင်သည် ဝမ်ပင်းထက် လက်ဝါးစောင်းထက်နေသူဖြစ်၏။

ထို့ကြောင့် ဖန်ကောက်တင်၏တပည့်ချင်ဖုန်ဖိုးနှင့် လက်ထပ်ပေးရန် သဘောတူလိုက်ရခြင်းဖြစ်သည်။

အမှန်တကယ်တော့ သမီးကိုချစ်သည့် မည်သည့်ဖခင်မဆို ချင်ဖုန်ဖိုးလို လူမျိုးနှင့်သဘာမတူနိုင်ပေ။

မော်ဆရာယောင်ယောင် သိုင်းသမားယောင်ယောင်နှင့် အများအမြင်တွင် ချင်ဖုန်ဖိုးသည် ယောင်ယောင်လူမျှသာဖြစ်၏။

"သမီးကို တစ်ခုမေးမယ်၊ အဲဒီကိစ္စကို မှန်မှန်ဖြေပါ သမီးရယ်"

ချင်ချင်က ခေါင်းညိတ်ပြလေ၏။

ဝမ်ပင်းက....

"သမီးရှူးနေတယ်ဆိုတာ အမှန်ပဲလား သမီးရယ်"

ချင်ချင်၏မျက်နှာသည် ချက်ချင်းပင် တည်ကြည်သွား၏။ ပတ်ဝန်းကျင်ကိုအကဲခတ် ကြည့်ရှုလိုက်သည်။

အဆောင်တစ်ခုလုံး၌ အခြားသူတစ်ဦးတစ်ယောက်မျှမရှိဘဲ သူတို့သားအဖနှစ်ယောက်တည်းရှိသည်ကို တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... သမီးမရှူးဘူး၊ ဟိုလူကြီးကို လက်မထပ်နိုင်လို့ အရူးဟန်ဆောင်နေတာ"

ချင်ချင်က ပွင့်လင်းစွာပြောလိုက်၏။

မြို့စားကြီးဝမ်ပင်းသည် ဟင်းခနဲသက်ပြင်းချလိုက်သည်။ သူသည် အလေနတောအောက်လမ်းသိုင်းသမားနှင့် သမီးကိုလက်ထပ်ပေးရမည့် ဖခင်မဟုတ်ပါလား။ သူ့အဖို့ ရင်မောစရာကောင်းလှသည်ကတော့ အမှန်ပင်။

မြို့စားကြီး ဝမ်ပင်းက...

"ဒါဆို ဒီလိုလုပ်၊ သမီးကို သူတို့က ရူးပြီလို့ထင်နေကြတာ၊ သမီး ရူးချင်ဟန်ဆက်ဆောင်နေ၊ သမီးပြောတဲ့စကားကို သူတို့လိုက်လုပ်ပေးကြရမှာ"

"ဖေဖေက ဘာကိုဆိုလိုတာလဲဟင်"

"ဖေဖေ့စကား ဆုံးအောင်နားထောင်ပါဦး၊ ငါတို့ မျိုးဆက်မလေ့ထုံးစံအရ သမီးတစ်ယောက်ကိုလက်ထပ်ထိမ်းမြားပေးတော့မယ်ဆိုရင် သမီးရှင်ရဲ့ဆန္ဒက အရေးအကြီးဆုံးပဲ၊ ဒီတော့ မြို့ထဲမှာရှိတဲ့ သိုင်းသမားအားလုံးကိုဖိတ်ခေါ်ပြီး ပြိုင်ပွဲတစ်ခုပြုလုပ်ပေးမယ်၊ အဲဒီမှာ သမီးကိုကယ်တင်မယ့်လူ ပါလာနိုင်တာပေါ့"

မြို့စားကြီး၏အကြံဉာဏ်မှာ ကောင်းလှသည်။ ချင်ချင်၏ဆန္ဒကို ဖန်ကောက်တင်မလိုက်လျောဘဲနေမည် မဟုတ်ချေ။

ချင်ချင်မှာလည်း သူ့အား ကူညီခဲ့ဖူးသော စီလင်ရှူဆိုသူကို သတိရမိလေ၏။



ချင်ချင်သည် ဖခင်ပြောသည့်အကြံအစည်ကို လက်ခံလိုက်လေ၏။

ထိုစဉ် စီလင်ရှူသည် ချင်ချင်၏သတင်းကိုစနည်းနာစုံစမ်းရန် မြို့ထဲသို့ထွက်လာခဲ့သည်။

မြို့ထဲ၌ မိုးရွာထားသဖြင့် လမ်းမများပေါ်၌ လူသူရှင်းနေသည်။

သူသည် ချင်ချင်နှင့်ပတ်သက်သမျှကို သိလိုနေသည်။ သူသည် ချင်ချင်ကို သံယောဇဉ်ဖြစ်နေလေသလား။

သူသည် ယခင်က သိုင်းပညာကိုသာ စိတ်ဝင်စားခဲ့သည်။ ဘဝတစ်လျှောက်လုံး သိုင်းပညာကို သင်ကြားခဲ့သည်။ ယခုကျမှ ချင်ချင်ဆိုသော မိန်းကလေးကို စိတ်ဝင်စားနေမိသည်။

သူသည် မည်သည့်နေရာ၌ စုံစမ်းရမှန်းမသိသဖြင့် အရက်ဆိုင်ဆီသို့ ထွက်လာခဲ့သည်။ ရာသီဥတုကလည်း မိုးရွာထားသဖြင့် အေးနေသည်။

"ဗွမ်း"

"ဟင်"

အတွေးနှင့်လျှောက်လာခဲ့သဖြင့် စီလင်ရှူသည် ဘေးဘီသို့မကြည့်မိပေ။

ထိုစဉ် ရေများက သူ့ကိုလာစဉ်သည်။ စီလင်ရှူ ဒေါသဖြစ်သွား၏။

"ဟေ့လူ... ဘယ်လိုလုပ်တာလဲ ရိုင်းလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲကွ"

ထိုလူသည် အရုပ်ဆိုးလှ၏။ ထို့ပြင် စကားပြောကလည်း မောက်မာသေးသည်။ ထိုလူသည် အရက်မူးနေ၏။

"ခင်ဗျားကြောင့် ကျုပ်တစ်ကိုယ်လုံး ပေရေကုန်ပြီ၊ ဒါ တောင် ခင်ဗျားက မာရေကျောရေပြောနေတုန်းပဲလား"

"မြင်သားပဲ၊ မင်း အဖြူရောင်ကိုဝတ်လာတာကိုက မှား တယ်ကွ၊ မိုးရွာနေတဲ့အခါ အဖြူရောင်ဟာ ပိုပြီးညစ်ပတ်လွယ်တယ်၊ အဖြူရောင်ကို မင်းဝတ်မလာသင့်ဘူး"

စီလင်ရှုသည် စကားပြောအဆင်မပြေလှသော လူ့ခွစာကြီး ကိုကြည့်လိုက်သည်။

"ကျုပ်က ဧည့်သည်ဖြစ်လို့ကြည့်နေတာ၊ ဒီမြို့ခံလူဆိုရင် ခင်ဗျားကိုဆုံးမလိုက်တာ ကြာပြီ"

ထိုလူသည် အရက်ဘူးကိုဖွင့်သောက်လိုက်၏။ မျိုမချရသေး အရက်များကိုပါးစပ်ဖြင့်ငုံထားပြီး စီလင်ရှုထံ ထွေးထုတ်လိုက်၏။

"ဖွီး"

"ဟာ"

"ဟား... ဟား... ဟား"

စီလင်ရှု၏ဝတ်စုံများမှာ အရက်များပေကျံသွား၏။

အရက်နံ့များ ထောင်းထောင်းထသွားသည်။ စီလင်ရှုအော ချင် အန်ချင်သလိုဖြစ်သွားသည်။

ထိုစဉ် သူတို့ပတ်ဝန်းကျင်၌ လူအချို့ရောက်ရှိနေကြလေပြီ



သူတို့အဖြစ်ဝိုင်းကြည့်ပြီး ပြုံးစိစိလုပ်နေကြ၏။ စီလင်ရှုသည်းမခံနိုင် တော့ပေ။

"ကဲကွာ"

"ဝုစ်"

စီလင်ရှုက ပတ်ခြေဖြင့် တစ်ချက်ကန်လိုက်၏။ ထိုလူက ရှောင်လိုက်သည်။ လွတ်သွားသည်။

စီလင်ရှုက အရက်ဘူးကိုထိအောင် ကန်လိုက်ခြင်းဖြစ် သည်။ အရက်ဘူးလည်းမထိ၊ လူလည်းမထိပေ။ ထို့နောက် နှစ် ယောက်သား တိုက်ခိုက်ကြတော့သည်။

ထိုလူသည် အရက်ဘူးကိုကိုင်ကာ စီလင်ရှု၏တိုက်ကွက် များအား ရှောင်တိမ်းနေ၏။ ရှောင်လည်း ရှောင်နိုင်သည်။

သိုင်းပညာအတော် တော်သောလူပါပေ။

စီလင်ရှု ရှက်သလိုဖြစ်သွားရတော့၏။ သူသည်တစ်သက် လုံးသိုင်းပညာအပြည့်အဝ သင်ယူခဲ့သည်။ မြောက်ပိုင်းသိုင်းလော က၌ ရွှေဓားသခင်ဟု အတော်ပင် ကျော်ကြားခဲ့သည်။

ယခုတော့ အမှတ်မထင် တွေ့ရှိရသောလူကြီးမှာ သူ့ထက် သိုင်းပညာကောင်းနေသည်ကို တွေ့ရလေပြီ။ သူလွန်စွာ အံ့သြရလေ ပြီ။

"ကျား"

"ဘုံး"

သူသည် ထိုလူအား အမှတ်မထင် ခုန်ကန်လိုက်၏။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကန်ချက်သည့် ထိုလူ၏ဖခုံးစွန်းအား ထိသွား၏။ ထိုလူသည်လည်း ယိမ်းယိုင်သွား၏။

စီလင်ရှု၏ကန်ချက်ကိုရှောင်တိမ်းနိုင်သော ထိုလူသည် မျက်နှာကြီးညိုမည်းသွား၏။ ထိုလူသည် ရှူးရှူးရှဲရှဲဖြစ်လာ၏။ သူသည် ကိုင်ထားသောအရက်ဘူးကို အကုန်မော့သောက်လိုက်၏။

သူသည် အရက်ကုန်သွားသောအရက်ဘူးကို လွှင့်ပစ်လိုက်၏။

"ကျား"

သူသည် မာန်သွင်းလိုက်၏။ ထို့နောက် အားသုံး၍တိုက်ခိုက်လေတော့၏။ **သူသည် ဒယီးဒယိုင်တိုက်ခိုက်သည်။** အရက်မူးသမား တိုက်ခိုက်နေသည်**နှင့်တူသည်။**

သို့သော် တိုက်ကွက်**များက ကောင်းလှသည်။** ဟာကွက်မရှိသလောက် ဖြစ်သည်။

"ဝုန်း"

"အား"

စီလင်ရှု လွင့်ထွက်သွားသည်။ အရက်မူးသ**မား သိုင်းသ**မား၏ခြေကန်ချက်မှာ ပြင်းထန်လှသည်။ စီလင်ရှုသည် **လူးလဲပြန်ထ**လာ၏။

ထိုလူကြီးက....

"ကဲ... မင်းလဲ မောလောက်ရောပေါ့ကွာ၊ ငါလဲ မောပြီကွ၊ ငါ့မှာအရက်အနီလဲ မပါဘူး၊ ဒီတော့ အရက်သောက်ပြီး ထပ်မသောက်နိုင်တော့ဘူး"



စီလင်ရှုက ဒေါသဖြင့် အော်လိုက်၏။

"ခင်ဗျား လူလည်ကျတာ၊ အနိုင်နဲ့ပိုင်းလို့ မရဘူးဗျ"

ထိုလူကြီးက....

**"စိတ်ရှည်ရှည်ထားစမ်းပါကွာ၊ ဒီကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ၊ မင်းနဲ့ငါ တစ်နေ့ပြန်တွေ့ကြဦးမှာပေါ့"**

**ထိုလူကြီးသည်** ခပ်လှမ်းလှမ်း၌ရပ်ထားသော မြင်းလှည်းကြီးတစ်စီးပေါ်သို့တက်ကာ မောင်းနှင်သွားလေတော့၏။

"တောက်"

စီလင်ရှု ဒေါသဖြစ်ရင်း ကျန်ရစ်ခဲ့သည်။ **သို့သော် သူ**တွေးမိသောအခါ ဤအဖြစ်မှာ ငိုအားထက် **ရယ်အားသန်**ဟုပြောရသည့်အတွေ့အကြုံသာဖြစ်ကြောင်း **သူသိလိုက်လေ၏။**

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

## သူ့အကြံအစည်

ရှောင်လင်ကျောင်းတော်ကြီး၏ အစည်းအဝေးခန်း
ဆောင်ကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။

ရှောင်လင်ကျောင်းတော်၌ အခန်းပေါင်းများစွာရှိ၏။
အထဲတွင် အစည်းအဝေးခန်းမဆောင်ကြီးသည် အကြီးကျယ်ဆုံး
၏။ ရှည်လျားကြီး ကျယ်ဝန်းလှသည်။

သူတို့သည် ရှောင်လင်ကျောင်းမှ သိုင်းကျမ်းများ ပျော
ဆုံးသည်ကို ဘဲဥအစရှာမရသလို ဖြစ်နေသည်။ ဖန်ကောက်တင်
စစ်မေးသော်လည်း မရချေ။

ဖန်ကောက်တင် တစ်ကိုယ်လုံးကိုစစ်ဆေးသော်လည်း
ဖွေမတွေ့ရှိရပေ။

ထို့နောက် နှင်းတောင်၌ပို့ဆောင်ပြီး ချုပ်ထားရာမှ လ



ဖြောက်သွားခြင်းဖြစ်သည်။

ယခုထွက်ပြေးလွတ်မြောက်သွားသည့် ဖန်ကောက်တင်
နောက်သို့ လိုက်လံဖမ်းဆီးရန် ရှောင်လင်ကျောင်းတော်မှ သိုင်းသ
မားတစ်ယောက်ကိုရွေးချယ်ပြီးလေပြီ။

ထိုရှောင်လင်သိုင်းသမားအား တွေ့ဆုံဩဝါဒပေးရန်
ကျောင်းထိုင်ဆရာတော်ကြီးနှင့် ဝါစဉ်ကြီး ဆရာတော်ကြီးများ
ရောက်ရှိနေကြလေပြီ။

"ဒူ"

ရှောင်လင်ကျောင်းတော်ခန်းမ၌ရှိသော မောင်းသံတစ်ချက်
ကြားလိုက်ရသည်။

ရှောင်လင်ကျောင်း အစည်းအဝေးခန်းမ၌ တပ်ဆင်ထား
သောကျွန်းတံခါးကြီးမှာ ကျွီခနဲပွင့်သွားလေတော့၏။

ကော်ဇောနီခင်းထားသော လမ်းပေါ်မှဖြတ်လျှောက်လာ
သောကိုယ်တော်သည် ရှောင်လင်ကျောင်းမှရွေးချယ်ထားသည့်
ရှောင်လင်ကိုယ်တော် ဟုန်ကျင်းဖြစ်လေ၏။

သူသည် အခြားဘုန်းတော်ကြီးများထက် ဝါစဉ်ငယ်သော်
လည်း သိုင်းပညာကြိုးစားအားထုတ်မှုတွင် အခြားဘုန်းတော်ကြီး
များထက် သာသည်။

သူ၏ခန္ဓာကိုယ်တည်ဆောက်မှုကိုကြည့်ပါက ကျစ်လျစ်စူး
ရှလှသည်။

သိုင်းလောကမှ တရားဝင်စိန်ခေါ်ယှဉ်ပြိုင်လာသူတို့အား

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ကျင်းကိုယ်တော်ကသာ တိုက်ခိုက်ပေသည်။တိုက်ခိုက်တိုင်းလည်း ဟုန်ကျင်းကိုယ်တော်ကသာ အနိုင်ရလေသည်။

ထို့ကြောင့် ဟုန်ကျင်းကိုယ်တော်သည် ရှောင်လင်ကျောင်းတော်၏သူရဲကောင်း ဖြစ်နေလေသည်။

သူသည် ဆရာတော်ကြီးများရှေ့သို့ရောက်သောအခါ ဒူးဆစ်တုပ်ထိုင်ပြီး ရှိခိုးကန်တော့လေ၏။

"တုံ... တုံ... တုံ"

တုံးခေါက်သံပေါ်လာပြီးနောက် ဆရာတော်ကြီးများသည် တညီတညာတည်း ဂါထာတစ်ပုဒ်ကိုရွတ်ဖတ်သရဇ္ဈာယ်ကြတော့၏။ အန္တရာယ်ကင်းစေရန် ဆုတောင်းပေးနေကြခြင်းဖြစ်သည်။

ဂါထာပြီးဆုံးသောအခါ ဆရာတော်ကြီးတစ်ပါးက....

"ကျောင်းတော်မှ တာဝန်ပေးလိုက်သည့်အတိုင်း သင်ကျေပွန်အောင်ထမ်းဆောင်နိုင်ပါမည်လော။

"ထမ်းဆောင်ပါမည် အရှင်"

"ကောင်းလေစွ... ရှောင်လင်ကျောင်း၏ဂုဏ်သတင်းကိုလုံးမှု၍ ရှောင်လင်သိုင်းကျမ်းခိုးယူသွားသည့် ဖန်ကောက်တင်အား ရေဆုံမြေဆုံးရှာဖွေ၍ သိုင်းကျမ်းကိုပြန်လည်ယူဆောင်လာပါလော့"

ကျောင်းတော်မှ ဆရာတော်ကြီး၏ဩဝါဒစကားကို ကိုယ်တော်ဟုန်ကျင်းသည် ခေါင်းငိုက်စိုက်ချ၍ နားထောင်နေသည်။

သူသည် ထိုဩဝါဒစကားများကို အသည်းနှလုံးသို့ရောက်သည့်တိုင်အောင် သိမ်းဆည်းနေသည်။



"ဘာမေးစရာရှိသလဲ ဟုန်ကျင်း"

ဆရာတော်ကြီးက မေးလိုက်သည်။

ထိုအခါ ဟုန်ကျင်းက....

"သိုင်းကျမ်းရဲ့ လျှို့ဝှက်ချက်ကိုသိပါရစေ ဆရာတော်ဘုရား"

"လူတွေကို အကြီးမားဆုံးအန္တရာယ်ပေးနိုင်မယ့် ယန္တရားဖားတစ်ကောင် ဘယ်လိုတပ်ဆင်ရမယ်ဆိုတဲ့ နည်းနာနိဿယတစ်ခုပဲ၊ သိုင်းကျမ်းဆိုတာက ဒီနည်းနိဿယကိုဖုံးလွှမ်းသွားအောင် နာမည်ပေးထားတာပဲ"

"ဘုရား"

ကိုယ်တော်ဟုန်ကျင်းမှာ အံ့အားသင့်သွား၏။

ဤသို့သော ယန္တရားအတတ်ပညာမှာ လူသားတို့၏တီထွင်မှုများအနက် လူသားများကို အန္တရာယ်အပေးဆုံး အတတ်ပညာဖြစ်၏။

ရှေးခေတ်အခါကတည်းက ဧကရာဇ်အဆက်ဆက်သည် ဤပညာတီထွင်သူများကို ကွပ်မျက်ခဲ့ပေသည်။

အနယ်နယ်အရပ်ရပ်၌ ထူးဆန်းစွာတီထွင်သူအားလုံးလို အသတ်ဖြတ်ခံခဲ့ရသည်။

ထိုတီထွင်မှုများထဲမှ ယန္တရားဖားတီထွင်မှုသည် ဖျက်ဆီးရာထဲ၌ မပါ။ တစ်နေရာ၌ ခိုကပ်ကျန်နေ၏။

ထိုတီထွင်မှုကို ဘုန်းတော်ကြီးတစ်ပါးကတွေ့၍ ရှောင်လင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်၌ လျှို့ဝှက်သိမ်းဆည်းလိုက်သည်။

ထို့ကြောင့် ယန္တရားဖားမှာ နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရသည်။

"ယန္တရားဖားကို ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်ဟာ တပ်ဆင်အသုံးပြုနိုင်ပါ့မလား ဆရာတော်"

ဆရာတော်က....

"ဖန်ကောက်တင်က ရှောင်လင်ကျောင်းတော်မှာ နေစဉ်ကတည်းက ဉာဏ်ပညာအရာမှာ သာမန်လူထက် မြင့်မားသူတစ်ယောက်ပဲကွယ့်၊ ဒါကြောင့် သူကိုယ်တိုင် မစွမ်းဆောင်နိုင်ဘူးလို့ မပြောနိုင်ဘူး"

ယန္တရားဖားအတွက် ဆရာတော်ကြီးများ စိုးရိမ်နေကြသည်မှာ မလွန်ပေ။ စိုးရိမ်ထိုက်သည် မဟုတ်ပါလား။

ချန်လင်း အာမခံလုပ်ငန်း....။

ငွေကြေးဥစ္စာနှင့်သက်ဆိုင်သော အာမခံလုပ်ငန်းများ အပြိုင်အဆိုင်ပေါ်လာသည့်အထဲတွင် ချန်လင်းအာမခံလုပ်ငန်းသည် နာမည်အကြီးဆုံးဖြစ်လေ၏။



ထိုအာမခံအဖွဲ့သည် ကြော်ငြာကောင်း၍လည်း မဟုတ်၊ ငွေကြေးပေးကမ်းရာ၌လည်း တိကျမှန်ကန်မှုရှိ၍ မဟုတ်ပေ။

သူဌေးကြီးချန်၏ လိမ္မာပါးနပ်မှုကြောင့် ချန်လင်းအာမခံအဖွဲ့နာမည်ကျော်ရခြင်း ဖြစ်သည်။

သူဌေးကြီးချန် မည်သို့လိမ္မာပါးနပ်သနည်း။ သူဌေးကြီးချန်ရရှိသည့် အမြတ်အစွန်းများထဲမှ အချို့ကိုမြို့စားနယ်စားတို့အား လက်ဆောင်ပဏ္ဏာဆက်သခြင်းဖြစ်သည်။

သူ၏လုပ်ငန်းသည် နယ်စားမြို့စားတို့နှင့် ဆက်စပ်လုပ်ကိုင်ခြင်းကြောင့် အခြားအာမခံဌာနများထက် အကျိုးစီးပွားဖြစ်ထွန်း လှသည်။ စီးပွားရေးလုပ်ငန်းကြီးအဖြစ် တဖြည်းဖြည်း တစစကြီးထွားလာသည်။

အာမခံအဖွဲ့၏ လုံခြုံရေးအတွက် အဆင့်မြင့်သိုင်းသမားများကို ငှားရမ်းထားသည်။

ထို့ကြောင့် အခြားပယောဂရန်စွယ်မာန်စွယ်များကို စိုးရိမ်ကြောက်လန့်ရန် မရှိပေ။

ထိုနေ့တွင် မိုးကလေးတဖွဲဖွဲရွာနေလေ၏။ အာမခံလုပ်ငန်းနှင့်ပတ်သက်၍ စာရင်းပိတ်မည့်နေ့ဖြစ်သောကြောင့် သူဌေးကြီးချန်ကိုယ်တိုင် ချန်လင်းအဆောက်အအုံထဲ၌ ကြီးကြပ်နေသည်။

ထိုစဉ် အပြင်ဘက်မှ မြင်းနှစ်ကောင်ပြေးဆွဲသောရထားတစ်စင်းသည် အဆောက်အအုံရှေ့ထိုးရပ်လာလေသည်။

"မြင်းရထားတစ်စင်းရပ်သံ ကြားတယ်၊ ဘာကိစ္စရှိမလဲသိဘူး

www.burmeseclassic.com

www.burmeseclassic.com



သွားမေးကြစမ်း၊ အာမခံကိစ္စဆိုရင်တော့ သူတို့အတွက် အာမခံလုပ်မပေးနိုင်တော့ဘူး”

“ဒီနေ့ စာရင်းပိတ်သွားပြီ၊ နောက်နေ့မှလာလို့ ပြောလိုက်တော့”

သူဌေးကြီးချုန်သည် ငွေများကိုရေတွက်နေရာမှ တပည့်ဖြစ်သူအား လှမ်းပြောလိုက်သည်။

တပည့်ဖြစ်သူသည် အပေါက်ဝ၌ စောင့်ကြည့်နေသူ နှစ်ယောက်အား ဖြတ်ကျော်သွားသည်။

အပေါက်ဝ၌ စောင့်ကြပ်နေသူများမှာလည်း ကြံ့ခိုင်ကြီးထွားသူများဖြစ်သည်။

မြင်းရထားပေါ်မှ ချိုင်းထောက်နှင့်လူတစ်ယောက် ဆင်းလာသည်။ ထိုသူကား ကျောင်ချူးတည်း။

နှင်းတောင်ခရီးစဉ်တွင် အတွင်းအားမထုတ်နိုင်ဘဲဖြစ်ခဲ့ရသဖြင့် ခြေထောက်တစ်ဖက်နှင်းကိုက်ဝေဒနာခံစားရကာ ဒုက္ခိတဖြစ်ခဲ့ရခြင်းဖြစ်သည်။

ငွေရောင်ချိုင်းထောက်ကြီးမှာ တပြောင်ပြောင်တလက်လက်ဖြစ်နေသည်။

တကယ့်ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ယောက်က အာမခံလာထားသည့်ပုံစံမျိုးပင် ဖြစ်၏။

သူ့ကိုထိန်းမိုးပေးထားသည့်လူမှာ ချင်ဖုန်ပင်ဖြစ်ပေသည်။ သူတို့နှစ်ယောက် ဤနေရာသို့ရောက်ရှိလာခြင်းမှာ သူတို့၏ပရိယာယ်မဟုတ်ပေ။ ဖန်ကောက်တင်စေခိုင်းသဖြင့် လာရောက်ကြခြင်းဖြစ်သည်။



ဖန်ကောက်တင်သည် ဤချုန်လင်းအာမခံလုပ်ငန်းကြီးပေါ်တွင် ဝင်စီးရန်အကြံရှိပေသည်။

ထိုအကြံကို အကောင်အထည်ဖော်ရန် အပေါက်ဝသို့ တရွေ့ရွေ့ဝင်လာကြခြင်းဖြစ်သည်။

ထိုစဉ်သူဌေးကြီးချုန်၏ တပည့်က....

“အာမခံလုပ်ငန်းစာရင်းပိတ်ပါပြီ မိတ်ဆွေ၊ နောက်နေ့မှလာခဲ့ပါ”

ထိုအခါ ချင်ဖုန်က....

“ကျုပ်တို့က ခရီးအဝေးကြီးက လာရတာ၊ ခင်ဗျားတို့အာမခံလုပ်ငန်းအပေါ် ယုံကြည်လေးစားလွန်းလို့ လာခဲ့ရတာပါ၊ နောက်တစ်နေ့ချိန်းရင် ကျုပ်တို့ဘယ်လိုလာနိုင်မလဲ”

“အဲဒါတော့ ကျုပ်မသိပါဘူး၊ သူဌေးက ဒီလိုပြောပါလို့ ပြောလို့ ကျုပ်က ပြောရတာပါ”

“ဒါဖြင့်ရင် မင်းတို့သူဌေးကို သွားခေါ်လိုက်၊ ငွေပေါင်းတစ်သိန်းတိတိ အာမခံထားဖို့ မြောက်ပိုင်းက သူဌေးတစ်ယောက်ရောက်နေတယ်လို့ ပြောလိုက်”

ကျောင်ချူးသည် သူဌေးတစ်ယောက်ပုံစံဖြင့် ဟောက်လိုက်သည်။

သူဌေးကြီးချုန်၏တပည့်သည် သူဌေးကြီးချုန်ကိုသွားခေါ်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကျောင်းချူးသည် သူဌေးကြီးချန်အကြောင်း လေ့လာပြီး ဖြစ်သည်။

တစ်သိန်းဆိုသောငွေများက သူပိတ်ဆို့ထားသည့် အာမခံလုပ်ငန်းအဖွဲ့၏တံခါးများကို ပွင့်သွားစေလိမ့်မည်ဟု သူသိသည်။

ချင်ဖုန်က အပေါက်ဝမှနေ၍ အထဲ၌သိုင်းသမားမည်မျှရှိသည်ကို လေ့လာသည်။ ထင်သလောက် မများလှပေ။

သို့သော် ရှိသည့်သိုင်းသမားများကို အလွယ်တကူတိုက်ထုတ်နိုင်ဖွယ်မရှိပေ။

သိုင်းသမားအားလုံးမှာ အဆင့်မြင့်သိုင်းသမားများဖြစ်ပုံရသည်။ မကြာမီ သူဌေးကြီးချန်ကိုယ်တိုင် အပြင်သို့ထွက်လိုက်လာသည်။

ချန်၏မျက်နှာမှာ ချိုနေသည်။ မျက်နှာပေါ် ပျားရည်ပုံးကြီး လောင်းထားသကဲ့သို့ ရှိနေသည်။

"အားနာလိုက်တာဗျာ၊ ဟဲ... ဟဲ တခြားဧည့်သည်တွေလို နည်းနည်းပါးပါး အာမခံထားမယ်ထင်လို့ပါ၊ ကဲ... အထဲကိုကြွကြွပါ"

သူသည် ကျောင်းချူးနှင့်ချင်ဖုန်တို့ကို အတွင်းသို့ဖိတ်ခေါ်လာလေသည်။

နှစ်ယောက်စလုံးသည် အခန်းတိုင်း၌ ငွေများရေတွက်နေသည်ကို သတိထားမိသည်။

ချန်သည် သူ့အခန်းတွင်းသို့ရောက်သောအခါ နေရာထိုင်ခင်းပေးပြီး မေးမြန်းလိုက်သည်။



"သူဌေးမင်းက ဘယ်လိုကိစ္စမျိုးနဲ့ပတ်သက်ပြီး အာမခံထားချင်ရတာလဲ"

"ကျုပ်ရဲ့ခြံအတွက်ပါ"

"ခြံ ဟုတ်လား"

"ဟုတ်ပါတယ် ခြံက တော်တော်ကျယ်ပါတယ်၊ ပန်းသီးပါ ငါးထောင်လောက်လဲ ရှိပါတယ်၊ မြင်းအကောင်ရေ ငါးရာကိုလဲ ခြံခတ်ထားတယ်"

သူဌေးကြီးချန်သည် ပါးစပ်ထဲ တွေ့ရာလျှောက်ပြောနေသည့် ကျောင်းချူး၏စကားများကို စာရင်းလိုက်မှတ်လေသည်။

ကျောင်းချူးသည် ဆက်ပြောနေလေသည်။ သူ၏ကျန်းမာရေးအခြေအနေမကောင်းကြောင်း၊ ထို့ကြောင့် သူခြံမြေများကို ခေတ္တ လွှဲအပ်ထားချင်ကြောင်း စသည်တို့ကို ယုံကြည်စိတ်ချလောက်အောင် ပြောနေလေသည်။

သူဌေးကြီးချန်ကလည်း ယုံကြည်စိတ်ချသွားသည်။

"ဟို... ဟို... ငွေတစ်သိန်းဆိုတာရော တစ်ပါတည်း ပါလာပါတယ်နော်"

"မြင်းရထားပေါ်မှာ ပါလာပါတယ်ဗျာ"

"ဟန်ကျလိုက်တာ သူဌေးရယ်၊ တစ်ခါတည်း ငွေစာရင်းထည့်ပြီး စာရင်းပိတ်လိုက်တာပေါ့၊ နယ်စားမြို့စားတွေ ကျုပ်တို့အာမခံအဖွဲ့ကိုသိပ်ပြီး ယုံကြည်စိတ်ချသွားမှာ သေချာပါတယ်"

သူဌေးကြီးချန်က ဝမ်းသာအားရ ပြောဆိုနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းချူးနှင့်ချင်ဖုန်သည် စကားသိပ်များများမပြောလို ကြပေ။ သူတို့၏အစီအစဉ်ကိုသာ မြန်မြန်အကောင်အထည်ဖော်နေကြသည်။

သူဌေးကြီးချန်ကတော့ ထိုအကြောင်းကိုမသိပေ။ စကားကို ဖောင်လောက်အောင် ပြောနေသည်။

ကျောင်းချူးနှင့် ချင်ဖုန်တို့သည် မျက်ရိပ်ပြလိုက်ကြ၏။ ရှေ့ဆက်လုပ်မည့်အစီအစဉ်ကို မျက်နှာရိပ်မျက်နှာကဲဖြင့် ပြသနေကြ၏။

"ကဲ... ကဲ... သူဌေးမင်း ငွေတစ်သိန်းကို အခုပဲသယ်ရတော့မလား"

"ဟုတ်ပါ့ဗျာ၊ ခင်ဗျားတပည့်နှစ်ယောက်လောက်ကို သွားသယ်ခိုင်းလိုက်ပါ"

သူဌေးကြီးချန်သည် တပည့်နှစ်ယောက်အား ငွေသေတ္တာများ သယ်ခိုင်းလိုက်သည်။

ထိုလူနှစ်ယောက် ငွေသေတ္တာများကို သွားသယ်သောအခါ မြင်းလှည်းဆရာဟန်ဆောင်ထားသော ကျောက်ဖိန်ကလည်း လိုက်လာသည်။

သေတ္တာများကို သူဌေးကြီးချန်သည် သူ့အခန်းထဲသို့သယ်လာခိုင်းသည်။

ကျောင်းချူးသည် သူဌေးပုံစံဖြင့်သေတ္တာသော့ကို စားပွဲပေါ်သို့ပစ်ချလိုက်၏။



သူဌေးကြီးချန်၏တပည့်တစ်ယောက်က သေတ္တာသော့ကို ဖွင့်ပြီး ငွေစက္ကူများကိုနှိုက်ယူလိုက်၏။

"အား"

"ဟိုက်"

ကြောက်မက်ဖွယ်ရာအော်ဟစ်သံနှင့်တူ မြွေတစ်ကောင်သည် ထိုတပည့်၏လက်ထဲ၌ တန်းလန်းကြီးပါလာလေ၏။ ထို့နောက် သေတ္တာထဲမှ မြွေပွေးမြွေဟောက်များသည် လျှောခနဲ လျှောခနဲထွက်လာတော့၏။

စုစုပေါင်း အကောင်ငါးဆယ်ခန့်ရှိသည်။ အာမခံရုံးခန်းထဲရှိ လူအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

"ရန်သူ... ရန်သူ"

"ဒုတ်"

"ခွပ်"

"အား"

အော်ဟစ်နေသူမှာ ကျောင်းချူး၏ရှေ့၌ မှောက်လျက်ကြီးကျသွား၏။

ကျောင်းချူးက သူ၏လက်ထဲမှ လက်နက်ဖြင့် ရိုက်ချလိုက်သောကြောင့် ဖြစ်သည်။

"ကျား"

"ဝို... ရွမ်း... ဝုန်း"

အာမခံဌာနတစ်ခုလုံး ငရဲပွက်သကဲ့သို့ အော်ဟစ်သံများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာတော့၏။ တစ်ခန်းလုံး တိုက်သံခိုက်သံများပေါ်လာ သည်။ မြွေများကလည်း သူတို့အား တက်နင်းမိသူများကိုကိုက်ခဲ့ သည်။

"အား"

"မြွေကိုက်ပြီဟ"

အာမခံအဖွဲ့သားများသည် ဖန်ကောက်တင်၏တပည့်သုံး ယောက်ကို တိုက်ခိုက်ရုံတင်မက မြွေဆိုးများရန်ကိုရှောင်နေရသဖြင့် မောကြောဆိုက်နေကြတော့သည်။

ဖန်ကောက်တင်၏တပည့်များဖြစ်သည့် ကျောက်ဖိန် ကျောဇ်ချူးနှင့် ချင်ဖုန်တို့သည် အချက်ကျကျ အကွက်ညီညီပူးပေါင်း တိုက်ခိုက်နေကြသည်။

BURMESE CLASSIC .com

(၁၂)

## သုံးယောက်တိုက်ပွဲ

သူတို့၏ပူးပေါင်းတိုက်ကွက်ကို အာမခံအဖွဲ့သိုင်းသမား ...းက မခုခံနိုင်ဘဲဖြစ်နေကြသည်။ သိုင်းသမားများမှာ တစ် ...ယာက်ပြီးတစ်ယောက် လဲကျသေဆုံးနေကြ၏။

ကျောက်ဖိန်တို့မှာ အစကတည်းက မြွေများ၏ရန်ကို ကာ ...ယ်နိုင်သည့်ဖိနပ်များ စီးထားကြရာ မြွေများက သူတို့အား မည်သို့ အန္တရာယ်မပြုနိုင်ဘဲ ရှိလေ၏။

အာမခံအဖွဲ့သိုင်းသမားများမှ မြွေကိုက်ခဲ၍လည်းသေဆုံး ...သည်။ ကျောက်ဖိန်တို့တိုက်ခိုက်သည့်အတွက်လည်း သေဆုံးကြ ...သည်။

သူဌေးကြီးချန်တစ်ယောက် ငါးမျှားချိတ်ကိုမမြင်၊ ငါးစာကို ...ာ မြင်သောကြောင့် ဒုက္ခရောက်ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ထန်း... ထန်း"

"ခြိမ်း... ခြိမ်း"

ကျောင်ချူးက ဒုက္ခိတဘာစ်ယောက်နှင့်မတူဘဲ အပြင်းအ ထန် တိုက်ခိုက်နေသည်။ သူ၏ချိုင်းထောက်မှာ သူ၏လက်နက် ဖြစ်သည်။

အာမခံအဖွဲ့၏ ကြောက်စရာအကောင်းဆုံးသိုင်းသမား သံတုတ်ကြီးကိုင်ဆောင်ထားသည့် ကြီးမားထွားကျိုင်းလှသော လူသန်ကြီးပင်။

ထိုလူသန်ကြီးမှာ ကျောက်ဖိန့်တို့အား အနိုင်မခံ အရှုံးမပေး ဘဲ တိုက်ခိုက်နေလေသည်။

သံတုတ်ကြီးမှာ အလေးချိန်စီးလှ၏။ ထိုသံတုတ်ကြီး တော်ရုံတန်ရုံလူပင်လျှင် မကိုင်နိုင်ချေ။

သံတုတ်ရိုက်ချက်များမှာ ပြင်းထန်လှသဖြင့် ကျောက်ဖိန့် သည် သံတုတ်ကြီးနှင့် ထိပ်တိုက်မတွေ့အောင် ရှောင်တိမ်းကြ သည်။

"ထန်"

"ထန်း"

"ချွင်... ချွင်"

သူတို့သည် အာမခံအဖွဲ့သိုင်းသမားအများစုကို အနိုင် တိုက်နိုင်သော်လည်း သံတုတ်သိုင်းသမားကိုမူ အနိုင်မတိုက်နိုင် ဖြစ်နေသည်။



ယခင်က တိုက်စစ်ဖြစ်သော်လည်း ယခုအခါ ခံစစ်ဖြစ်နေ သည်။

သူငွေးကြီးချန်သည် သံတုတ်သိုင်းသမားကြီး၏ တိုက်စစ် ကိုတွေ့ရသောအခါ အားရှိသွားလေ၏။

သူသည် အာမခံအဖွဲ့၏သံတံခါးများကို ခလုတ်နှိပ်၍ပိတ် လိုက်လေသည်။

"ကျွီ... အီ... အီ"

သံတံခါးကြီးသည် ပိတ်သွားသည်။ ကျောက်ဖိန့်တို့ထွက် ပေါက် ပိတ်သွားလေပြီ။

ကျောက်ဖိန့်သည် **တကျွီကျွီအသံကြားသဖြင့်** ဖျတ်ခနဲ လှည့်ကြည့်သည်။ **သံတံခါးကြီးပိတ်သွားသည်ကို** မြင်လိုက်ရသည်။

သူတို့ထွက်လမ်းပိတ်သွားသည်ကို သိရှိလိုက်သည်။ သူတို့ ထွက်လမ်းမရှိတော့ပေ။ အသေအကျေတိုက်ရုံမှတစ်ပါး အခြားမရှိ တော့ပေ။

သံတုတ်သိုင်းသမားသည် သူအသာစီးရနေသည်ကိုသိရှိ လိုက်သည်။ အနိုင်တိုက်ခိုက်ရန် သူသည် တရွေ့ရွေ့ ရှေ့သို့တိုးလာ လေ၏။

ကျောက်ဖိန့်တို့သုံးယောက်မှာ လျှင်မြန်စွာ လှုစုခွဲလိုက်ကြ သည်။ သူတို့သည်ပူးပေါင်းတိုက်၍လည်း မနိုင်ဘဲဖြစ်နေသည် မ ဟုတ်ပါလော။

သူတို့သုံးယောက်သည် သံတုတ်သိုင်းသမားကြီးကို ဖိုခံ

www.burmeseclassic.com

www.burmeseclassic.com



လောက်ဆိုင် ဝိုင်းလိုက်ကြသည်။

သံတုတ်သိုင်းသမားသည် မည်သူ့ကိုစတင်တိုက်ခိုက်ရမှန်း မသိဘဲ ဖြစ်သွား၏။

"ဝိုင်းထား... ဝိုင်းထား"

"ငေးမနေနဲ့ ဝင်တိုက်"

ချန်၏အော်သံဖြစ်သည်။ ချန်သည် အမြင့်တစ်နေရာသို့ တက်ပြီး အော်နေခြင်းဖြစ်သည်။

အာမခံအဖွဲ့သိုင်းသမားများသည် ကျောက်ဖိန်တို့သုံး ယောက်အား ဝိုင်းလိုက်ကြသည်။ ကျောက်ဖိန်၊ ကျောင်းချူးနှင့်ချင်ဖုန် တို့သုံးယောက်မှာ ခေသောသူများ မဟုတ်ကြပါ။

သူတို့သည် မည်သို့ခုခံကာကွယ်ပြီး မည်သို့ထွက်ပြေးရ မည်ကို တစ်ခါတည်းစဉ်းစားပြီးဖြစ်သည်။

"ကျား"

သံတုတ်သိုင်းသမား၏ကြုံးဝါးအော်ဟစ်သံသည် အ ဆောက်အအုံထဲ၌တုန်ခါသွား၏။ သူသည် ကျောက်ဖိန်ထံသို့ပြေးဝင် သွားသည်။

"ဗိုး"

"ဝှစ်... ဝှစ်"

ကျောင်းချူးသည် ချိုင်းထောက်ထဲမှ သက်စောင့်ဆောင် ထားသည့် လျှို့ဝှက်လက်နက်ပုန်းကိုအသုံးပြုလိုက်ရတော့သည်။

လက်နက်ပုန်းများသည် သံတုတ်သိုင်းသမားခန္ဓာကိုယ်



ပေါ်၌စိုက်ဝင်သွားလေပြီ။

"ဟိုင်း"

"ပွမ်း... ပွမ်း"

ကျောက်ဖိန်တို့သည် သံတုတ်သိုင်းသမားကိုသုတ်သင်နိုင် လိုက်သဖြင့် ကျန်သူများကိုမမှုတော့ပြီ။ သူတို့သုံးယောက်ပေါင်း တိုက်ကွက်ကို ပြန်ဖော်လိုက်၏။

အလောင်းများသည် မြင်မကောင်းရှုမကောင်းအောင်ဖြစ် သွားသည်။ ကျောက်ဖိန်သည် ချန်ကိုကြည့်လိုက်၏။ ချန်ကိုမတွေ့ တော့ပေ။

"ဘယ်လိုလဲ သူဌေးကြီး၊ ကျုပ်တို့ကို ခင်ဗျားဒုက္ခပေးလှ ချည်လား၊ ခင်ဗျားရဲ့သိုင်းသမားတွေက ကျုပ်တို့ကိုဝိုင်းသတ်တာ ကြည့်ပါဦး၊ အခုတော့ ကျုပ်တို့မသေ သူတို့သေပြီမဟုတ်လား၊ ကဲ... ခင်ဗျားထွက်ကြည့်ပါဦး"

"ခွမ်း"

"ခြွမ်း"

သုံးယောက်သားပစ္စည်းများကိုရိုက်ခွဲကာ အော်ဟစ်နေကြ ၏။ ချန်ကား လုံးဝထွက်မလာတော့ပေ။ ထိုအခါ ကျောက်ဖိန် က အော်ဟစ်သတိပေးလိုက်၏။

"ဟေ့... ငါတို့ ဒီလိုအော်ဟစ်နေလို့မဖြစ်ဘူး၊ ငွေတွေကို အိတ်ထဲထည့်ကြဦးလေ၊ အချိန်ရှိခိုက် လုံ့လစိုက်လိုက်ကြဦး"

သူသည် အိတ်ကြီးများထဲသို့ ငွေများကိုထည့်ကြသည်။ အ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်အသိပ်ထည့်လိုက်ကြသည်။ ထို့နောက် အပြင်သို့ထွက်ရန် ကြကြတော့သည်။

"တံခါးကတော့ တော်တော်ခိုင်တယ်ဟေ့"

တစ်ယောက်က ပြောသည်။ ကျန်တစ်ယောက်က....

"ခိုင်တဲ့တံခါး ငါနဲ့တွေ့မယ်၊ ယမ်းထုပ်နဲ့ ပစ်ထည့်လိုက်မယ်"

ထိုသို့ပြောဆိုသူကား ချင်ဖုန်တည်း။ သူသည် ပြောသည့်အတိုင်းလည်း လုပ်သည်။ ယမ်းထုပ်ကို တံခါးဆီသို့ ပစ်သွင်းလိုက်သည်။

"ဝုန်း"

ပြင်းထန်သောပေါက်ကွဲသံပေါ်ထွက်လာပြီးနောက် တံခါးချပ်ကြီးများ လွင့်စဉ်ထွက်သွား၏။

"ဟား... ဟား... ဟား ဘာတတ်နိုင်သေးသလဲ"

"ဟား... ဟား... ဟား"

"ဘာတံခါးခံနိုင်မှာလဲ"

ကျောက်ဖိန်၊ ချင်ဖုန်နှင့် ကျောင်ချူးတို့သည် ရယ်သူရယ် ပြောသူပြောနှင့် အားလုံးသဘောကျနေလေ၏။

ကျောက်ဖိန်က....

"ကဲ... သူဌေးကြီးချင်လဲ ဘယ်ရောက်သွားပြီလဲမသိဘူး အာမခံဌာနလဲရစရာမရှိအောင် ပျက်စီးသွားပြီ၊ အဲဒါ ငါတို့သုံးယောက်လုပ်လိုက်တာ"



ကျောင်ချူးက ရယ်သည်။

"သူဌေးကြီးချန်ပါ သေရွာရောက်မသွားတာ ကံကောင်းတယ်၊ အမှန်က သူပါ ပါသွားဖို့ကောင်းတာကွ"

ချင်ဖုန်က....

"ဒါတော့ မကောင်းပါဘူးကွာ၊ သူ့ပိုက်ဆံလဲယူ သူ့ကိုလဲ သေစေဖို့တော့ ဘယ်ကောင်းမလဲကွ၊ ပစ္စည်းယူရင် လူတော့အသက်ချမ်းသာပေးဖို့ ကောင်းတာပေါ့"

ထိုအခါ ကျောက်ဖိန်က....

"မင်းလုပ်ခဲ့တာတွေကို မသိဘူးမှတ်နေလား၊ ဟင်း... ကဲ... ကဲ အိတ်တွေ သယ်ကြ၊ မြင်းလှည်းပေါ်ရောက်မှ စိတ်အေးရမယ်"

ချင်ဖုန်က ရယ်သည်။

"အခုလဲ စိတ်ချရပါတယ်ကွာ၊ မင်းတို့က ပူစရာမရှိတာ ပူနေပြန်ပါပြီ"

သူတို့သည် အိတ်များကိုမြင်းရထားပေါ်တင်ကြ၏။ ငွေအိတ်အားလုံး မြင်းရထားပေါ်ရောက်သောအခါ သူတို့သည် ချန်လင်းအာမခံအဖွဲ့ကြီးအား နှုတ်ဆက်ကြလေ၏။

"သွားပြီ ချန်လင်းအာမခံအဖွဲ့ကြီးရေ"

မြင်းရထားကြီးသည် ချန်လင်းအာမခံအဖွဲ့ကြီးရှေ့မှ အပြင်း ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

## ရှာဖွေရေးခရီးစဉ်

"ဟား... ဟား... ဟား"

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်သည် ရယ်မော သည်။ ယခုသော် အားရပါးရရယ်နေသည်။ အားရပါးရရယ်ပြီးမှ...

"မင်းတို့သုံးယောက်ကို ငါကစိတ်ချတယ်၊ ငါ့တပည့်တွေအ ကြောင်း ငါသိတာပေါ့။ ဒါမေပယ့် တစ်ခုတော့မှာလိုက်မယ်၊ ငွေထက် လူက ပိုပြီးတန်ဖိုးရှိတယ်ကွ၊ တချို့ကိစ္စတွေမှာ အခက်အခဲကြုံရင် ပြန်ဆုတ်ခဲ့ကြ၊ ငါ မင်းတို့ကို အပြစ်မယူဘူး"

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်က ပြောလိုက်လေ သည်။

ကျောက်ဖိန်တို့သုံးယောက်သည် ကြည်နူးဝမ်းသာနေကြ ၏။ သူတို့ဆရာက သူတို့ကို ချီးကျူးနေသည်မဟုတ်ပါလော။



"ကဲ... ထိုင်ကြဦး၊ မင်းတို့ကို စကားပြောစရာရှိတယ်"

တပည့်သုံးယောက်သည် ထိုင်လိုက်ကြလေ၏။

ဖန်ကောက်တင်က....

"ရှောင်လင်ကျောင်းတော်က သိုင်းကျမ်းဆိုတာကို မင်းတို့ မြင်ဖူးသလား"

"မမြင်ဖူးပါဘူး ဆရာကြီး"

"ဒါဆို ခဏနေကြဦး"

ဖန်ကောက်တင်သည် အခန်းတွင်းသို့ဝင်သွားပြီး သေတ္တာ တစ်လုံးကိုကိုင်ကာ ပြန်ထွက်လာသည်။ သေတ္တာကားအကြီးကြီးမ ဟုတ်။ သင့်ရုံသေတ္တာကလေးဖြစ်သည်။

ကတ္တီပါအနီနှင့်ထုပ်ထားသည့် ကျမ်းစာအုပ်သည် သေတ္တာ ထဲမှထွက်လာသည်။

ဖန်ကောက်တင်သည် အနီရောင်ကတ္တီပါစကို ဖယ်ထုတ် လိုက်ရာ သိုင်းကျမ်းကိုတွေ့လိုက်ရ၏။

တပည့်သုံးယောက်စလုံး၏မျက်လုံးများသည် ပုစွန်တုပ်သ ဖွယ် ပြူးကျယ်သွားကြလေ၏။

"အဲ... အဲ... ဒါ"

ကျောက်ဖိန်က ထစ်ထစ်ငေါ့ငေါ့မေးလေ၏။ ဖန်ကောက် တင်က....

"ဒါ ရှေးဟောင်းတရုတ်လူမျိုးတွေရဲ့ ကျမ်းစာလေ"

"သိုင်းကျမ်းပေါ့ ဟုတ်လား ကျွန်တော်တို့မျှော်နေတဲ့ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျမ်း ဟုတ်လားဆရာ"

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်က ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး။ မင်းတို့ထင်ထားတာက ရှောင်လင်ကျောင်းတော်ရဲ့ခက်ခဲနက်နဲတဲ့သိုင်းပညာတွေလို့ထင်ထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အေး... ဝမ်းနည်းပါတယ်ကွာ၊ မင်းတို့ထင်သလို သိုင်းကျမ်းတွေမဟုတ်ပါဘူး။ တစ်သက်မှာ မကြုံစဖူးတဲ့ ယန္တရားအတတ်ပညာတွေရေးသားထားတဲ့ ကျမ်းစာပါ"

တပည့်သုံးယောက်မှာ မှန်းချက်နှင့်နှမ်းထွက်မကိုက်သဖြင့် ငေးငိုင်သွားကြသည်။

ယန္တရားအတတ်ပညာကို သူတို့ကြားဖူးသော်လည်း သူတို့ တွေ့မြင်ရလိမ့်မည်ဟု မထင်ခဲ့ချေ။

ယခု သူတို့ရှေ့မှောက်၌ ယန္တရားသိုင်းကျမ်းရောက်နေလေပြီ။

"ဆရာကြီး အဲဒီကျမ်းစာဟာ ဘာအသုံးဝင်မှာလဲ ဆရာကြီး"

ချင်ဖုန်ဖိုးက မေးလိုက်၏။

"ဟ... တကယ့်ပညာပေါ့ကွာ၊ ယန္တရားပညာဟာ တကယ်ခက်ခဲနက်နဲတယ်ကွ၊ သိုင်းပညာကျမ်းတွေဟာ အခုထက်ထိရှိသေးတယ်၊ ယန္တရားပညာတွေကတော့ တိမ်မြုပ်ပျောက်ကွယ်ကုန်ပြီ၊ ယန္တရားပညာကို လူတွေက လျှို့ဝှက်တယ်လေကွာ"



"အဲဒီပညာတွေနဲ့ ဘာဆက်လုပ်မလဲ ဆရာကြီး"

"ဘာလုပ်ရမလဲ... ဒီကျမ်းက သံမဏိယန္တရားဖားတစ်ကောင် လုပ်ပုံလုပ်နည်းပဲကွ၊ အဲဒီတော့ ငါတို့ဟာ ယန္တရားဖားကြီးတစ်ကောင် တည်ဆောက်ရလိမ့်မယ်"

"ဗျာ"

"ဘယ်လို"

"ယန္တရားဖား ဟုတ်လား"

သည်တစ်ခါတော့ သုံးယောက်စလုံး အာမေဋိတ်သံများထွက်ကုန်သည်။

သံမဏိယန္တရားဖားဆိုသည့်စကားလုံးက သူတို့ အား ဖမ်းစားလိုက်သည်မဟုတ်လား။

"ဒါကြီးက ဘယ်တော့ပြီးစီးမှာလဲ ဆရာကြီး"

"အလွန်ဆုံး သုံးလပေါ့ကွာ၊ သုံးလကျော်တာနဲ့ ငါတို့တစ်တွေရဲ့ ကျောက်စိမ်းနဂါးဂိုဏ်းကြီးဟာ သိုင်းလောကကြီးတစ်လုံးကို ချုပ်ကိုင်ခွင့်ရပြီလေ၊ ဟား... ဟား"

သူ့ရယ်မောသံကြီးသည် အဆောက်အအုံကြီးကိုလျှံထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကူးတို့ဆိပ်သည် ညနေခင်း၌ အလွန်ပင်သာယာလျက်ရှိသည်။

ဝင်လုဆဲဆဲနေလုံးကြီးနောက်ခံထားပြီး သွားလာနေကြသောကတ္တူလှေ၊ တုန်ကင်းလှေကြီးများ၊ လှေငယ်များသည် အလွန်ပနံရလှသည်။

သေးငယ်သောလှေတစ်စင်းပေါ်တွင် ဝါးမခေါက်ကိုဆောင်းထားသော ဘုန်းကြီးတစ်ပါးပါလာသည်။

ထိုကိုယ်တော်ကား ရှောင်လင်ကျောင်းမှ ဟုန်ကျင်းကိုယ်တော်တည်း။

ဟုန်ကျင်းကိုယ်တော်သည် ဆူချူးမြို့ကလေးသို့တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးချေ။

"ဟေး"

"ဟေး"

ဆိပ်ကမ်းမှ အသိတစ်ယောက် ဟုန်ကျင်းကိုယ်တော်အားလက်အုပ်ချီ၍ ဝမ်းသာအားရလှမ်းအော်လိုက်၏။ ဟုန်ကျင်းကိုယ်



တော်သည် ဝမ်းသာသွား၏။

ရှောင်လင်ကျောင်းမှ ဆရာတော်ကြီးက ဆူချူးမြို့မှမြို့ခံတစ်ယောက်နှင့် အဆက်အသွယ်ပြုလုပ်ရန် စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။

မြို့ခံလူက....

"စောင့်လိုက်ရတာ ဘုရား၊ လှေကြီးစီးလာမယ်လို့ ထင်နေတာ"

ဟုန်ကျင်းကိုယ်တော်က....

"လှေကြီးဆိုတာက ကုန်များများ လူများများပါတက်တယ်ဟုတ်လား၊ အဲဒီတော့ အသိအမြင်များတာပေါ့၊ လျှို့ဝှက်ဖို့ခက်တယ်လေ၊ ဒါကြောင့် လှေကလေးကိုစီးလာတာပါ"

သူတို့သည် ဆိပ်ခံတံတားတစ်ခုပေါ်၌ စကားပြောလာကြခြင်းဖြစ်သည်။ သူတို့သတိမထားမိ၍သာ ဤသို့ပြောလာခြင်းဖြစ်သည်။

တကယ်တော့ သူတို့နောက်၌ မိန်းမချောကလေးတစ်ဦးပါလာသည်။

ထိုမိန်းမချောကလေးသည် စကားများကိုနားစိုက်ထောင်နေလေ၏။

"ကျောက်စိမ်းနဂါးသတင်းကကော ဘာကြားသေးသလဲ"

မြို့ခံလူက....

"သူတို့သတင်းကတော့ တကယ်မွှေးတယ် ဘုရား။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဟာ မကြာသေးခင်ကမှ ချုန်လင်းအာမခံအဖွဲ့ကို ဓားပြတိုက်သွား တယ်၊ အာမခံအဖွဲ့က ငွေတွေ အကုန်နီးပါးယူသွားကြတာပဲ"

"သူတို့က ဒီလိုပဲ လုပ်နေကြတာပဲလား"

"အဲဒီအတိုင်းပါပဲ ဘုရား၊ ချမ်းသာတဲ့ကုန်သည်ပွဲစားတွေ လဲ မသက်သာပါဘူး၊ အာမခံဌာနတွေလဲည မသက်သာပါဘူး၊ သူတို့ က ပစ္စည်းယူရုံတင် မဟုတ်ဘူး၊ လူလဲသတ်တတ်ပါတယ်"

"အင်း... သတင်းကတော့ သတင်းဆိုးပဲ၊ အတော်ကလေး ဆိုးရွားတဲ့ သတင်းပဲ"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

သူတို့နောက်မှ နောက်ယောင်ခံလိုက်ရသောမိန်းမချော လေးအား ကျောက်စိမ်းနဂါးဂိုဏ်းမှ ပိတုန်းဇကရီရှုစီလင်းပေတည်း

သူ့ကို အဖွဲ့ချုပ်က တာဝန်ပေးထားသည်။ သူတို့၏နယ် မြေပိုင်နက်ထဲသို့ သူစိမ်းတစ်ယောက်ရောက်ရှိလာမည်ဟု သူတို့သ တင်းရရှိထားသည်။

ထိုသူအား စုံစမ်း၍ သူတို့လုပ်ငန်းအား အနှောင့်အယှက် ပေးမည့်သူဆိုလျှင် အပြီးသတ်သုတ်သင်ရှင်းလင်းရန် အဖွဲ့ချုပ်က တာဝန်ပေးလိုက်ပေသည်။

ထို့ကြောင့် သူမသည် မလှမ်းမကမ်းမှ လိုက်၍ သူတို့ပြော သည့်စကားကို နားစွင့်နေခြင်းဖြစ်သည်။

ဟုန်ကျိုင်းကိုယ်တော်က....



"ကျောက်စိမ်းပလ္လေ့ရှင် ဖန်ကောက်တင် ဒီမြို့မှာရှိတာ သေချာသလား"

မြို့ခံလူက ပြန်ပြောသည်။

"ကျောက်စိမ်းပလ္လေ့ရှင်နဲ့ပတ်သက်ရင် ဘယ်သတင်းမှတိ တိကျကျယုံရတဲ့သတင်း မရှိပါဘူး၊ ဒီမြို့မှာ တကယ်ရှိချင်လဲ ရှိမယ်၊ မရှိချင်လဲ မရှိဘူး၊ ကျောက်စိမ်းနဂါးအဖွဲ့သားတွေဟာ သူတို့အဖွဲ့ ချုပ်အပေါ် သစ္စာရှိနေတယ်၊ သူတို့ကိုဖမ်းမိပေမယ့် အသေသာခံ မယ်၊ အကြီးအကဲရှိတဲ့နေရာကိုတော့ ထုတ်ဖော်မပြောကြပါဘူး၊ အင်မတန် ခေါင်းမာတဲ့အသင်းသားတွေပါ"

ပိတုန်းဇကရီရှုစီလင်းက ပြုံးလိုက်လေ၏။

ရှောင်လင်ကိုယ်တော် ဟုန်ကျင်းမှာ သူ့ခရီးစဉ် မသေချာမ ရေရာကြောင်း ပထမဆုံးအကြိမ်သိမြင်ခြင်း ဖြစ်တော့သည်။

မြို့ခံလူသည် ဟုန်ကျင်းကိုယ်တော်အား သူ့အိမ်သို့ပင့်ခေါ် သွားလေ၏။

ပိတုန်းဇကရီရှုစီလင်းသည် မြို့ခံလူ၏အိမ်ကိုမှတ်သားပြီး သည်နှင့် ပျောက်ကွယ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

## ခိုင်ဝန်းကူညီ အောင်ပွဲဆီသို့

ရွှေနဂါးစားသောက်ဆိုင်ကြီး....။

ထိုစားသောက်ဆိုင်ကြီးသည် အစားအသောက်မျိုးစုံရသဖြင့် လူစည်ကားလှသည်။

အသောက်အစားစုံလှသောလူမျိုးစုံတို့သည် ထိုဆိုင်ကြီးထဲသို့ဝင်ရောက်စားသောက်မြဲ ဖြစ်သည်။

ထိုဆိုင်ကြီးသည် မျောက်သွေးအရက်ကြောင့် နာမည်ကြီးပေသည်။

ဆိုင်ရှင်ကလည်း တကယ့်စီးပွားရေးသမားတစ်ယောက်ဖြစ်သည်။ ငွေသာရလျှင် ဘနုဖူးသိုက်တူးမည့်လူစား ဖြစ်သည်။

မျောက်သွေးရသည့်အရက်ဆိုင်ဟု လူသိများသော်လည်း တကယ်တမ်းတွင် အကောင်ဗလောင်မျိုးစုံ၏ သွေးများကို အရှင်



သတ်လတ်လှောင်ထားပြီး သူတို့၏သွေးကို ရယူပေသည်။

စားသုံးသူ အရက်သောက်သူများကလည်း ထိုဆိုင်မျိုးကို ၍သဘောကျတတ်သည်။ ထို့ကြောင့် အမြဲတမ်း လူများစည်ကားနေခြင်း ဖြစ်သည်။

"ယုန်အသည်းနှလုံး မီးကင်တစ်ပွဲပေး"

"မျောက်သွေး အရက်တစ်လုံးပေး"

"ပြည်ကြီးမျှာ တစ်ပွဲပေး"

"မြွေသွေးအရက် တစ်ခွက်ပေး"

စသည်ဖြင့် မျိုးစုံမှာကြားတတ်သည်။

မြို့ခံလူသည် ရှောင်လင်ကိုယ်တော်ဟုန်ကျင်းအတွက် စားသောက်ဖွယ်ရာများ မှာကြားပေးသည်။

ကိုယ်တော်ဟုန်ကျင်းမှာ သက်သက်လွတ်စားသူဖြစ်သဖြင့် အားလုံးသက်သက်လွတ်ဖြစ်နေသည်။

ဤဆိုင်နှင့် ဆန့်ကျင်လှသည်။

မြို့ခံလူမှာကြားသော စားသောက်စာရင်းကို စားပွဲထိုးလေးသည် သေချာစွာမှတ်သားပြီး ဆိုင်နောက်ဘက်သို့လျှောက်လာ

"ရွတ်... ရွတ်"

လေသံဖြင့် တရွတ်ရွတ် ခေါ်သံကြားသဖြင့် စားပွဲထိုးကလေးသည် လှည့်ကြည့်လိုက်၏။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးကလေး၏မျက်နှာမှာ သွေးဆုတ်ယုတ်ဖြူဖေ
သွားသည်။

သူ့အား အသံပြုသူမှာ ကျောက်စိမ်းနဂါးဂိုဏ်းမှ ဝိတ
ကေရီရှုစီလင်းပင် ဖြစ်တော့သည်။

သူမသည် အဆိပ်လက်နက်ပစ်ခတ်ရာ၌ အလွန်ကြော
မက်ဖွယ်ကောင်းသူဖြစ်၍ စားပွဲထိုးကလေးသည် ရှုစီလင်း
ကြောက်သည်။

"ဘာကိစ္စရှိလို့လဲ မမ"

"ငါ ဘယ်သူဆိုတာ မင်းသိတယ်နော်"

ရှုစီလင်းက တောက်ပသောမျက်လုံးများဖြင့် ကြည့်၍ ေ
ခွန်းထုတ်လိုက်၏။

"ဟုတ်... ဟုတ်ကဲ့ သိပါတယ်မမ"

"ဒါဆိုရင် စားပွဲနံပါတ်(၄၉)က လူနှစ်ယောက်ကိုအပြ
ရှင်းချင်တယ်၊ အဲဒီကိစ္စကို မင်းအနေနဲ့ ထိရောက်အောင် အကူအည
ပေးရလိမ့်မယ်"

စားပွဲထိုးကလေးမှာ ကြောက်လန့်ပြီး ခေါင်းသာညိတ်နေ
၏။

ရှုစီလင်းဆိုလိုသည်ကို သူသိသည်။ ကျောက်စိမ်းနဂါးအ
အာဏာကို သူမလွန်ဆန်ရဲချေ။ လွန်ဆန်လျှင် မည်သို့ဖြစ်မည်
သူသိသည်။

ရှုစီလင်းက ဆက်၍ပြောသည်။



"ရော့... ကောင်လေး၊ ဟောဒီ အပ်ကလေးတွေကို သူတို့
သောက်မယ့် ပန်းကန်တွေထဲ ထည့်ပေးလိုက်၊ ရှင်းတယ်နော်၊ မင်း
အထူးအထွေ ဘာမှမလုပ်ရဘူး၊ ပန်းကန်ထဲ အပ်ထည့်ပေးရုံပဲ"

စားပွဲထိုးကလေး၏လက်ထဲသို့ အပ်ကလေးနှစ်ချောင်း
ထည့်ပေးသည်။

စားပွဲထိုးကလေးသည် အပ်ကလေးနှစ်ချောင်းကို
လျှင်မြန်စွာယူ၍ ဝှက်လိုက်သည်။

ကျောက်စိမ်းနဂါး၏အမိန့်ကို သူလိုက်နာရမည်မဟုတ်ပါ
လော။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းမှာ အမြဲတမ်းသက်သက်
လွတ်စားခဲ့သူဖြစ်၍ သွေးညှီနံ့ဖုံးလွှမ်းနေသောဆိုင်ထဲ၌ ထိုင်ရသည်
မှာ အော်ဂလီဆန်လာသည်။

ထိုစဉ် စားပွဲထိုးကလေးသည် စားသောက်ဖွယ်ရာများယူ၍
ထွက်လာသည်။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် စားပွဲထိုးလေး၏
မျက်နှာမှာ ထူးထူးခြားခြားဟန်ပျက်နေကြောင်း သတိထားလိုက်မိ
သည်။

စားသောက်ဖွယ်ရာများကို စားပွဲထိုးကလေးက လာချပေး
သည်။

မြို့ခံလူသည် စားသောက်ဖွယ်ရာများကို အားပါးတရစား
သောက်သည်။ ထိုအခါ အဆိပ်အပ်အစွမ်းက ချက်ချင်းပြတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အစ်... အစ်... အစ်"

စားရန် တုံ့နှေးနေသော ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် အဆိပ်ဆယ်မျိုးအကြောင်းသိသူဖြစ်၏။ သူ၏မိတ်ဆွေမှာ အဆိပ်မိလေပြီ။

သူသည် သူစားမည့်ပန်းကန်များထဲ၌ သတိထား၍ ရှာဖွေသည်။ ဟော တွေ့ပါပြီ။

သေးငယ်သော အဆိပ်အပ်ကလေး။ ဤသို့ဆိုလျှင် မိမိတို့အား လုပ်ကြံသူရှိနေပြီကို ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသိရှိလေသည်။ ယခုပင်လျှင် ဆိုင်အပြင်၌ ဝိုင်းထားကြပြီလော။

သူသည် မြို့ခံလူအား စမ်းသပ်လိုက်၏။ အသားများပြာနှမ်းကာ အေးစက်နေလေပြီ။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် ဆိုင်အနောက်ဘက်မှ မသိမသာထွက်ခဲ့သည်။

"ဝှစ်... ဝှစ်"

အလင်းရောင်တန်းကလေးများ သူ့ဆီပြေးလာသောအခါ ဟုန်ကျင်းသည် သူ၏ဓားတိုနှစ်ချောင်းဖြင့် ရိုက်ထုတ်ပစ်လိုက်၏။

"ထန်း... ထန်း"

"သိုင်းသမားကြီးက ဘယ်ဆိုးလို့လဲ"

ပိတုန်းကေရီဇူစီလင်းက ပြောလိုက်သည်။

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် ဟုန်ကျင်းအား ဝိုင်းရံထားသည်။ ဟုန်ကျင်းသည် ရင်ဆိုင်ရတော့မည်။ ဓားတိုနှစ်ချောင်းကိုကိုင်၍ သူသည် ရင်ဆိုင်၏။



သူ၏ဟန်အမူအရာမှာ ရဲဝံ့လှသည်။ မြေခွေးအလယ်မှ ကျားရဲသဖွယ် ကြွားဝံ့လျက်ရှိပေသည်။

"ဝိုး"

"ဝှစ်... ဝှစ်"

"ဝှစ်... ဝှစ်"

"ဝိုး"

ဟုန်ကျင်းသည် သိုင်းကွက်နင်းလိုက်သည်။ များပြားသော ရန်သူများကို ခုခံရမည်မဟုတ်ပါလား။

သူသည် ပတ်ဝန်းကျင်အရပ်လေးမျက်နှာမှ ဝင်လာသည့် ရန်သူကိုဝင်မလာနိုင်စေရန် သိုင်းကွက်ခင်းထားခြင်းဖြစ်သည်။

ဝိုင်းထားသည့်ရန်သူများသည် ဟုန်ကျင်းအား တိုက်ခိုက်ရန် တလှုပ်လှုပ်တရွရွ ဖြစ်နေကြ၏။

ဟုန်းကျင်းသည် ကျောက်စိမ်းနဂါးဂိုဏ်းသားများ၏တိုက်ကွက်ကို ခန့်မှန်းမိလိုက်သည်။

ဇူစီလင်းသည် တိုက်ခိုက်ရန် အမိန့်ပေးလိုက်၏။

"တိုက်"

"ရွမ်း... ရွမ်း"

"ထန်း... ထန်း"

"ဝိုင်းထား... မလွတ်စေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်သိုင်းသမားဟုန်ကျင်းသည် ပိတ်ဆို့ထားသည့် တိုက်စစ်စည်းကိုဖောက်ထွက်ရန် အခြေအနေကို ကြည့်လိုက်သည်။

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် အသားစီးမှတိုက်ခိုက်နေနိုင်သည်။

သူတို့ဘက်မှ မည်သူမျှဒဏ်ရာမရကြပေ။ ဟုန်ကျင်းကိုသာ ဖိတိုက်နိုင်သည်။

"ကျား"

"ဝိုး"

"ဝုစ်... ဝုစ်"

ဟုန်ကျင်းသည် ဓားတိုနှစ်လက်ဖြင့် စကြာပတ်ခုခံနေသည်။

(၁၅)

ဓားတိုနှစ်လက်သည် ပြိုးပြက်လင်းလက်လှသောကြောင့် ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် ထိတ်လန့်လာကြ၏။

ကျောက်စိမ်းနဂါးများတိုက်ကွက်သည် ပျက်ပြယ်စပြုလာလေပြီ။

"ကျား"



"ဝုန်း"

အများထဲမှ ချွန်ထွက်လာသော ကျောက်စိမ်းနဂါးဂိုဏ်းသားတစ်ယောက်မှာ လွင့်စဉ်ထွက်လာသည်။ ကျန်လူများမှာ တွန့်သွားကြသည်။

ဟုန်ကျင်းသည် အတွေ့အကြုံများလှ၏။ ထို့ကြောင့် သူ့အား ဝိုင်းတိုက်နေသော်လည်း မကြောက်ပေ။

သူ၏လက်နှစ်ဖက်တွင် ဓားတိုနှစ်လက်ရှိနေခြင်းက ဓားအလက်နှစ်ဆယ်ရှိသလိုထင် မှတ်ရသည်။

သူသည် ကျောက်စိမ်းနဂါးဂိုဏ်းသားများ နောက်တွန့်သွားသည်ကိုသိရှိ၏။

ထိုအချိန်၌ ကျောက်စိမ်းနဂါးဂိုဏ်းသားများကို ဖိတိုက်သည်။ ကျောက်စိမ်းနဂါးဂိုဏ်းသားများ ဒဏ်ရာရကုန်တော့သည်။

"ဝိုး... ဝုစ်... ဝုစ်"

"အား... အား... အား"

ကျဆုံးသည့် ကျောက်စိမ်းနဂါးများလည်း ပေါ်လာသည်။ တိုက်ပွဲသည် အရှိန်အဟုန်မြင့်မြင့်တက်ခဲ့လေပြီ။

အကျအဆုံးများလာသည့်အခါ ဝိုင်းဝန်းပိတ်ဆို့ထားသည့် ကျောက်စိမ်းနဂါးများ၏တစ်နေရာသည် ပေါက်ထွက်သွားလေ၏။ ဟုန်ကျင်းသည် လျှပ်တစ်ပြက်တိုက်ခိုက်ပြီး ထိုနေရာမှခုန်ထွက်သွားသည်။

သို့သော် ရန်သူများသည် ချက်ချင်းပင် ဟုန်ကျင်းအား ဖိပ်

www.burmeseclassic.com

www.burmeseclassic.com



မံဝိုင်းလိုက်ပြန်သည်။

သူတို့သည် ကျဆုံးသွားကြသော်လည်း လူအင်အား များပြားဆဲသာဖြစ်သည်။

သို့သော် တိုက်ပွဲမှာ တစ်ဖက်သတ် မဟုတ်ချေ။ အပြန်အလှန် အကြိတ်အနယ်တိုက်ခိုက်နေကြသည်။

အချိန်ကြာသော် တစ်ဦးတည်းသမားက ထပ်မံအောင်ပွဲခံသည်။ ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် အစုအစည်းပျက်သွားပြန်လေ၏။

ထိုအခါ ပိတုန်းဧကရီဓူစီလင်းကိုယ်တိုင် ဦးဆောင်တိုက်ခိုက်တော့သည်။

သူမသည် ကျာပွတ်ကြီး တရွမ်းရွမ်းဖြင့် ဦးဆောင်တိုက်ခိုက်သော်လည်း အောင်ပွဲမဆင်နိုင်တော့ချေ။

"ကျား"

"ဒိုး... ဝုစ်... ဝုစ်"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းအား ကူညီတိုက်ခိုက်သူပေါ်လာ၏။

မာန်သွင်းအော်ဟစ်သံနှင့်အတူ ကျောက်စိမ်းနဂါးအဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွား၏။ ထိုသူကား ဓွေဓားသခင် စီလင်ရှုပေတည်း။

ဓွေဓားသခင် စီလင်ရှုပါဝင်တိုက်ခိုက်လာသောကြောင့် ကျောက်စိမ်းနဂါးဂိုဏ်းသားများမှာ ဖရိုဖရဲဖြစ်ကုန်တော့သည်။



ပိတုန်းဧကရီ ဓူစီလင်းမှာ သိသိသာသာမျက်နှာပျက်သွားသည်။

ရှောင်လင်သိုင်းသမားဟုန်ကျင်းနှင့် မြို့ခံလူတို့ကို ရှင်းလင်းသုတ်သင်ရန် သူ့အား တာဝန်ပေးထားသည်။

မြို့ခံလူကိုသုတ်သင် နိုင်ခဲ့ပြီဖြစ်သော်လည်း ရှောင်လင်သိုင်းသမားဟုန်ကျင်းကို မသတ်နိုင်ဘဲဖြစ်နေသည်။ ယခုတော့ ပိုဆိုးပေပြီ။

ဘယ်ကမှန်းမသိသော သိုင်းသမားတစ်ဦးပါလာပြီး ကျောက်စိမ်းနဂါးအဖွဲ့ကို တိုက်ခိုက်သည်။ ထိုသူကို ဓူစီလင်းပို၍ ဒေါသထွက်သည်။

"ဒိုး"

"ဝုစ်... ဝုစ်... ဝုစ်"

အဆိပ်လက်နက်ပုန်းကလေးများသည် လေထဲ၌ ပလူပျံထွက်လာသည်။

ဓွေဓားသခင် စီလင်ရှုသည် ထိုလက်နက်ပုန်းများကို သူ့ဓားဖြင့် ရိုက်ထုတ်ပစ်နိုင်၏။

ရှောင်လင်သိုင်းသမားဟုန်ကျင်းနှင့် ဓွေဓားသခင်စီလင်ရှုတို့သည် သူစိမ်းနှစ်ဦးဖြစ်သော်လည်း အကွက်ညီညီအချက်ကျကျ တိုက်ခိုက်နေကြသည်။

ပိတုန်းဧကရီ ဓူစီလင်းသည် အဆိပ်လက်နက်ပုန်းများနှင့် ပစ်ခတ်၍ မရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျာပွတ်ကြီးဖြင့် ထပ်မံတိုက် စစ်ဆင်ပြန်သည်။ သို့သော်လည်း သူမ၏တိုက်စစ်ကို မမြှင့်တင်နိုင်ခဲ့ချေ။

ရွှေဓားသခင် စီလင်ရှူက....

"မင်းရှုပ်ရှည်ကတော့ အတော်ချောတယ်၊ ဒါပေမယ့် မင်းရဲ့တိုက်ကွက်တွေကတော့ ရိုးတယ်၊ ငါတို့အတွက် ဒီတိုက်ကွက်တွေဟာ ဘာမှမဆန်းပြားတော့ဘူး"

ရွှေဓားသခင်စီလင်ရှူ၏စကားသည် ရှူစီလင်း၏မျက်နှာကို ရဲခနဲဖြစ်သွားစေသည်။

သူမသည် ကျောက်စိမ်းနဂါးအဖွဲ့၏လက်ထောက်ခွဲမှူး တစ်ယောက်ဖြစ်သည်။

စီလင်ရှူ၏စကားမှာ သူမအား စော်ကားသောစကားများသာ ဖြစ်သည်။

သူမသည် ရှက်သွေးတက်လာရုံမက ရင်ထဲမှဒေါသများလည်း အလိမ့်လိုက်တက်လာသည်။

ရွှေဓားသခင်စီလင်ရှူထံသို့ ဒေါသစိတ်ဖြင့် အငြိုးကြီးစွာ တိုက်ခိုက်သည်။

"ရွှမ်း... ရွှမ်း... ရွှမ်း"

ကျာပွတ်သံသည် လေထဲ၌ တရွှမ်းရွှမ်းမြည်နေ၏။ စီလင်ရှူ၏ခန္ဓာကိုယ်ကိုတော့ မထိချေ။ လေကိုသာ ရိုက်နေသလိုဖြစ်နေသည်။

"ရွှမ်း"



ထပ်မံရိုက်လိုက်သည့်အခါ ရွှေဓားသခင် စီလင်ရှူက ဖမ်းဆွဲလိုက်သည်။

အတွင်းအားချင်း အလွန်ကွာခြင်းလှသဖြင့် ကျာပွတ်သည် စီလင်ရှူလက်တွင်းသို့ ပါသွားသည်။

"ကိုယ်ကိုင်တွယ်တဲ့ပစ္စည်းကို ထိန်းသိမ်းနိုင်စွမ်းရှိရမယ်၊ မရှိရင် မကိုင်ရဘူး"

ရွှေဓားသခင်စီလင်ရှူသည် ကျာပွတ်ကိုအဝေးသို့လွှင့်ပစ်လိုက်သည်။

ရှူစီလင်မှာ ဒေါသမီး တစ်ကိုယ်လုံးတောက်လောင်လျက်ရှိလေပြီ။ သူမ မကျေနိုင် မချမ်းနိုင်ဖြစ်နေသည်။

ရှူစီလင်းအား ဤသို့ပြောနေစဉ် သူ့အား နောက်မှတိုက်ခိုက်လာသည့် ရန်သူနှစ်ယောက်အား ဓားဖြင့်လှည့်ခုတ်လိုက်သည်။ ရန်သူနှစ်ယောက်မှာ အပိုင်ဝင်တွယ်ရာ မပိုင်တော့ဘဲ သူတို့နှစ်ဦးသာ အသက်ဆုံးရှုံးသွားလေ၏။

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် လုံးဝစွန့်ခွာခြင်းမရှိဘဲ သစ္စာရှိရှိ အသေခံ၍တိုက်ခိုက်ကြခြင်းပေတည်း။

"ဟော... ဟော သခင်မ၊ မပူနဲ့တော့ စစ်ကူတွေ လာနေပြီ"

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် စစ်ကူတွေလာပြီဆို၍ လှမ်းကြည့်လိုက်ကြ၏။

မည်းမည်းလုံးကြီးသည် သူတို့ရှိရာသို့ ပြေးလာနေသည်။ စစ်ကူဟုသာ ဆိုရသော်လည်း ဘာအရာကြီးမှန်း မသိပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်နေစဉ် ထိုအရာကြီးသည် တဖြည်းဖြည်းနီးလာလေ၏။ ထိုအလုံးကြီးမှ မီးတောက်များထွက်လာပြီး တဝုန်းဝုန်းပေါက်ကွဲတော့၏။

"ဝုန်း"

အလုံးကြီးပေါ်မှ လူတစ်ယောက်ခုန်ဆင်းလာလေ၏။ ထိုလူမှာ စီလင်ရှုနှင့်တိုက်ခိုက်ခဲ့သော အရက်သမားကြီးပေတည်း။

သူသည် သူ၏မြင်းကို ဝါးထရံများကပ်ကာ ရုပ်ဖျက်လာခြင်းဖြစ်၍ ပထမ၌ ထိုအရာကိုမြင်းဟုမထင်ရဘဲ အလုံးကြီးတစ်လုံးလိမ့်လာသည်ဟု ထင်မှတ်ရခြင်းဖြစ်သည်။

အရက်သမားသိုင်းသမားသည် ရှောင်လင်သိုင်းသမားဟုန်ကျင်း၊ ရွှေဓားသခင် စီလင်ရှုတို့ဘက်မှ ပါဝင်တိုက်ခိုက်ခြင်းဖြစ်သည်။

ဇူစီလင်းမှာ တကယ်ထူးချွန်သောသိုင်းသမားသုံးယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသောအခါ သူမ၏ဂိုဏ်းသားများမှာ အကျအဆုံး များပြားလာတော့သည်။

ကျောက်စိမ်းနဂါးဂိုဏ်းအနေဖြင့် ပထမဆုံး အရှုံးဖြစ်ခြင်းပေတည်း။

ယခု ဇူစီလင်းအနေဖြင့် ကိုယ်လွတ်ရုန်းထွက်ပြေးရန်သာရှိတော့သည်။

သူသည် နောက်ဆုံးတိုက်ခိုက်သည့်အနေဖြင့် အဆိပ်အပ်များကို ပစ်ထည့်လိုက်သည်။



"ဝှီး... ဝှစ်... ဝှစ်"

"ဝှီး... ဝှစ်... ဝှစ်"

ထို့နောက် ဇူစီလင်းတစ်ယောက်ထွက်ပြေးသွားတော့သည်။

ကျန်ရှိသော ကျောက်စိမ်းနဂါးဂိုဏ်းသားတို့လည်း ဖရိုဖရဲထွက်ပြေးကြတော့သည်။

ထိုအခါ ဟုန်ကျင်း၊ စီလင်ရှုနှင့် အရက်မူးသိုင်းသမားတို့အောင်ပွဲခံကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

## စိတ်ကူးအကြံဉာဏ်

အရက်မူးသမားသိုင်းသမားမှာ ခြေသလုံးအိမ်တိုင်သိုင်းသ
မား ဖြစ်လေ၏။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းသည် ရွှေဓားသခင် စီလင်
ရှူနှင့် ခြေသလုံးအိမ်တိုင်သိုင်းသမားတို့အား မိတ်ဆွေအဖြစ်သတ်မှတ်
လိုက်၏။

သူ့အား ကူညီခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ထုတ်
ဖော်ပြောကြားသည်။

ခြေသလုံးအိမ်တိုင် သိုင်းသမားက....

"ကျုပ်ကတော့ ကျေးဇူးတွေဘာတွေ မလိုပါဘူးဗျာ၊ ကျုပ်
ကိုယ်တော်ကိုကူညီခဲ့ရတာ ငွေတစ်ရာလောက်တော့ ကုန်တယ်ဗျ
အဲဒီငွေတစ်ရာပြန်ရရင် တော်ပါပြီ၊ ကျုပ်အရက်သောက်ဖို့ မရှိတော့
လို့ပါ"



စီလင်ရှူသည် အတော်ဒေါပွသွား၏။

"ခင်ဗျား တော်တော်ဆိုးပါလား၊ ကိုယ်တော်ကို ဒီလိုပြောရ
သလား၊ ခင်ဗျားကူညီတာတွေအားလုံး အလကားဖြစ်ကုန်ပြီပေါ့"

"ကူညီတာ အလကားဖြစ်ရမလား၊ ငါကူညီဖို့ အသက်ရှင်
သန်သွားပြီ၊ သူအကျိုးရှိသွားပြီ၊ ဒီတော့ ငါလဲအကျိုးရှိအောင် သူ
ကူညီပေါ့ကွ"

ထိုအခါ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက....

"ကဲ... တော်ကြပါတော့ဗျာ၊ ဒီသိုင်းသမားရဲ့ပွင့်လင်းမှုဟာ
ခင်မင်စရာပါ၊ ကျုပ်အသက်ကိုကယ်တာဟာ တကယ်တန်ဖိုးရှိပါ
တယ်၊ သူတောင်းတဲ့ငွေတစ်ရာဟာ ဘာမှမပြောပလောက်ပါဘူး"

ထိုအခါ ခြေသလုံးအိမ်တိုင်သိုင်းသမားကြီးသည် ရယ်မောပ
လေတော့သည်။

"ကဲ... ငါမပြောဘူးလား"

ခြေသလုံးအိမ်တိုင်သိုင်းသမား၏အမည်မှာ ခွန်ချန်းဖြစ်
သည်။

ဟုန်ကျင်းသည် ဤမြို့ကလေး၌ သူစိမ်းသာဖြစ်သည်။ သူ့
အား ကြိုဆိုခဲ့သည့်မြို့ခံလူလည်း သေဆုံးသွားလေပြီ။

ထို့ကြောင့် စီလင်ရှူနှင့်ခွန်ချန်းကို စည်းရုံးထားနိုင်က ဆူ
ချူးမြို့ကလေး၌ ဖန်ကောက်တင်ရှိမရှိသိနိုင်မည်ဟု တွေးတော
သည်။

ထို့ကြောင့် ဟုန်ကျင်းက အဆိုတစ်ခုပြုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့သုံးယောက် အောင်ပွဲခံတဲ့အနေနဲ့ တစ်နေရာရာမှာ မိတ်ဖြစ်ဆွေဖြစ် ချက်ပြုတ်စားသောက်ကြရအောင်၊ ကျုပ်က ငွေထုတ်ပေးပါ့မယ် ချက်တာပြုတ်တာကိုတော့ ခင်ဗျားတို့တာဝန်ယူပေါ့"

"ဒါဆိုရင် အတော်ပဲ၊ ကိုယ်တော်ရာ ဟိုကောင်ပါ ကျုပ်အိမ်ကိုလိုက်ခဲ့ကြပါ။ ကျုပ်အိမ်မှာ ချက်ပြုတ်စားသောက်ကြမယ်"

ခွန်ချန်းသည် ဟုန်ကျင်းနှင့်စီလင်ရှူတို့ကို သူ့အိမ်သို့ဖိတ်ခေါ်ခဲ့လေသည်။

ခွန်ချန်း၏အိမ်ဂေဟာမှာ အလွန်စုတ်တီးစုတ်ပြတ်နိုင်ပြီး နိမ့်ကျလှသည်။ သူ၏အိမ်ဂေဟာဟုဆိုသော်လည်း သူကိုယ်တိုင်ဆောက်လုပ်ထားသည့်အိမ် မဟုတ်ချေ။

မီးလောင်ထားသည့် ဘုရားကျောင်းပျက်ကြီးကို အိမ်လုပ်ထားခြင်းဖြစ်သည်။ ဘုရားကျောင်းပျက်ကြီး၏အခန်းတစ်ခန်းကို သူအပိုင်စား ထားခြင်းဖြစ်သည်။

ပစ္စည်းပစ္စယမှာ စုံလင်လှသည်။ အိမ်တစ်အိမ်၌ လိုအပ်သော အသုံးအဆောင်မှန်သမျှ ရှိသည်။ သို့သော် ဟောင်းနွမ်းစုတ်ပြတ်နေသည့် ပစ္စည်းများသာ ဖြစ်သည်။

ကောက်ရိုးနှင့်ဝါးကပ်များကိုအသုံးပြု၍ အခန်းတံခါးပြုလုပ်ထားသည်။

သူတို့အံ့ဩသည်မှာ ဘုရားကျောင်း၏နောက်ခန်း၌ အရက်စည်ကြီးများ များစွာရှိနေခြင်းတည်း။



"ဒါက ကျုပ်ရဲ့ဘုံရိပ်သာပဲ မိတ်ဆွေတို့ ဘယ်လောက်ငြိမ်း...်းသလဲ၊ ကျုပ်ဟာ လူတိုင်းကိုမဖိတ်ခေါ်ဘူးနော်၊ အင်မတန်ခင်... င်ရင်းနှီးတဲ့လူကိုမှ ဖိတ်ခေါ်တာ၊ ကိုယ့်လူတို့အနေနဲ့ ကျုပ်ဖိတ်ခေါ်...တာကို ဂုဏ်ယူဖို့ကောင်းတယ်"

ခွန်ချန်းက သူ၏အခန်းကိုဂုဏ်တင်နေသည်။

ဟုန်ကျင်းက ပြုံးနေသော်လည်း စီလင်ရှူက မဲ့ရွဲ့နေသည်။ ...သ်သို့ပင်ဖြစ်စေ ခွန်ချန်းသည် ဧည့်သည်နှစ်ယောက်ကိုဖိတ်ခေါ်...ာသည့်အတွက် ကျေနပ်ဝမ်းမြောက်နေသည်။

ဟုန်ကျင်းက ငွေများကိုထုတ်ပြီး....

"ခွန်ချန်း ခင်ဗျားအတွက် ငွေလိုမယ်၊ စားသောက်စရာ...ခွည်းတွေ ဝယ်ရမယ်လေ"

ခွန်ချန်းက ရယ်လိုက်သည်။

"ကျုပ်အိမ်ရောက်လာရင် ကျုပ်ဧည့်သည်ပဲပေါ့၊ ကျုပ်က...ည့်ခံရမှာပေါ့၊ ကိုယ်တော်က ဘာစားချင်လို့လဲ"

"ကျုပ်ကတော့ သက်သက်လွတ်ဆိုရင် ပြီးပါတယ်၊ အသီး...အရွက်ရရင်ပြီးတာပါပဲ"

"အင်း... အသီးအရွက်ဆိုလဲ အသီးအရွက်ပါပဲ၊ စီလင်ရှူအ...ကျက်ကတော့ ကျုပ်အထူးလုပ်ပေးပါ့မယ်"

"ကင်းခြေများကို မီးဖုတ်ပြီး အသားထုတ်သုတ်မယ်၊ အ...မ်းရောင်သမ်းနေတဲ့ဖားကြီးတွေကို မီးကင်မယ်၊ မျောက်ကိုကြော်...ယ်၊ စပါးကြီးသည်းခြေကို အစိမ်းကျွေးမယ်၊ အားလုံးစားကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရာချည်းပဲ မဟုတ်လား"

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းမှာ သက်ပြင်းချသည်။ စီလင်ရှုကတော့ ခေါင်းယမ်းနေသည်။

စီလင်ရှုက....

"ဒီမှာခွန်ချန်း ခင်ဗျား စီစဉ်ထားတဲ့အရာတွေကတော့ ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်မစားချင်ဘူးဗျာ၊ ဒီပြင် ဟင်းလျာတွေ စီစဉ်ပါဗျာ"

ခွန်ချန်း၏မျက်နှာမှာ ညိုပုပ်ပုပ်ဖြစ်သွား၏။

"မင်း ငါ့စေတနာကိုမစော်ကားနဲ့ကွာ၊ မင်းတို့ မသောက်ဖူးတဲ့ဟင်းတွေကို ငါက တမင်စီစဉ်ပေးတာကွ၊ စားကြည့်ဦး"

ခွန်ချန်း၏စိတ်ဆိုးသွားမှန်းသိသဖြင့် စီလင်ရှုဆက်မပြောတော့ဘဲ ငြိမ်နေလိုက်ရသည်။

ထို့နောက် ခွန်ချန်းသည် ရှောင်လင်ကိုယ်တော်ဟုန်ကျင်းအတွက် သက်သက်လွတ်ဟင်းလျာနှင့်စီလင်ရှုအတွက် သူပြောထားသည့်ဟင်းလျာများကို စီစဉ်ချက်ပြုတ်တော့၏။

ကိုယ်တော်ဟုန်ကျင်းအဖို့ ဘာမျှမထူးခြားသော်လည်း စီလင်ရှုမှာ ကျိတ်မှိတ်စားရတော့သည်။

သို့သော် တကယ်စားသောက်သောအခါ ခွန်ချန်းပြောသည့်အတိုင်း အရသာရှိလှသည်ကိုတွေ့ရလေ၏။

ထို့ပြင် သူကိုယ်တိုင်ချက်လုပ်ထားသည့် အတွင်းအားတိုး



အရက်ကိုလည်း တိုက်သည်။ ရှောင်လင်ကိုယ်တော်ဟုန်ကျင်းကတော့ အရက်မသောက်ပေ။ စီလင်ရှုနှင့် ခွန်ချန်းတို့သာ သောက်သည်။

ခွန်ချန်းကတော့ ကြွက်တွင်းဖြစ်သည်။ အရက်မည်မျှသောက်သောက် မူးသည်ဟူ၍ မရှိပေ။

သူတို့သည် အတူစား၊ အတူသောက်လိုက်ကြသဖြင့် ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေဖြစ်သွားကြသည်။

သူတို့သည် ထွေရာလေးပါးစကားစမြည်ပြောဆိုကြရင်း ကျောက်စိမ်းနဂါးဂိုဏ်းအကြောင်း ရောက်ရှိသွားကြသည်။

"ဒါဆို ကျုပ်တို့သုံးယောက်စလုံး တစ်မြို့တည်းမှာ ရည်ရွယ်ချက်တူပြီး လာဆုံနေကြပြီပေါ့၊ အားလုံးက ကျောက်စိမ်းပလ္လင်ဖန်ကောက်တင်ကို မုန်းတီးနေကြတာဆိုတော့ ကျောက်စိမ်းနဂါးဂိုဏ်းကိုဖြိုခွင်းဖို့ အရမ်းမစည်းရုံးရတော့ဘူးပေါ့၊ အဆင်ပြေသွားတာပေါ့ဗျာ"

ဟုန်ကျင်းမှာ အားတက်သွားသည်။ သူတစ်ကိုယ်တော်တည်း မဟုတ်တော့။ ဖြိုဖျက်ရမည့် အပေါင်းအသင်းအသိုင်းအဝိုင်းအင်အားကိုယူ၍ ကျောက်စိမ်းစိမ်းနဂါးဂိုဏ်းကို ဖြိုခွင်းရမည်။

သူတို့ စုပေါင်းစားသောက်ခြင်းဖြင့် သူတို့၏ရည်ရွယ်ချက်များကို အချင်းချင်း သိရှိသွားကြ၏။

ခွန်ချန်းက....

"မင်းတို့ကျောက်စိမ်းနဂါးဂိုဏ်းကိုဖြိုမလို့ ဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



စီလင်ရှုက....

"ဟုတ်တယ်ဗျ၊ ဘာဖြစ်လို့လဲ"

"ဖြိုဖို့မလွယ်ဘူးကွ။ သူက ညောင်မြစ်တွယ်သလို တွယ်နေတာ၊ သူ့အမြစ်တွေက သိပ်မြဲတာ၊ နောက်ပြီး မြို့တိုင်း သူ့အဖွဲ့တွေက ရှိနေကြတာ"

"ဟာ... ဒါကတော့ ဒီလိုပဲ ဖြိုရတာပေါ့ဗျာ"

"ဟာ... ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်ကို မင်းက နှယ်နှယ်ရရအောက်မေ့နေသလား၊ သူဟာ အဆိပ်ရှိသတ္တဝါထက် ဆိုးတယ်ကွ၊ ကင်းမြီးကောက်၊ မြွေပွေးကိုက်ရင် ဆေးဦးရင် အသက်ရှင်နိုင်သေးတယ်၊ သူနဲ့တွေ့ရင် သေဖို့သာ စဉ်းစားပေတော့။

"ပြီးတော့ ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်ကိုဖမ်းနိုင်ဖို့ဆိုတာ မလွယ်လှဘူး"

ဟုန်ကျင်းရော စီလင်ရှုပါ သည်အချက်ကိုတော့ သိပါသည်။ ဖန်ကောက်တင်ကိုဖမ်းနိုင်ဖို့ဆိုသည်မှာ မလွယ်ပါ။

ရှောင်လင်ဘုန်းတော်ကြီးများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထွက်သွားခဲ့ကြသည်။ မည်သည့်အဖွဲ့မျှမဖမ်းဆီးနိုင်ကြပါ။ သူတို့သုံးယောက်၏ရည်ရွယ်ချက်မှာ တူညီကြသော်လည်း လုပ်ပုံလုပ်နည်းများ တူညီကြမည်မဟုတ်ပါ။



(၁၇)

ရှောင်လင်သိုင်းသမား ဟုန်ကျင်းလိုက်လာသည့်အချက်မှာ ဖန်ကောက်တင်အား အမိက သေစေရန်မဟုတ်ပါ။

သူလုပ်ရမည့်အလုပ်မှာ ယန္တရားဖားပြုလုပ်နိုင်မည့်သိုင်းကျမ်းကို အမိကဖျက်ဆီးရန် ဖြစ်ပါသည်။

ရွှေဓားသခင် စီလင်ရှုကတော့ ပုဂ္ဂိုလ်ရေးအကြောင်းကြောင့် ဖြစ်ပါသည်။

မြို့စားကြီးသမီးကလေး ချင်ချင်အား ဖန်ကောက်တင်တို့၏လက်တွင်းသို့ မကျရောက်စေရန် ဖြစ်ပါသည်။

သူတို့လက်တွင်းသို့ကျရောက်သွားလျှင် ငရဲကျသည်ထက်ဆိုးမည်ဟု စီလင်ရှုယုံကြည်ထားသည်။ သူ့ရည်ရွယ်ချက်မှာ ချင်ချင်အား ကာကွယ်ရန်သာဖြစ်ပါသည်။

ဖန်ကောက်တင်တို့အား ဖြိုဖျက်မှသာ ဤကိစ္စအေးမည်ဟု ယုံကြည်သဖြင့် သူက ဖန်ကောက်တင်အား သုတ်သင်ရန် ဆုံးဖြတ်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးအိမ်တိုင်သမား ခွန်ချန်းမှာ သူတို့သုံးယောက်အ တွင် အသက်အကြီးဆုံးဖြစ်ပါသည်။

ကျောက်စိမ်းနဂါးမှာ ခြေသလုံးအိမ်တိုင်ဂိုဏ်းကို တွေ့ရာ နေရာ၌ ဒုက္ခပေးနေသည်။

ထို့ကြောင့် ခွန်ချန်းအနေဖြင့် ကျောက်စိမ်းနဂါးဂိုဏ်းနှင့် ဖန်ကောက်တင်အား သုတ်သင်ရှင်းလင်းရန် ဤမြို့သို့ရောက်ရှိလာ ခြင်း ဖြစ်သည်။

သူ့အဓိကရည်ရွယ်ချက်မှာ ဖန်ကောက်တင်သိုင်းလောက ထဲမှ ပျောက်ကွယ်သွားရေးဖြစ်သည်။

ဖန်ကောက်တင်မရှိလျှင် ကျောက်စိမ်းနဂါးဂိုဏ်းလည်းရှိ တော့မည် မဟုတ်ချေ။

သုံးဦးစလုံး၏အဓိကရည်မှန်းချက်ကတော့ တူသည်။ ထို့ ကြောင့် သူတို့သုံးဦးပေါင်းစည်းနိုင်ပေသည်။

ရွှေဓားသခင်စီလင်ရှူက လေးနက်စွာစဉ်းစားသည်။

“ဒါဆို ဒီလိုလုပ်ကြမယ်၊ကျုပ်တို့ရည်ရွယ်ချက်အောင်မြင် အောင် မြို့စားသမီးကိုပြန်ပေးဆွဲကြရင် မကောင်းဘူးလား”

ခွန်ချန်းက....

“ဟ... ဘယ်လိုလဲ”

ရှောင်လင်ကိုယ်တော်ဟုန်ကျင်းက နားမလည်နိုင်ဘဲ စီလင် ရှူကိုကြည့်နေလေ၏။

ဟုန်ကျင်းက....



“ခင်ဗျားက မြို့စားသမီးကိုဘာကြောင့် ပြန်ပေးဆွဲချင် တယ်ဆိုတာ ရှင်းပြပါဦးဗျာ”

စီလင်ရှူက ရှင်းပြသည်။

“ဒီလိုပါ ဒီလိုပါ၊ အခု မြို့စားကြီးနဲ့ဖန်ကောက်တင်တို့ ပဋိ ပက္ခဖြစ်နေကြပါတယ်၊ မြို့စားကြီးကတော့ ဖန်ကောက်တင်ကို ကြောက်တယ်၊ ဒါပေမယ့် သမီးချင်ချင်က ဖန်ကောက်တင်ရဲ့တပည့် ခင်ဖုန်ကို မလိုချင်ဘူး၊ ဒါကြောင့် အပြတ်ငြင်းဆန်နေတယ်”

“ဒီကြားထဲမှာ ကျုပ်တို့က ချင်ချင်ကိုပြန်ပေးဆွဲလိုက်ရင် ဖန်ကောက်တင်ရဲ့ဒေါသကိုဆွပေးသလို ဖြစ်မလာဘူးလား၊ သူ့တ ပည့်နဲ့လက်ထပ်မယ့်မိန်းကလေးကို ပြန်ပေးဆွဲရဲတဲ့ ကျုပ်တို့ကို အိုး စက်ခွက်လှန်မရှာတော့ဘူးလား၊ သူကျိန်းသေဒုံစမ်းမှာပဲ၊ သူ့တ ပည့်တွေကလဲ ပျားအုံကိုတုတ်နဲ့ထိုးသလို အုံကြွလာမှာပဲ၊ ကျုပ်အ မြင်တော့ ဒီအကြံဉာဏ်ကောင်းတယ် ထင်တာပဲ”

သူသည် စကားကိုဆက်ပြောလေ၏။

“ဖန်ကောက်တင်ထွက်လာတဲ့အခါ ကျုပ်တို့လိုက်ကြရုံပဲ၊ ဒီအခါကျမှ သူသေကိုယ်သေ တိုက်ကြရမှာ”

ရှောင်လင်ကိုယ်တော်က....

“ခင်ဗျားအကြံမကောင်းဘူးဗျ၊ ကျုပ်တွေးမိတဲ့အကြံတစ်ခု ကို ပြောမယ်”

စီလင်ရှူက....

“ကိုယ်တော်အကြံကို နားထောင်ပါရစေ”

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ကျင်းက.....

"ကျုပ်အကြံက ကောင်မလေးကိုပြန်ပေးမဆွဲစေချင်
ဟိုမှော်ရှူးချင်ဖုန်ဖုံးရဲ့လက်ထပ်ဖို့ ကမ်းလှမ်းချက်ကို လက်ခံ
တယ်၊ လက်မထက်သေးဘူး၊ စေ့စပ်လမ်းကြောင်းလမ်းချက်ကိုလ
ခံလိုက်တဲ့ သဘောပေါ့"

"စေ့စပ်လမ်းကြောင်းလမ်းချက်ကိုလက်ခံပြီး ဘာသ
လုပ်မှာလဲ"

စီလင်ရှုက မေးလိုက်၏။

ဟုန်ကျင်းက....

"စေ့စပ်လမ်းကြောင်းလမ်းချက်ကိုလက်ခံပြီး ချင်ဖုန်နဲ့လ
ပွန်းတတီးနေရမယ်ဗျ၊ ချင်ဖုန်ကလဲ ချင်ချင်ကိုလိုချင်တာဟာ
ပိုင်းသေနေတာမဟုတ်လား၊ ဒီတော့ ချင်ဖုန်ဆီကလိုချင်တာနှိုက်
ရတာပေါ့"

"ရှောင်လင်ကျောင်းကြာ ခိုးသွားတဲ့သိုင်းကျမ်း ဘယ်မှာ
သလဲဆိုတာစုံစမ်းရင်ရနိုင်တာပေါ့၊ ကျုပ်အဖို့ အဓိကလိုအပ်နေတ
အဲဒီသိုင်းကျမ်း ဘယ်မှာလဲဆိုတာပဲ"

ခြေသလုံးအိမ်တိုင်သိုင်းသမားကြီး ခွန်ချန်းသည် ဟုန်ကျ
ပြောဆိုသည့်အချက်ကို စဉ်းစား၏။

"ကိုယ်တော်ပြောတာကတော့ တကယ်ကောင်းပါတယ်
ပေမယ့် ချင်ချင်ကို အဲဒီလိုလက်ခံဖို့ပြောဖို့က တော်တော်ခက်
တယ်"



စီလင်ရှုကလည်း.....

"ဟုတ်တယ်၊ ချင်ချင်ကို အဲဒီလိုနားချဖို့က အင်မတန်ခက်
တယ်၊ ဘယ်သူက နားချမလဲ"

ဟုန်ကျင်းက.....

"ခင်ဗျားတို့ ဒီလိုတော့ စိတ်မလျှော့ပါနဲ့လေ၊ ဒီအကြံအစည်
ကို သူ့ကိုပြောပြကြည့်တာပေါ့၊ သူစိတ်ပါရင် လုပ်လိမ့်မပေါ့၊ စိတ်မ
ပါရင် တခြားနည်းနဲ့ကြံကြတာပေါ့"

"အေး... ဟုတ်တယ်"

ခွန်ချန်းက သဘောတူသည်။

စီလင်ရှုကလည်း သဘောမတူ၍မရတော့ပေ။ ခေါင်းညိတ်
ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

### ကတ္တူဝါ၏ အဆုံးအဖြတ်

"တောက်"

ဖန်ကောက်တင်၏တက်ခေါက်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အဘယ်ကြောင့်ဆိုသော် ကျောက်စိမ်းနဂါးဂိုဏ်းအကျအဆုံးများစွာဖြင့် ရှုံးနိမ့်သွားခဲ့ရသည်ဟူသောသတင်းကို သူကြားလိုက်ရသောကြောင့်ပေတည်း။

သူ့အား အစီရင်ခံသူမှာ ရှုံးနိမ့်ထွက်ပြေးလာရသော ဖူစီလင်းဖြစ်ပေသည်။

ပိတုန်းကေရီဖူစီလင်းမှာ ယခင်က တာဝန်ပေးသမျှ ကျေပွန်ခဲ့သည်။ ယခုကျမှ တာဝန်မကျေဖြစ်ခဲ့ရပေသည်။ မျက်နှာပန်းမလှသဖြင့် သူမသည် ခေါင်းငုံ့နေခဲ့ရပေသည်။

"နောက်ပိုင်းအခြေအနေကို ဆက်ပြောစမ်း ပိတုန်းမ"



ဂိုဏ်းချုပ်ကြီးဖန်ကောက်တင်က ဒေါသဖြင့် မေးလိုက်လေသည်။

"ကျွန်... ကျွန်မ မသိတော့ပါဘူး၊ ဘာ ဘာဖြစ်လို့လဲဆိုတော့ ခွေးသုံးကောင်ကိုက်တဲ့ဒဏ်ကိုမခံနိုင်လို့ ကျွန်မထွက်ပြေးခဲ့ရပါတယ်၊ ဒီအတွက် ကျွန်မမှာ အပြစ်ရှိပါတယ်"

ပိတုန်းကေရီ ဖူစီလင်းသည် ဖန်ကောက်တင်၏အကြောင်းကို သိရှိပြီးဖြစ်ပေသည်။

ထို့ကြောင့် သူမသည် ဖန်ကောက်တင်ကို တုန်နေအောင် ကြောက်ရွံ့ပေသည်။

တပည့်များဖြစ်သည့် ကျောက်ဖိန်၊ ကျောင်းချူးနှင့် ချင်ဖုန်တို့သည် ဆရာဖြစ်သူ မည်သို့ဆုံးဖြတ်မည်ကိုစိုးရိမ်တကြီးနားထောင်နေကြသည်။ သူတို့ဆရာအကြောင်းကို သူတို့သိသည်။

ဆရာသည် တပည့်ရင်းသုံးယောက်အပေါ်မှာသာ ညာတာသည်။ အခြားတပည့်များအပေါ် လုံးဝမညာတာပေ။

ထို့ကြောင့် ပိတုန်းကေရီဖူစီလင်းအတွက် သူတို့စိုးရိမ်ကြခြင်းဖြစ်သည်။

သူတို့စိုးရိမ်ကြသည့်အဓိကအကြောင်းအရင်းမှာ ကျောက်စိမ်းနဂါးဂိုဏ်း၏ ပထမဆုံးအရှုံးဖြစ်နေခြင်းတည်း။

ယခင်က ကျောက်စိမ်းနဂါးဂိုဏ်းသည် မဆုံးရှုံးဖူးပေ။

ဆရာဖြစ်သူ ဖန်ကောက်တင်သည် ဤအချက်ကိုအလေးအနက်စဉ်းစားမည်ဟု သူတို့ယုံကြည်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကောင်တွေကို ကောင်းကောင်းမှတ်မိတယ်မဟုတ်လား"

"လူစိမ်းတွေပဲ ဆရာကြီး၊ သူတို့ကို ကျွန်မဒီမြို့ထဲမှာ တစ်ခါမှမတွေ့ဖူးပါဘူး၊ အဲ... တစ်ယောက်တော့ တွေ့ဖူးပါတယ်၊ ခြေသလုံးအိမ်တိုင်ဂိုဏ်းက ခွန်ချန်းကိုတော့သိပါတယ်"

ကျောက်စိမ်းပလွေ ဖန်ကောက်တင်သည် ဟိုလျှောက်သည်လျှောက် စကြန်လျှောက်နေသည်။ သူစိတ်လှုပ်ရှားနေသည်ကို တပည့်များက သိရှိကြသည်။

**အဘယ်မှာလျှင် သူတို့၏ဆရာကြီးစိတ်မလှုပ်ရှားဘဲ နေပါအံ့နည်း။**

**ကျောက်စိမ်းနဂါးဂိုဏ်းသည် ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့ပြီမဟုတ်ပါလော။**

ဖန်ကောက်တင်သည် ကတ္တဝါကြီးတစ်ကောင်ကိုမွေးထားသည်။ ထိုကတ္တဝါကြီးသည် စကားပြောတတ်သည်။ သူတို့၏အမူအကျင့်ကိုလည်း သိသည်။

ဖန်ကောက်တင်သည် ထိုကတ္တဝါကြီး၏အဆုံးအဖြတ်ယူတတ်ကြောင်း တပည့်ရင်းများနှင့်ရှုစီလင်းလည်း သိသည်။

ဖန်ကောက်တင်သည် ထိုကတ္တဝါကြီး၏ရှေ့သို့သွားရပ်လေသည်။

ရှုစီလင်း တုန်သွားသည်။ သူမ၏ကံကြမ္မာသည် ထိုကတ္တဝါကြီးအပေါ် လုံးလုံးတည်ရှိနေလေပြီ။



ဤကတ္တဝါသည် လူတို့၏ဖြစ်ရပ်ကို အမှန်အတိုင်းရှုမြင်သုံးသပ်နိုင်ပါမည်လော။

ဖန်ကောက်တင်က....

"ကဲ... ဟေ့ကောင်ကြီး၊ ဒီကိစ္စကို မင်းကြားတယ်မဟုတ်လား၊ ဘယ်လိုအဆုံးအဖြတ်ပေးသင့်တယ်ဆိုတာကို မင်းပြောစမ်း"

ဖန်ကောက်တင်သည် ကတ္တဝါကြီးကိုလူတစ်ယောက်သဖွယ် မေးမြန်းနေလေသည်။

ရှုစီလင်း၏မျက်နှာမှာ ဖြူရော်နေသည်။ ကတ္တဝါကြီးက သူမအား သေစေဟု ဆုံးဖြတ်ချက်ချလျှင် သူမသေရပေမည်။ သူမဘဝမှာ တွေးဝံ့စရာမရှိတော့ပေ။

ကတ္တဝါကြီးသည် ပီသသောလေသံဖြင့်....

"ပိတုန်းမ သိပ်ညံ့တယ်၊ ပိတုန်းမ သိပ်ညံ့တယ်"

ပိတုန်းဓေကရီ ရှုစီလင်း၏မျက်နှာမှာပို၍ ဖြူရော်သွားသည်။

ကတ္တဝါကြီးက ဆက်၍ပြောလေ၏။

"ဒီတစ်ခါတော့ ပိတုန်းမကိုခွင့်လွှတ်၊ ဒီတစ်ခါတော့ ပိတုန်းမကိုခွင့်လွှတ်၊ နောက်တစ်ခါဆိုရင်တော့ အသေပဲ၊ နောက်တစ် ခါဆိုရင်တော့ အသေပဲ"

ရှုစီလင်း၏ရင်ထဲမှ တစ်ဆို့နေသော အစိုင်အခဲကြီးသည် လျှောကျသွားလေ၏။

"ကဲ... ကြားတယ် မဟုတ်လား၊ ဒီတစ်ခါတော့ မင်းကိုခွင့်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်တယ်၊ နောက်တစ်ခါ ဒီလိုကိုယ်လွှတ်ရန်းထွက်ပြေးလာတယ်ဆိုရင်တော့ အသေပဲ၊ ထွက်ပြေးလာတာကို ငါလက်မခံဘူးဆိုတာ မင်းမှတ်ထား"

"အသေခံတိုက်ပြီး ကျောက်စိမ်းနဂါးဂိုဏ်းအပေါ် သစ္စာရှိတယ်ဆိုတာကိုပြ၊ မင်းထွက်ပြေးလာခြင်းဟာ အသေခံတိုက်ခိုက်ခဲ့တဲ့ ဂိုဏ်းသားတွေရဲ့မျက်နှာကို အိုးမည်းသုတ်လိုက်တာပဲ"

ပိတုန်းဧကရီရှူစီလင်းမှာ ရှက်ရွံ့စွာ နားထောင်နေသည်၊

"နောက်တစ်ခါ ဒီလိုထွက်ပြေးလာမယ့်အစား အသေခံလိုက်စမ်းပါ၊ ငါက မင်းအတွက် ဂုဏ်ယူပါ့မယ်"

ရှူစီလင်းသည် နောက်တစ်ကြိမ်၌ အသေခံတိုက်ရန် ဆုံးဖြတ်ချက် ချမိတော့သည်။

"ဂိုဏ်းချုပ်ကြီး ကျွန်မနောက်တစ်ကြိမ်ဆိုရင် အသေခံတိုက်ပါ့မယ် ဂိုဏ်းချုပ်ကြီး"

"အေး... အေး မင်းသွားနိုင်ပြီ"

ရှူစီလင်းသည် သက်မကလေးချနိုင်လိုက်သည်။ ဂိုဏ်းချုပ်ကြီး ဖန်ကောက်တင်အား အရိုအသေပေးပြီး နောက်ဆုတ် နောက်ဆုတ်ဖြင့် ထွက်သွားလေတော့သည်။

ဖန်ကောက်တင်သည် အခန်းထဲရှိ ကျောက်စိမ်းနဂါးရုပ်ကြီးထံသို့လျှောက်လာခဲ့သည်။ သူသည် ကျောက်စိမ်းနဂါးရုပ်ထုကြီးကို ငေးကြည့်နေသည်။

ယခု သူ့၌စဉ်းစားစရာများစွာရှိနေလေပြီ။ လူသုံးယောက်



သူတို့ဂိုဏ်းအား ရှုံးနိမ့်စေခဲ့သော လူသုံးယောက်၊ ဤလူများကိုစဉ်းစားရမည်။

သူသည် ယခင်အခါက စဉ်းစားခန်းဖွင့်တော့မည်ဆိုလျှင် ကျောက်စိမ်းပလွေကိုကောက်မှုတ်သည်။ မှုတ်ရာ၌လည်း အသုဘသီချင်းကိုသီမှုတ်ခြင်း ဖြစ်သည်။

ယခုလည်း ဖန်ကောက်တင်သည် ကျောက်စိမ်းပလွေကို စမ်းသပ်နေသည်။

မကြာမီ ပလွေကိုထုတ်လိုက်ပြီး အသုဘသီချင်း တစ်ပုဒ်ကို သီမှုတ်လေတော့၏။

ထိုအသုဘသီချင်းစာသားထဲ၌ ငါ့ကိုနှောင့်ယှက်နေတာ ဘယ်သူလဲ၊ ငါ့ကိုအန္တရာယ်ပြုနေတာ ဘယ်သူလဲဆိုသော စာသား တစ်ပိုဒ် ပါရှိသည်။

တပည့်သုံးယောက်သည် ဆရာကြီး စကားပြောလျှင် ဘာမှမပြောရဲကြချေ။

ထို့ကြောင့် ကျောက်စိမ်းပလွေသံကိုသာ နားဆင်နေကြရသည်။ သီချင်းသံကလည်း အတော်ကောင်းသည်။ တပည့်သုံးယောက်ရင်ထဲ၌ ပူဆွေးလှိုက်လှဲမှုကိုခံစားကြရသည်။

ထို့နောက် ပလွေသံရပ်သွားလေ၏။ တပည့်သုံးဦးမှာလည်း အိပ်မက်ထဲ၌ ယောင်ယမ်းနေရာမှ လန့်နိုးလာသူများကဲ့သို့ ဖြစ်သွားသည်။

ဖန်ကောက်တင်၏မျက်လုံးများသည် အရောက်တောက်

www.burmeseclassic.com

www.burmeseclassic.com



လာလေ၏။ သူသည် တပည့်သုံးဦးဆီသို့ လှမ်းကြည့်လိုက်သည်။

"ပိတုန်းမပြောတဲ့ အချက်တွေကိုကြားတယ် မဟုတ်လား"

"ကြားပါတယ် ဆရာကြီး"

တညီတညွတ်တည်း ဖြေကြသည်။

"ငါတို့ကျောက်စိမ်းနဂါးဂိုဏ်းကိုလာရောက် နှောင့်ယှက်တဲ့သူတွေဟာ လာရောက်တိုက်ခိုက်တဲ့သူတွေဟာ ဘယ်သူလဲဆိုတာ ငါစဉ်းစားမိပြီ"

"ဘယ်သူတွေလဲ ဆရာကြီး"

"တစ်ဦးက ရှောင်လင်ကျောင်းက လာတဲ့ရန်သူပဲ"

"ရှောင်လင်ကျောင်းက"

"ငါဘယ်မေ့ပါ့မလဲ တပည့်တို့ရာ၊ ငါက ရှောင်လင်ကျောင်းကချုပ်ထားတဲ့နေရာက ထွက်ပြေးလွတ်မြောက်လာတဲ့လူပဲ၊ ငါ့ကို ရှောင်လင်ကျောင်းက ဒီအတိုင်း ဘယ်လွှတ်ထားလိမ့်မလဲ"

"နောက်တစ်ယောက်ကကော ဆရာကြီး"

"နောက်တစ်ယောက်ကတော့ ပိတုန်းမပြောသွားတဲ့ ခြေသလုံးအိမ်တိုင်ဂိုဏ်းက သွားခေါ်ခွန်ချန်းပဲ"

"ပိတုန်းမက ခွေးသုံးကောင်လို့ပြောသွားတယ် မဟုတ်လား၊ နောက်တစ်ယောက် ကျန်သေးတာပေါ့"

"နောက်တစ်ယောက်တော့ ငါမသိသေးဘူး"

"ကျွန်တော်တို့နဲ့ အဲဒီလူသုံးယောက်နဲ့ ပတ်သက်ဆက်စပ်မှုတွေကို ဆရာကြီးသိထားတယ်လို့ ထင်ပါတယ်"



"ဟား... ဟား... ဟား မင်းတို့သိပ်ထုံ သိပ်အ,ကြတာကိုး"

ဖန်ကောက်တင်သည် ကျောက်စိမ်းပလွေကလေးကိုထုတ်လိုက်လေ၏။

တပည့်များက ကျောက်စိမ်းပလွေကလေးကိုကြည့်ကြသည်။

"ဒီကျောက်စိမ်းပလွေဟာ နှယ်နှယ်ရရပလွေ မဟုတ်ဘူး"

တပည့်များမှာ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေကြသည်။

"ဒီကျောက်စိမ်းပလွေကို ငါ့အဖေဟာ လိုဏ်ဂူထဲမှာ တရားင့်နေတဲ့ပုဂ္ဂိုလ်တွေဆီက တောင်းလာတာကွ"

သူက ဆက်ပြောသည်။

"ဒီပလွေရဲ့အသံဟာ ရန်သူတွေရဲ့အသံလှိုင်းတုံ့ပြန်မှုကိုသိနိုင်စွမ်း ရှိတယ်ကွ၊ ငါဟာ ဒီပလွေကိုမှုတ်ပြီး ဘယ်သူတွေ ရန်ဖြစ်နိုင်တယ်ဆိုတာ သိတာပဲ"

တပည့်များသည် အံ့ဩစွာ နားထောင်နေကြ၏။

ကျောက်ဖိန်က....

"ဒီလိုဆိုရင် ဆရာကြီးပလွေမှုတ်လိုက်တော့ ပိတုန်းမနဲ့က်ခိုက်ခဲ့တဲ့လူတွေရဲ့အာရုံဟာ ဆရာကြီးဆီမှာ ပေါ်လာတာပေါ့ဴ"

"အေး... ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ကောက်တင်က ခေါင်းညိတ်ပြလေ၏။

ကျောက်ဖိန်က ဆက်ပြောသည်။

"သွားခေါ် ခွန်ချန်းဆိုတဲ့ ခြေသလုံးအိမ်တိုင်သိုင်းသမား ဒီအတိုင်းလွှတ်ပေးထားလို့ မဖြစ်ဘူးနဲ့တူတယ် ဆရာကြီး၊ ဆရာ ရဲ့ယန္တရားဖားကြီး တပ်ဆင်လို့မပြီးခင်မှာ ဒီလူဟာ ကျွန်တော် လုပ်ငန်းကိုထပ်ပြီး အနှောင့်အယှက်ပေးဦးမှာ ကျွန်တော်မြင်ယော နေမိတာ ဆရာကြီး"

ထိုအခါ ဖန်ကောက်တင်က ဟက်ဟက်ပက်ပက်ရယ် လေတော့၏။

"ခြေသလုံးအိမ်တိုင်ကိုဏ်းဆိုတာ သိုင်းကိုဏ်းတွေထဲမှာ အောက်တန်းအကျဆုံးကိုဏ်းကွ"

ကျောက်ဖိန်က....

"ဒါပေမယ့် ဆရာကြီး ဒီကိုဏ်းဟာ ဟူတန်ကိုဏ်း၊ စွန်းလွ ကိုဏ်း၊ ဝါမေကိုဏ်းတွေနဲ့တန်းတူရှိတယ်လို့ပြောတာ ကြားဖူးတယ် အဲဒါ...."

"အဲဒီကိုဏ်းတွေထဲမှာ ခြေသလုံးအိမ်တိုင်ကိုဏ်းဟာ အဆင့် နိမ့်ဆုံးပဲ၊ စားဝတ်နေရေးအတွက် လှည့်တောင်းစားပြီး ငတ်ငတ်ပြ ပြတ်နဲ့သိုင်းပညာလေ့ကျင့်နေရသူတွေကွ၊ သူတို့အဆင့်မြင့်ဆုံးတ ရင်လဲ ခွေးရိုက်တုတ်သိုင်းပညာအဆုံးပါပဲကွာ"

"ငါတို့ရဲ့ကျောက်စိမ်းနဂါးကိုဏ်းဟာ အခုဆိုရင် အတော် တက်လာပြီ၊ စောစောက ပြောခဲ့တဲ့ကိုဏ်းတွေနဲ့ မကြာခင်ရင်ပေ



တန်းနိုင်တော့မှာကွ၊ ခြေသလုံးအိမ်တိုင်ကိုဏ်းကိုနှိမ်နင်းဖို့ဆိုတာလဲ တကယ်တော့ ခက်ခဲတဲ့အလုပ်မဟုတ်ပါဘူးကွ"

ဖန်ကောက်တင်သည် ခြေသလုံးအိမ်တိုင်ကိုဏ်းကြီးအား အထင်သေး၊ အမြင်သေးပြောနေလေ၏။ စင်စစ်တွင်ကား ခြေသလုံးအိမ်တိုင်ကိုဏ်းကြီးသည် ရှောင်လင်ကိုဏ်း၊ ဟူတန်ကိုဏ်း၊ စွန်းလွန်ကိုဏ်းတို့နှင့်တန်းတူ ရည်တူရှိသောကိုဏ်းဖြစ်သည်။ တရုတ်တစ်ပြည်လုံးတွင် သူတို့ကိုဏ်းဝင်များ ရှိကြလေသည်။ ယခုတိုက်ပွဲသည် မမျှော်လင့်ဘဲ ဖြစ်လာသောတိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲသည် ဆရာကြီးဖန်ကောက်တင်ခေါင်းစားသောတိုက်ပွဲဖြစ်နေသည်။

ထိုမမျှော်လင့်သောတိုက်ပွဲကြောင့် သူ့လက်ထပ်မင်္ဂလာအစီအစဉ်ပျက်သွားမည်ကို ချင်ဖုန်ဖုံးက စိုးရိမ်နေမိသည်။

သူက မနေနိုင်မတိုက်နိုင် ထိုကိစ္စကိုဆရာဖြစ်သူအား ပြောကြားမိလေ၏။

"ဆရာကြီး... ဆရာကြီး၊ မြို့စားကြီးတစ်ယောက် ကျွန်တော့်ကိစ္စမှာ စိတ်ထားတွေပြောင်းလဲနေတယ် ဆရာကြီး"

"ဘာတွေများ ပြောင်းလဲနေလို့လဲကွ"

"သူ့သမီးနဲ့ကျွန်တော့်ကိုပေးစားဖို့အရေးမှာ သူဟာကတိပျက်ချင်နေတယ် ဆရာကြီး"

"ဘာ... ဘယ်လို"

"သူ့သမီးဟာ စိတ်ရောဂါခံစားနေရတယ်လို့ပြောနေပါတယ် ဆရာကြီး၊ အဲဒီအခြေအနေထက်သာအောင် ကောင်မလေးကို

www.burmeseclassic.com

www.burmeseclassic.com



အနားပေးရမယ်လို့ပြောနေကြပါတယ်၊ ဒါကြောင့် သူ့သမီးကို စိတ်ချမ်းသာအောင်အနားပေးပြီးမှ မင်္ဂလာပွဲကိုစီစဉ်ချင်ပါတယ်လို့ ပြောပါတယ်"

"တော်စမ်းပါ ချင်ဖုန်ဖုံးရာ၊ မြို့စားဝမ်ပင်းဟာ ငါ့စကားကို မပယ်ရှားရဲပါဘူး၊ ဒီကိစ္စကို မင်းခေါင်းထဲထည့်မထားနဲ့၊ မင်း မကြာခင် မြို့စားသမက် ဖြစ်စေရပါမယ်ကွ"

ကျောက်စိမ်းပလွေရှင်ဖန်ကောက်တင်**သည်** ရယ်မောလိုက်လေ၏။

အခြေ**အနေသည်** ချက်ချင်းပြေလျော့သွားသည်။ တပည့်သုံးယောက်တည်း **ထိုအခါကျမှ** ရယ်မောနိုင်ကြလေတော့သည်။

(၁၉)

ပန်းဈေး

**ပန်းဈေး**ဆိုသည့်အတိုင်း ပန်းများကိုသာ နေ့စဉ်ရောင်း**သည့် ပန်း**ဈေးတန်းကလေးဖြစ်သည်။ ပန်းဈေးသို့ မည်သူများလာ**ရောက်**ကြသနည်း။ ပန်းချစ်သူ များသည် မည်သူများဖြစ်သနည်း။

မိန်းကလေးများသာ ပန်းဈေးသို့လာရောက်ကြပါသည်။ ပန်းချစ်သူများသည် မိန်းကလေးများသာဖြစ်သည်မဟုတ်ပါလော။

နံနက်စောစော၌ ပန်းဈေးခင်းလေ့ရှိသည်။ ထိုပန်းဈေးသို့ ဝတ်ကောင်းစားလှ ပိုးဖဲကတ္တီပါများဝတ်ပြီး မိန်းကလေးများထွက်လေ့ရှိသည်။

အဖျင်းဆုံး အောက်တန်းလွှာမှ မိန်းကလေးများပင် ဖြူဖြူစင်စင်ဝတ်စုံများကိုဝတ်ဆင်ပြီး ပန်းဈေးသို့ထွက်လေ့ရှိကြသည်။

ရွှေဓားသခင် စီလင်ရှူတစ်ယောက်ပန်းဈေးသို့ ဆောလျင်စွာထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကိုယ်တော်ဟုန်ကျင်း အကြံပေးသည့်အတိုင်း မြို့စားဝမ်ပင်း၏သမီးတော် ချင်ချင်အား တွေ့ဆုံဆွေးနွေးရန် ဖြစ်ပေသည်။

သတင်းရထားသည့်အတိုင်းဆိုလျှင် မြို့စားသမီးတော် ချင်ချင်သည် ပန်းဈေးသို့နံနက်တိုင်း လာရောက်တတ်သည်ဟုဆိုသည်။

ချင်ချင်ကိုသူကောင်းစွာ မှတ်မိသဖြင့် တွေ့ဆုံဆွေးနွေးရန် အဆင်ပြေမည်ဟု သူထင်သည်။

နေရောင်ခြည်သည် ပန်းဈေးတန်းသို့ဖြာကျလေတော့သည်။

စီလင်ရှူသည် ပန်းဈေးသို့ရောက်လာသည်။ သူသည် ချင်ချင်ကိုစောင့်ကြည့်နေ၏။ ချင်ချင်၏အရိပ်အယောင်ကို မမြင်ရသေးပေ။

စောင့်ဆိုင်းနေရသည်မှာ ကြာမြင့်လာသည်။ စီလင်ရှူ စိတ်လှုပ်ရှားလာ၏။ သူစောင့်နေသည်မှာ အလကားဖြစ်သွားပြီလော။

ထိုစဉ် မြင်းရထားတစ်စီးသည် ပန်းဈေးသို့ဝင်လာလေ၏။ ရထားပေါ်မှ ဆင်းသက်လာသူမှာ ချင်ချင်ကိုယ်တိုင်ပင်ဖြစ်သည်။ အထိန်းတော်တစ်ဦး ပါလာသည်။

ချင်ချင်ကိုစောင့်ရောက်ရန်မှတစ်ပါး အခြားမဖြစ်နိုင်ပေ။

ချင်ချင်နှင့်အထိန်းတော်တို့သည် စီလင်ရှူအား မမြင်ကြပေ။

စီလင်ရှူသည် သစ်ပင်ကြီးတစ်ပင်နောက်သို့ ပုန်းကွယ်လိုက်သည်။



ချင်ချင်က သူဝယ်ယူမည့်ပန်းများကို အထိန်းတော်ကြီးအား ညွှန်ကြားပြသနေသည်။ အထိန်းတော်ကြီးသည် ပန်းဈေးဘက်သို့ ထွက်သွားလေ၏။

"ရွှတ်... ရွှတ်"

"ဟင်... အစ်ကို"

ချင်ချင် တစ်ဦးတည်းရှိနေစဉ် စီလင်ရှူက လေသံဖြင့်ခေါ်လိုက်၏။

ချင်ချင် အံ့အားသင့်သွားသည်။ ချင်ချင်သည် စီလင်ရှူအား မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် အံ့ဩသွားခြင်းဖြစ်သည်။

စီလင်ရှူက သူနှင့်စကားပြောလိုကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြလိုက်၏။

ချင်ချင်က နားလည်ကြောင်း ခေါင်းညိတ်ပြပြီး စီလင်ရှူနောက်သို့ လိုက်လာသည်။ သူမသည် သူမ၏အထိန်းတော်ကြီးကို ကြည့်ရသေးသည်။

အထိန်းတော်ကြီး သူမကိုတွေ့မသွားစေရန် အရေးကြီးသည်။ တွေ့လျှင် စစ်ဆေးနေပေဦးမည်။

ချင်ချင်သည် စီလင်ရှူအား တွေ့လိုက်ရသဖြင့် ရင်ခုန်သွားသည်။

ပန်းဈေး၏မလှမ်းမကမ်းတွင် သာယာသောရေကန်ကြီးတစ်ကန် ရှိ၏။ သူတို့သည် ထိုရေကန်ကြီးသို့လာကြလေသည်။

"အစ်ကိုက ချင်ချင်ကိုမှတ်မိတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ရေကန်ကြီးသို့ရောက်လာသောအခါ ချင်ချင်က မေး
သည်။ စီလင်ရှုက ခေါင်းညိတ်ပြလေ၏။

"မှတ်မိတာပေါ့ ချင်ချင်ရယ်"

"အစ်ကို ဒီကိုဘာလာလုပ်တာလဲ"

"ချင်ချင်ကို လာစောင့်နေတာ"

"အို"

"တစ်မျိုးမထင်လိုက်ပါနဲ့ ချင်ချင်"

"ဒါဖြင့် ဘာဖြစ်လို့ လာစောင့်တာလဲ အစ်ကိုရယ်"

"အစ်ကိုဟာ ချင်ချင်ဖြစ်နေတဲ့ပြဿနာကိုသိနေပါတယ်
ကြောင့် ဝင်ရောက်ဖြေရှင်းပေးချင်တဲ့စေတနာနဲ့ ဆွေးနွေးချင်လို့
စောင့်နေတာပါ။ ချင်ချင်အနေနဲ့ အစ်ကို့ကိုဆွေးနွေးပါ။ ပြီးတော့
အဆုံးအဖြတ်ပေးပါ"

စီလင်ရှု၏စကားက ရှင်းသည်။

ချင်ချင်ကလည်း အံ့သြသွားသည်။

ချင်ချင်၏အိမ်ထောင်ရေးကိစ္စမှာ သူတို့မိသားတစ်စုသာ
ရှိသောကိစ္စဖြစ်သည်။ စီလင်ရှုသိနေခြင်းကို ချင်ချင်အံ့သြရသည်။

(၂၀)

## ဝရိသာသ ညွှတ်တွင်း

စီလင်ရှုက....

"ချင်ချင်ရဲ့ဆန္ဒမပါဘဲ ကျောက်စိမ်းပလွေဖန်ကောက်တင်
ရဲ့တပည့်မှော်ရှူးချင်ဖုန်ဖိုးနဲ့လက်ထပ်ရမယ့်ကိစ္စကို ချင်ချင်ဘယ်လို
ဆက်လုပ်ချင်သလဲ"

"ချင်ချင်ကိုယ်တိုင်လဲ မကြံတတ်အောင်ပါပဲ အစ်ကိုရယ်၊
ဖေဖေဟာ မြို့စားကြီးဆိုပေမယ့် ဖန်ကောက်တင်ကိုကြောက်နေရ
တယ်လေ၊ ဖန်ကောက်တင်ဟာ နယ်စားကြီး ဇီဂျင်ဟိုးကိုတောင်
စိန်မခေါ်ခေါ်အောင် အကောက်ကြံပြီးတိုက်ခိုက်ခဲ့တာ အစ်ကိုရဲ့၊
ဒါကြောင့် ဖန်ကောက်တင်ကမ်းလှမ်းလာတဲ့ကိစ္စကို အရမ်းမငြင်း
ပယ်ရဲဘူး၊ မြွေမသေ တုတ်မကျိုးသဘောမျိုးနဲ့ လက်ခံခဲ့ရတာပါ"

ချင်ချင်က ဆက်ပြောသည်။

"သူ့တပည့်မှော်ရှူး ချင်ဖုန်ဖိုးဟာ ချင်ချင်ကိုမြင်တာနဲ့ ရေ

www.burmeseclassic.com

www.burmeseclassic.com



ရှင် မနေနိုင်တော့ဘူးဖြစ်တော့တာပါပဲ၊ တကယ့်ကို အရှုံးအမှုးဖြစ်တာ၊ သူ့ဆရာကို အပူကပ်ပြီး လက်ထပ်ထိမ်းမြားပေးဖို့ တောင်းဆိုတော့တာပဲ"

"မတရားမှုကို အာဏာနဲ့ဖြေရှင်းလို့မရတော့ဘူးမဟုတ်လား။ ဒီတော့ ဓားနဲ့ပဲဖြေရှင်းရတော့မှာပေါ့"

"အစ်ကိုရယ် ပြောတာသာ လွယ်လွယ်နဲ့ပြောနိုင်မှာပါ။ အဲဒီလိုဓားနဲ့ဖြေရှင်းပေးနိုင်တဲ့လူဟာ ဆူးဈေးမြို့မှာမရှိဘူးအစ်ကိုရဲ့၊ ဖန်ကောက်တင်ကိုယှဉ်နိုင်တဲ့လူ ဒီမြို့မှာမရှိဘူး"

ချင်ချင်မှာ ပင့်ကူအိမ်၌အမိခံရသော ပိုးကောင်ကလေးသို့ ဖြစ်နေသည်။ သူမသည် မလူးသာမလွန့်သာပေ။

ယခု ချင်ချင်၏အခြေအနေကိုသိရသဖြင့် ချင်ချင်၏အခက်အခဲကိုသိရပေသည်။ သူ့ဆွေးနွေးမှုအောင်မြင်နိုင်မည်ဟု စီလင်ရှုယုံကြည်ပေသည်။

ချင်ချင်ကလည်း စီလင်ရှုကိုမြင်ကတည်းက အားကိုးခဲ့ပေသည်။ စီလင်ရှုသည် အားကိုးလောက်ဖွယ် လက်ရုံးရည်နှင့်ပြည့်စုံခဲ့သူ မဟုတ်ပါလော။ စင်စစ် စီလင်ရှုသည် နှလုံးရည်နှင့်လည်း ပြည့်ဝသူဖြစ်ပါလေ၏။

ထို့ကြောင့် ချင်ချင်သည် စီလင်ရှုကိုတိတ်တခိုးချစ်နေမိသည်။ ပန်းဈေး၌တွေ့လိုက်ရသောအခါ စိတ်လှုပ်ရှားရင်ခုန်ခဲ့ရသည်မဟုတ်ပါလော။

စီလင်ရှုကလည်း ထိုနည်းတူပင်။ ထိုမိန်းကလေးကိုမြင်ကတည်းက ချစ်ခဲ့မိပေသည်။

သူတို့နှစ်ဦး၏အသည်းနှလုံးထဲဝယ် သံယောဇဉ်ကြိုးသည် အသံမြည်နေကြပေပြီ။

ချင်ချင်ကလည်း သူချစ်နေသည်ကို စီလင်ရှုမသိမှာ စိုးရိမ်သည်။ စီလင်ရှုကလည်း သူ့အချစ်ကို ချင်ချင်က မယုံမှာစိုးသည်။

စီလင်ရှုသည် ချင်ချင်၏အခက်အခဲအကျပ်အတည်းကို ဖြေရှင်းပေးချင်သည့် စေတနာသက်သက်ဖြစ်ပါသည်။ စီလင်ရှုက....

"ချင်ချင်"

"ပြောလေ အစ်ကို၊ ဘာပြောမလို့လဲဟင်"

"ချင်ချင်မှာ အခက်အခဲတွေ့နေတယ် မဟုတ်လား၊ အဲဒီအခက်အခဲကို အစ်ကိုအသက်နဲ့လဲပြီး ဖြေရှင်းပေးသွားပါ့မယ်၊ ဒါပေမယ့် ချင်ချင်တစ်ခုတော့ အကူအညီပြန်ပေးရလိမ့်မယ်"

ချင်ချင်မှာ တကယ်အခက်အခဲတွေ့နေသူဖြစ်၏။ ထို့ကြောင့် ရှူးသည်ဟု ဟန်ဆောင်နေရသည်မဟုတ်ပါလော။

ယခု စီလင်ရှုက အကူအညီတစ်ခုပြန်ပေးရမည်ဆိုသောအခါ အံ့ဩစွာ ကြည့်လိုက်သည်။

"ညီမ ဘာအကူအညီတွေများပေးနိုင်မှာလဲ. အစ်ကိုရယ်"

"ညီမ ပေးနိုင်ပါတယ်ကွယ်"

"ဘာအကူအညီများလဲ အစ်ကိုရယ်"

"အစ်ကိုတောင်းမယ့် အကူအညီဟာ အစ်ကို့အတွက်မဟုတ်ပါဘူး၊ သိုင်းလောကကိုအရှုပ်ဆိုးအောင်လုပ်နေတဲ့ ဖန်ကောက်



www.burmeseclassic.com

www.burmeseclassic.com



တင်ကို သုတ်သင်နိုင်မယ့်အကူအညီပါ"

"ဖြစ်ပါ့မလား အစ်ကိုရယ်၊ ဖန်ကောက်တင်ဟာ တော်
တန်ရုံလူမဟုတ်ဘူး အစ်ကိုရဲ့၊ ကျောက်စိမ်းနဂါးဂိုဏ်းဟာ မြို့
အနှံ့မှာရှိတယ်၊ ဖန်ကောကတင်ဟာလဲ အဖွဲ့ချုပ်ကြီးတစ်ပါး
တယ်၊ အစ်ကို သူ့ကိုဘယ်လိုသုတ်သင်နိုင်မှာလဲ"

"**အစ်ကိုအကြောင်းစုံ ပြောပြပါ့မယ်၊ သူ့**ဆီမှာ သိုင်းကျ
**ဆိုတဲ့ကျမ်းတစ်**စောင်ရှိတယ်၊ **အဲဒီသိုင်းကျမ်းဟာ** ရှောင်လင်ကျောင်
က **သူခိုးခဲ့တဲ့သိုင်း**ကျမ်းပဲ"

"**သိုင်း**ကျမ်းဟုတ်လား"

"ဟုတ်တယ် သိုင်းကျမ်းလို့ဆိုပေမယ့် သိုင်းကျမ်းမဟုတ်
ပါဘူး၊ ရှေးဟောင်းလူမျိုးတွေရဲ့ယန္တရား အတတ်ပညာတွေပါ၊ အဲ
ကျမ်းဟာ ယန္တရားဖားတစ်ကောင်ပြုလုပ်နိုင်တဲ့ပညာပါ"

"ယန္တရားဖား ဟုတ်လား"

"ဟုတ်တယ် ယန္တရားဖားတစ်ကောင်လုပ်နိုင်တဲ့ကျမ်းပဲ
ဖန်ကောက်တင်ဟာ တော်တော်အကြံကြီးတယ်၊ အာမခံအဖွဲ့ကို တ
ပြတိုက်သွားတာဟာ အကြောင်းမဲ့မဟုတ်ဘူး၊ အဲဒီက ငွေကြေးတွေနဲ့
ယန္တရားဖားတစ်ကောင်ပြုလုပ်ဖို့ပါပဲ"

"အဲဒီသမဏ်သတ္တဝါကြီးသာပြီးသွားရင် ကျောက်စိမ်းနဂါး
ဂိုဏ်းဟာ မြို့တွေမြို့တွေအားလုံးကို ချုပ်ကိုင်လွှမ်းမိုးနိုင်မှာသေချာ
တယ်၊ **ဒီအန္တ**ရာယ်ဟာ မကြာခင်ကာလမှာ ရောက်လာမယ့် အကြီး
**ဆုံးအန္တ**ရာယ်ပဲ"



စီလင်ရှူသည် ရှင်းပြနေလေ၏။

သူသည် သိုင်းလောကမပျက်စီးစေချင်**သောဆန္ဒရှိ**၏။
ကျောက်စိမ်းနဂါးဂိုဏ်းသာ လွှမ်းမိုးသွားလျှင် သိုင်း**လောကပျက်စီး**
တော့မည်။

"ပြောပါ **အစ်ကို၊ ညီမ**အနေနဲ့ ဘယ်လိုအကူအညီပေးမှာလဲ
င်၊ ညီမတတ်**နိုင်ဖို့ပဲ လိုအပ်**ပါတယ်"

စီလင်ရှူသည် သူတောင်းမည့်အကူအညီကိုချက်ချင်းပေး
တော့မည်မှန်း သိလိုက်သည်။

"ညီမလုပ်ပေးရမှာက ဖန်ကောက်တင်ရှိတဲ့နေရာကို အ
တတ်နိုင်ဆုံး စုံစမ်းပေးဖို့ပဲ၊ အသားလွတ် ညီမစုံစမ်းနိုင်မှာတော့
ဟုတ်ဘူး၊ စုံစမ်းနိုင်တဲ့အဆင့်ရှိတယ်၊ မော်ရှူးချင်ဖုန်ဖုံးဟာ ညီမကို
**ရှေးအမူးစွဲ**လမ်းနေတဲ့သူ မဟုတ်လား"

"**ချင်**ဖုန်ဖုံးဟာ ဖန်ကောက်တင်ကိုစုံစမ်းနိုင်မယ့် **လှေကား**
**တစ်ပဲ၊ အဲဒီ**တော့ ချင်ဖုန်ဖုံးကို ညီမဟာ ရေလိုက်ငါးလိုက်**ဆက်ဆံ**ရ
မှာမယ်၊ အခြေအနေအရပေါ့ ညီမရယ်၊ ချင်ဖုန်ဖုံးဟာ သိုင်းကျမ်း
ယ်မှာဝှက်ထားတယ်ဆိုတာသိနိုင်တယ်"

"ညီမ သဘောပေါက်ပါပြီ အစ်ကို၊ ဒီအတွက် ညီမအစွမ်း
ကုန်ကူညီပါ့မယ်"

ထိုစဉ်....

"ချင်ချင်ရေ... ချင်ချင်ရေ"

အဝေးမှ တကြော်ကြော်အော်ခေါ်လိုက်သည့်အသံသည်

www.burmeseclassic.com

www.burmeseclassic.com



လွင့်ပျံ့လာလေ၏။ စီလင်ရှူသည် ပုန်းအောင်းရန် နေရာရှာရပေ တော့သည်။ ချင်ချင်က....

"အစ်ကို အထိန်းတော်ကြီးလိုက်ရှာနေပြီ၊ ပန်းဈေးတန်းအ ဖြင်ဘက်မှာ ညီမကိုလိုက်ရှာနေတာဖြစ်မယ်၊ ညီမသွားတော့မယ် နော်"

ထိုအခါ စီလင်ရှူက....

"သွား... ညီမ သွား၊ အစ်ကိုပြောတဲ့အကြောင်းအရာတွေ မပေါက်ကြားဖို့တော့ လိုတယ်နော်"

"စိတ်ချပါ အစ်ကိုရယ်၊ ညီမဟာ အစ်ကို့အပေါ်မှာ သစ္စာ မယ့် သူပါ"

ချင်ချင်သည် ထူးခြားသောအကြည့်ဖြင့် ကြည့်၍ပြောလိုက် လေ၏။ စီလင်ရှူ ရင်တုန်သွားသည်။

"သွားမယ်နော် အစ်ကို"

ချင်ချင်သည် စီလင်ရှူကိုနှုတ်ဆက်ပြီး ပြေးထွက်သွားလေ တော့၏။ စီလင်ရှူသည် ချင်ချင်၏နောက်ကျောကို ငေးမောကြည့်၍ ကျန်ရစ်ခဲ့လေ၏။

သူ ဝမ်းသာသည်။ အရမ်းဝမ်းသာသည်။ ဖန်ကောက်တ သည် သူတို့လက်မှလွတ်တော့မည်မဟုတ်ဟု သူသိလေသည်။

ရှောင်လင်ကိုယ်တော်ဟုန်ကျင်း၏ အကြံဉာဏ်သည် ယ ခုအထမြောက်သွားလေပြီ။ ဤကိစ္စသာ ပြီးစီးအောင်မြင်သွားလျှ ချင်ချင်ကလည်း သူ့မေတ္တာကိုပစ်ပယ်လိမ့်မည်မဟုတ်ဟု သူယ



ကြည်ပေသည်။

သိုင်းပညာလေ့ကျင့်ရသည်ကိုပင်ပန်းသည်ဟု သူမထင်မိ ပေ။ သို့သော် မိန်းကလေးတစ်ယောက်၏မေတ္တာရဖို့ကား ပင်ပန်း လှ၏။

ယခု အောင်မြင်သွားသည့်ကိစ္စကို ရှောင်လင်ကိုယ်တော် ဟုန်ကျင်းနှင့် ခြေသုံးအိမ်တိုင်သိုင်းသမားခွန်ချန်းအား သွားရောက်အ သိပေးရပေဦးမည်။ စီလင်ရှူသည် လျှင်မြန်စွာရောက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

## အရက်သောက်ပြိုင်ပွဲ

စုတ်တီးစုတ်ပြတ် ဆိုင်ကလေး....။

ဤဆိုင်မှာ အလွန်စုတ်တီးစုတ်ပြတ်နိုင်လှသည်။

စားသောက်ဆိုင်အတွင်းသို့ အခြားသူများ ဝင်မစားတတ်ပါ။ ခြေသလုံး အိမ်တိုင်ဂိုဏ်းသိုင်းသမားများသာ ဝင်စားတတ်ပါသည်။ အခြားသူတောင်းစားများ၊ အောက်တန်းစားများလည်း ဝင်စားတတ်ပါသည်။

ဆိုင်မှာ အလွန်စုတ်တီးစုတ်ပြတ်နိုင်သော်လည်း ဆိုင်နေရာက အလွန်ကောင်းနေသည်။ လမ်းဆုံလမ်းခွ ဆိုင်တည်ရှိနေသည်။

ထိုဆိုင်၏စရိုက်တစ်မျိုးဖြစ်နေသည့်အတွက် သာမန်လူလတ်စားတန်းနှင့်အထက်တန်းစားများမှာ ထိုဆိုင်တွင် မစားသောက်ကြပါ။ သူတို့သည် မနှစ်မြို့ကြပါ။ ထို့ကြောင့် ထိုဆိုင်ကိုဝေးဝေးက ရှောင်ကြသည်။

ကျောင်ချူးမှာ ခြေတစ်ဖက်ဆာပြီး ဒုက္ခိတဘဝသို့ရောက်



နေသဖြင့် ခြေသလုံးအိမ်တိုင်ဂိုဏ်းသားတစ်ယောက်ကဲ့သို့ဝတ်စားပြီး ထိုဆိုင်တွင် လာရောက်စားသောက်နေလေသည်။

ခြေသလုံးအိမ်တိုင်ဂိုဏ်းအား စုံစမ်းရန် တာဝန်သည် သူ့ပခုံးပေါ်ကျရောက်ခဲ့လေပြီ။ သူသည် တစ်ဖက်က ချိုင်းထောက်ကြီးထောက်လျက် မျက်စိတစ်ဖက်ကိုသားရေဖြင့်ပတ်လျက် ရုပ်ဖျက်ပြီး ဆိုင်တွင်းသို့ ဝင်ခဲ့သည်။

ဆိုင်ထဲသို့ရောက်သောအခါ အခြားလူများမှာ သူ့ထက်ဆိုးဝါးနေသူများချည်း ဖြစ်နေသည်။ ခြေသလုံးအိမ်တိုင် သိုင်းသမားတံဆိပ်များ တပ်မထားသော်လည်း ခြေသလုံးအိမ်တိုင်သိုင်းသမားများအဖြစ် မြင်ရုံနှင့်သိသာကြသည်။

တကယ်တော့ ကျောင်ချူးသည် ဤဂိုဏ်းသားများနှင့် အရောတဝင်မနေနိုင်ချေ။ သူသည် အထက်တန်းကျကျနေခဲ့သူဖြစ်၍ ခဏမျှနေရုံဖြင့် စိတ်ရှုပ်ထွေးနောက်ကျိဖွယ်ဖြစ်လာသည်။

ခြေသလုံးအိမ်တိုင်ဂိုဏ်းသားများသည်ဖြစ်သလို ကျသလိုနေနိုင်စွမ်းရှိသူဖြစ်၏။

ကျောင်ချူးသည် ခွန်ချန်းကိုစောင့်ကြည့်မည့်သူဖြစ်ရာ ခွန်ချန်းရောက်မလာမချင်း သူမည်မျှ ဒုက္ခခံရဦးမည်မသိချေ။

အဘယ်ကြောင့်ဆိုသော် ဤဆိုင်သို့ခွန်ချန်း မကြာခဏရောက်လာတတ်သည်ကို သူသတင်းရထားသည်။ ထို့ကြောင့် စိတ်ရှည်ရှည်ထားကာ သူစောင့်နေရခြင်းဖြစ်လေတော့သည်။

ကျောင်ချူးသည် ခြေသလုံးအိမ်တိုင်ဂိုဏ်းသို့ စွန့်စားရှင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ရသော်လည်း သူမကြောက်ရွံ့ပါချေ။ သူသည်သိုင်းပညာအဆင့်မြင့်မြင့် တတ်ကျွမ်းထားသူမဟုတ်ပါလား။

ထို့ကြောင့် သူသည် ပြတင်းပေါက်နှင့်ကပ်နေသောထိုင်ခုံ၌ ထိုင်ရင်း အပြင်သို့ငေးနေသည်။

"ဒေါင်... ဒေါင်... ဒေါင်"

"ချလွမ်း... ချလွမ်း... ချလွမ်း"

ရုတ်တရက် တောင်ဝှေးများ တဒေါက်ဒေါက်ခေါက်သံနှင့် တောင်းရမ်းစားသောက်သည့်ခွက်သံများကို ကြားလိုက်ရသဖြင့် အပြင်သို့ငေးနေသည့် ကျောင်ချူးသည် လန့်သွားသည်။

သူသည် ပြူးပြူးပျာပျာဖြင့်ကြည့်လိုက်ရာ ဆိုင်တွင်းသို့ ခြေသလုံးအိမ်တိုင် သိုင်းသမားတစ်ယောက် ဝင်လာသည့်အတွက် အိုး၊ ခွက်၊ တောင်ဝှေးများတီးပြီး ဩဘာပေးခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

ထိုလူသည် ခြေသလုံးအိမ်တိုင်ဂိုဏ်း၏လက်ထောက်ခွဲမှူး တစ်ဦးဖြစ်ဟန်တူ၏။ ခြေသလုံးအိမ်တိုင်ဂိုဏ်းသိုင်းသမားအားလုံး မတ်တတ်ရပ်၍ကြိုဆိုကြရာ ကျောင်ချူးသည်လည်း မတ်တတ်ထလိုက်ရ၏။

"အားလုံး ထိုင်ကြပါ"

ကျောင်ချူး ပြန်ထိုင်လိုက်ရသည်။

ထိုသူသည် စားသောက်ဆိုင်တွင်းဝင်လာပြီး ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ သူသည် အရက်နှင့်အမြည်းကိုမှာယူလိုက်



၏။ ဆိုင်ရှင်က မြာပျာသလဲ အရက်နှင့်အမြည်းကိုယူပေးသည်။

သူ့ရှေ့သို့အစားအသောက်ပန်းကန်နှင့် အရက်ချလိုက်သောအခါ ထိုသူသည် ဆိုင်ရှင်၏လက်ကိုဆွဲလိုက်တော့သည်။

"ဟေ့ကောင်"

"ဘာလဲဗျာ"

"မင်းရဲ့အစားအသောက်တွေကိုလဲ ပြန်ကြည့်လိုက်စမ်းပါဦး"

"ဘာဖြစ်လို့လဲဗျာ"

"ဒီထက် ကောင်းကောင်းမွန်မွန် လုပ်စမ်းပါ၊ ပြန်ယူသွားစမ်း"

"ဟုတ်... ဟုတ်ကဲ့"

ဆိုင်ရှင်သည် သူ၏အစားအသောက်ပန်းကန်ကိုပြန်ယူသွားပြီး နောက်တစ်ပန်းကန်ယူလာ၏။

ထိုအစားအသောက်များမှာ ကောင်းမွန်သဖြင့် ခြေသလုံးအိမ်တိုင်သိုင်းသမားသည် ပြဿနာမ လုပ်တော့ချေ။

(၂၂)

ဆိုင်ထဲရှိ ခြေသလုံးအိမ်တိုင်သိုင်းသမားအားလုံး ငြိမ်း၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြ၏။ ခြေသုံးအိမ်တိုင်သိုင်းသမားတစ်ယောက်သည် ကျောင်းချူးကိုတစ်ချက်ကြည့်လိုက်၏။ ထို့နောက် နောက်ဆုံးမှဝင်ရောက်လာသည့် သိုင်းသမားကြီးဆီသို့တိုးကပ်သွားလေသည်။

"ဘာကိစ္စလဲကွ"

သိုင်းသမားကြီးက မေးလိုက်၏။

ကပ်လာသူကား စကားလုံးဝမပြောနိုင်သည့်ဆွံ့အနေသူ ဘည်း။ သူသည် အရက်ခွက်ထဲမှ အရက်ကိုလက်ညှိုးထိုးထည့်ပြီး စားပွဲပေါ် စာရေးပြ၏။

"ဆိုင်ထဲမှာ လူစိမ်းတစ်ယောက်ရောက်နေတယ်"

ဂိုဏ်းခွဲမှူးဖြစ်ဟန်တူသူ သိုင်းသမားကြီးသည် ဆိုင်ထဲသို့ လှည့်ပတ်ကြည့်ရှုလေ၏။ ကျောင်းချူးမှာ ခြေသလုံးအိမ်တိုင် သိုင်းသမားများကဲ့သို့ ရုပ်ဖျက်လာသော်လည်း ရုပ်ဖျက်ပုံမှာမပီပြင်ဘဲရှိသည်။

ခြေသလုံးအိမ်တိုင်သိုင်းသမားများနှင့်လုံးဝမတူဘဲ ရှိသည်။ ခေါင်းဆောင်ဖြစ်သူ၏မျက်လုံးများသည် ကျောင်းချူးဆီသို့ရောက်ရှိသွားလေ၏။ ကျောင်းချူးမှာ အလိုလိုမလုံမလဲဖြစ်လာသည်။

ခေါင်းဆောင်မှာ ကျောင်းချူးကိုလက်ညှိုးထိုးပြီး ခေါ်လိုက်၏။

"ဟို... အကျီး၊ ခဏလာခဲ့စမ်း"

ချိုင်းထောက်ကြီးတွေ့မြင်သဖြင့်အကျီးဟု ခေါ်လိုက်ခြင်းဖြစ်သည်။



ကျောင်းချူးသည် ချိုင်းထောက်ကိုဆွဲ၍ ခပ်တည်တည်ပင် လျှောက်လာ၏။ ခေါင်းဆောင်လုပ်သူသည် ကျောင်းချူးကိုခြေဆုံး ခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းက ဘယ်အပိုင်းကလဲ"

"မြောက်ပိုင်းကပါ"

ခေါင်းဆောင်သည် ကျောင်းချူး၏ဝတ်စုံကိုလှမ်းဆွဲလိုက်၏။ ထို့နောက် ကြမ်းတမ်းစွာ ဆွဲဖြဲပစ်လိုက်လေတော့သည်။

"ဖြဲ... ဖြဲ... ဖြဲ"

ခေါင်းဆောင်က....

"မင်းအကျီက သိပ်သစ်နေတယ်၊ ငါတို့ခြေသလုံးအိမ်တို ဂိုဏ်းသားတွေဟာ ဒီအကျီအသစ်မျိုးကိုဝတ်လေ့မရှိဘူးကွ၊ အေး မင်းဟာ လူသစ်ဖြစ်ချင်ဖြစ်မယ်၊ ဒီတော့ ငါတို့ဂိုဏ်းကို ဖြန့်ဖွဲ့ထားဝ စည်းကမ်းသစ်တွေကို မင်းလုံးဝနားလည်ဦးမှာ မဟုတ်ဘူး"

ကျောင်းချူးက....

"ဟုတ်ပါတယ်ဗျာ... ကျွန်တော်ဟာ ဂိုဏ်းသားသစ်ပါ"

ခေါင်းဆောင်သည် အတတ်နိုင်ဆုံးပျော့ပျောင်းစွာပြော သည်။ သူသည် ဂိုဏ်းသားသစ်ကျောင်းချူးကို တစ်စုံတစ်ခုအရေးယ ချင်နေသည်။ ခေါင်းဆောင်က....

"ကဲ... ငါတို့ဂိုဏ်းထဲကို မင်းဝင်ချင်တယ်ဆိုရင် မင်း အဲ အကျီအသစ်ကိုချွတ်လိုက်စမ်း"

ကျောင်းချူးသည် အမိန့်ပေးစကားအတိုင်း တ...သေ

www.burmeseclassic.com

www.burmeseclassic.com



တိမ်း လိုက်နာသည်။ ဝတ်စုံကိုချွတ်ပြီး ရှေ့ခ္ခ်ချထားလိုက်သည်။

"ဂိုဏ်းသားတစ်ယောက် ဝတ်စုံတစ်ထည်ယူခဲ့စမ်း၊ သူ့ကို ပေးလိုက်"

မကြာမီ ဂိုဏ်းသားတစ်ယောက်သည် ဖုန်အလိမ်းလိမ်းကပ်နေသော ဝတ်စုံတစ်ထည်ကိုယူလာပြီး ပေးလိုက်လေသည်။

"အဲဒါကို ဝတ်လိုက်"

ကျောင်ချူးမှာ စိတ်ဒုက္ခရောက်ရလေ၏။ သူခြေသလုံးအိမ်တိုင်ဂိုဏ်းကိုစုံစမ်းရသည်မှာ မှားပြီဟုသူထင်သည်။

အခုပင်လျှင် နံစော်နေသည့်အကျီကို ဝတ်ဆင်ရဦးမည် မဟုတ်ပါလား။ ကျောင်ချူးသည် ဝတ်စုံကိုဝတ်ဆင်လိုက်တော့သည်။ ခြေသလုံးအိမ်တိုင်သမားများက တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေ၏။

ခေါင်းဆောင်က မေးလိုက်၏။

"မင်းနာမည်"

"ကျောင်ချူး"

"ဟား... ဟား... ဟား တကယ့်နာမည်ပဲ၊ လူနဲ့မလိုက်အောင်လှတဲ့နာမည်ပဲကွာ၊ ငါတို့ဂိုဏ်းဟာ ဝင်ချင်တိုင်းဝင်လို့ရတဲ့ ဂိုဏ်းမဟုတ်ဘူး၊ သူ့မှာ အရည်အချင်းတစ်ခုတော့ ရှိရလိမ့်မယ်"

"ဟုတ်ကဲ့... ကျွန်တော်တတ်နိုင်သမျှ ကြိုးစားပါ့မယ်"

"မင်း အရက်သောက်တတ်သလား"

"ဟုတ်ကဲ့... သောက်တတ်ပါတယ်"



ပုံစံက အရက်သောက်ဖို့စီနံခေါ်သည့်ဖြစ်ရပ် ဖြစ်နေ၏။ ခေါင်းဆောင်သည် ကျောင်ချူးနှင့်အရက်ပြိုင်သောက်ပေတော့မည်။

"ကြိုက်သွားပြီပေါ့၊ ငါနဲ့အရက်ပြိုင်သောက်ရဲတဲ့လူဆိုတော့ မျိုးကျူးရမှာပေါ့ကွာ၊ ကဲ... သူထိုင်ဖို့ နေရာလုပ်ပေးလိုက်ကြ"

ခြေသလုံးအိမ်တိုင်ဂိုဏ်းသားများသည် ကျောင်ချူးထိုင်ရန် ထိုင်ခုံလုပ်ပေးကြသည်။ ဆိုင်မှ စားပွဲထိုးများကလည်း ထိုင်ခုံများကို မြာမြာသလဲ ပြင်ဆင်ပေးကြသည်။

စားပွဲပေါ်တွင် အရက်ခွက်များမှတစ်ပါး အခြားမရှိပေ။ သူတို့သည် စားပွဲ၌ မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

ခေါင်းဆောင်က....

"ဒီပွဲမှာ မင်းနိုင်ရင် မင်းကိုဂိုဏ်းသားသစ်အဖြစ် အသိအမှတ်ပြုမယ်၊ မင်းလိုအပ်တဲ့အခွင့်အရေးကိုလဲ ပေးမယ်၊ မင်းအနေနဲ့ အခွင့်အရေးတောင်းနိုင်တယ်"

ခေါင်းဆောင်သည် စကားဆုံးသည်နှင့် လက်ထောင်ပြလိုက်၏။

"ကဲ... သောက်တော့"

သူတို့သည် သူတစ်ခွက်သောက် ငါတစ်ခွက်သောက်ဖြင့် အရက်ကိုတစ်ခွက်ပြီး တစ်ခွက်သောက်ကြလေတော့၏။ တစ်ခဏအတွင်း အရက်အိုးကြီးသုံးလုံးတောင် ကုန်သွားလေသည်။

ခြေသလုံးအိမ်တိုင်ဂိုဏ်းသားများ မျက်လုံးပြူးသွားကြသည်။ ပြိုင်သောက်နေသူများမှာ တစ်ဦးမှ မလဲသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဆိုးလို့လဲ၊ မင်းက ငါ့ကိုလိုက်နိုင်သားပဲ"

ခေါင်းဆောင်မှာ ခွက်ကိုကိုင်ပြီး အနည်းငယ်မူးနေသေးသည်။ ကျောင်းချူးမှာ မူးနောက်နောက်ဖြစ်နေသော်လည်း အံကြိတ်ပြီး တင်းထားသည်။

ခြေသလုံးအိမ်တိုင်ဂိုဏ်း ဂိုဏ်းထောက်မှူး၏အခြေအနေကို သူစောင့်ပြီး ကြည့်နေလိုက်သည်။ ဂိုဏ်းထောက်မှူးခေါင်းဆောင်သည် အရက်ခွက်ကိုကောက်မော့လိုက်၏။

"ဝေါ့"

ခေါင်းဆောင်၏ဝမ်းဗိုက်သည် အရက်ကိုလက်မခံနိုင်တော့ပေ။ ပြန်လည်အန်ထုတ်လိုက်ပေပြီ။

အားလုံးကလည်း သူတို့ခေါင်းဆောင်ရှုံးတော့မည်ကိုသိနေ၏။ အားလုံး အရက်သမားချည်းပဲ၊ သည်လောက်တော့ သိကြသည်ပေါ့။ ကျောင်းချူးက တားလိုက်သည်။

"ခင်ဗျား ရှုံးပါပြီ၊ ထပ်မသောက်ပါနဲ့တော့၊ ထပ်ပြီးသောက်ရင် ခင်ဗျား အန္တရာယ်ဖြစ်လိမ့်မယ်"

သူ့စကားကိုကြားလိုက်ရသည့်အခါ ဂိုဏ်းထောက်မှူးဒေါပွသွားလေ၏။

"ဘာ... ရှုံးပြီဟုတ်လား၊ မရှုံးဘူးကွ၊ ငါဘယ်တော့မှမရှုံးဘူး"

ခေါင်းဆောင်သည် အရက်ခွက်ကိုလှမ်းဆွဲလိုက်၏။ အရက်ခွက်မှာ ဖိတ်တစ်ဝက် စဉ်တစ်ဝက်ဖြစ်သွားသည်။



သူသည် ထိုအရက်ခွက်ကိုမော့သောက်လိုက်သည်။ အရက်များက ပါးစပ်တွင်းသို့မဝင်ပေ။ နှုတ်ခမ်းထောင့်မှအောက်သို့ စီးသွားသည်။

ထို့နောက် သူသည် ဒယီးဒယိုင်ဖြင့်ထလိုက်သည်။

"ဘယ်သူလဲ... ငါ့ကိုမူးတယ်လို့ပြောတာ၊ ငါ မမူးဘူး"

ဂိုဏ်းလက်ထောက်မှူးသည် မူးသံကြီးနှင့်ပြောရင်း ဝုန်းခနဲလဲကျသွားတော့၏။လုံးဝမလှုပ်နိုင်တော့ပေ။

ကျောင်းချူးသက် ပြင်းချသွားနိုင်၏။

သူသည် မည်သူမျှမသိအောင်ပါးစောင်တွင် ကပ်ထားသည့် ဆေးမြစ်နှစ်ခုအား အခြားဂိုဏ်းသားများမသိအောင် ထုတ်ယူလိုက်ရ၏။

ထိုဆေးမြစ်နှစ်ခုကြောင့်သာ ဂိုဏ်းထောက်မှူးကိုအနိုင်ရခြင်း ဖြစ်သည်။ ခြေသလုံးအိမ်တိုင်ဂိုဏ်းသားများသည် အရက်လုံးဝမမူးသော ကျောင်းချူးကိုအလွန်အထင်ကြီးသွားသည်။

သူတို့၏ဂိုဏ်းထောက်မှူးသည် အလွန်အရက်သောက်နိုင်သောလူကြီး ဖြစ်၏။

ထိုလူကြီးကို မည်သူမျှမနိုင်ခဲ့ပေ။ ယခု ကျောင်းချူးအနိုင်ယူသွားခဲ့ပေပြီ။ ဂိုဏ်းထောက်မှူးကား ကြမ်းပြင်ပေါ်၌စန့်စန့်ကြီးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

## ဝထဘောတွယ်ရေးစည်းရိုး

ကျောင်းချုပ်က သူ့အတွေ့အကြုံများအား ကျောက်ဖိန်နှင့် ချင်ဖုန်ကို ပြောပြသောအခါ ကျောက်ဖိန်နှင့် ချင်ဖုန်တို့သည် သဘောကျစွာရယ်မောလေ၏။

"မင်းတို့ကရယ်နေ၊ အဲဒီတုန်းက ငါဟာ မြေခွေးအုပ်ကြီးထဲ ရောက်သွားတဲ့လူလို ဖြစ်နေတာကွ၊ တစ်ချက်မှားတာနဲ့ အသေပဲ"

"ဟား... ဟား... ဟား"

"တော်သေးတာပေါ့ကွာ"

"အင်း... အခုတော့ တော်သေးတာပေါ့လို့ပြောနိုင်တာပေါ့၊ အဲဒီတုန်းက ရင်တထိတ်ထိတ်ပဲပေါ့ကွာ၊ သူတို့ဟာ သိုင်းပညာလဲ မဆိုးဘူးလို့ပြောကြတယ်"

ကျောက်ဖိန်က....



"ခြေသလုံးအိမ်တိုင်ဂိုဏ်းကိုတည်ထောင်ခဲ့တာ နှစ်ပေါင်း တစ်ထောင်နီးပါးရှိပြီကွ၊ တည်ထောင်ခဲ့တဲ့လူဟာ ရည်မှန်းချက်အင်မတန်ကြီးတယ်၊ သူတို့ဟာ ဘယ်သူ့ကိုမှလဲ နိုင်ထက်စီးနင်းမလုပ်ခဲ့ဘူး"

"သိုင်းလောကမှာ ဂိုဏ်းသိက္ခာရှိစွာနေထိုင်နိုင်ဖို့ပဲ အဓိကထားကြတယ်၊ သိုင်းလေ့ကျင့်စဉ်တွေကိုပဲ အဓိကထားခဲ့တယ်၊ သိုင်းကျင့်စဉ်ကလွဲလို့ ဘာမှအရေးမထားခဲ့ဘူး၊ ခြေသလုံးအိမ်တိုင်ဂိုဏ်းဆိုတာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ရှိခဲ့တဲ့ဂိုဏ်းကြီးပဲ"

"အခုတွေ့ခဲ့တဲ့သိုင်းဂိုဏ်းကြီးနဲ့တော့ တခြားစီပါပဲလား၊ အခုဂိုဏ်းသားတွေဟာ တကယ်အောက်တန်းကျတယ်ကွာ"

ကျောက်ဖိန်က ရှင်းပြ၏။

"နှစ်ပေါင်းတစ်ထောင်ဆိုတာ နည်းတဲ့နှစ်တွေမှ မဟုတ်တာ၊ ဂိုဏ်းရဲ့စည်းကမ်းတွေ အလေ့အထတွေ ပျက်လာတာနဲ့တူပါတယ်ကွာ၊ ဒါကြောင့်မို့ မင်းတွေ့လာတဲ့ ဂိုဏ်းသားတွေဖြစ်လာတာပေါ့၊ ငါသိထားတာကတော့ ခြေသလုံးအိမ်တိုင်ဂိုဏ်းဟာ စည်းကမ်းကလနားကောင်းတဲ့ဂိုဏ်းပဲ"

ကျောက်ဖိန်သည် ရှေ့မီနောက်မီဖြစ်သည်။ သူသိသမျှကို ပြောပြနေသည်။ သူ့ကိုကျောင်းချုပ်က ခြေသလုံးအိမ်တိုင်ဂိုဏ်းစည်းကမ်းမရှိတော့ဟုပြောသည်ကို သူဝမ်းသာသည်။

သို့မှသာ သူတို့ ကျောက်စိမ်းနဂါးအဖွဲ့က ခြေသလုံးအိမ်တိုင်ဂိုဏ်းကိုဖြိုနိုင်မည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖိန်က....

"မင်းသွားတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် ခြေသလုံးအိမ်တိုင်ဂိုဏ်းသားခွန်ချန်းကို မင်းသွားရာတာ တွေ့ခဲ့ရဲ့လား"

ကျောင်းချူးက ခေါင်းယမ်းလိုက်၏။

"မတွေ့ပါဘူးကွာ၊ ငါလဲ သူ့ကိုစောင့်ကြည့်တာ ကြာတာနဲ့ စုံစမ်းကြည့်တော့ ဒီလိုခြေသလုံးအိမ်တိုင်ဂိုဏ်းသားတွေ စုစု စုစု လုပ်နေတဲ့နေရာတွေကို ခွန်ချန်းမလာတာကြာပြီတဲ့"

"ဒါဆို မင်းခြေသလုံးအိမ်တိုင်ဂိုဏ်းထဲ မင်းသွားစုံစမ်းတာ ဘာမှအကြောင်းမထူးဘူးပေါ့၊ ဘာမှမသိလာဘူးပေါ့"

ချင်ဖုန်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"ခက်လိုက်တာ ချင်ဖုန်ရာ"

"ခက်မနေပါနဲ့၊ ဘာသတင်းမှမရရင် မရဘူးပြောပေါ့"

"ငါ့အကြောင်းလဲ မင်းသိပါတယ်၊ ငါဆိုတဲ့ကောင်ဟာ သတင်းမရရင် ပြန်မလာဘူးကွ"

"ဒါဖြင့် လင်းစမ်းပါဦးကွာ"

"ငါက တစ်ခါတည်းသွားတာမှမဟုတ်တာ၊ အဲဒီဆိုင်ကို ငါ နောက်တစ်ခေါက်ရောက်တယ်၊ ငါနဲ့အရက်ပြိုင်သောက်တဲ့ ဂိုဏ်းထောက်မှူးနဲ့ ပြန်ဆုံကြတာပေါ့"

"ဆုံတော့"

"ဆုံတော့ သူဟာ အဆိပ်မရှိတဲ့မြွေလိုဝပ်နေတာပေါ့ကွာ၊ ပထမယှဉ်ပြိုင်တုန်းက သူ့ကိုယ်သူသိပ်အထင်ကြီးထားတာကိုး၊ အခု



တော့ သူဟာငါ့ကိုအထင်အမြင်မသေးရဲတော့ဘူး၊ ဟိုနေ့က သူ ရှုံးသွားတယ်မဟုတ်လား၊ ဒီတော့ ငါ့ကိုလိုက်လိုက်လျောလျောဆက်ဆံတာပေါ့၊ ငါလဲ အခွင့်သင့်တုန်း ခွန်ချန်းအကြောင်းမေးရတာပေါ့"

"မင်း ခွန်ချန်းအကြောင်း သိခဲ့ပြီပေါ့"

"သိခဲ့တာပေါ့၊ ခွန်ချန်ဟာ တကယ်တော့ စိတ်သိပ်မနှံ့ဘူးလို့ပြောတယ်ကွ၊ သူကိုယ်တိုင်အရက်ချက်တယ်၊ အရက်သောက်တယ်၊ တစ်ကိုယ်တော် စွန့်စားတတ်တယ်လို့ပြောတယ်၊ နောက်ပြီး သူဟာ ဂိုဏ်းထဲကလူတွေနဲ့လဲ အဆက်အဆံနည်းတယ်လို့ ပြောကြတယ်"

"သူနေထိုင်တဲ့အရပ်ကို မင်း သေသေချာချာ မမေးခဲ့ဘူးလား"

ချင်ဖုန်ဖုံးက မေးလိုက်၏။

ကျောင်းချူးက....

"ငါ ဒီလောက် အ့ပျံ့မလားကွ၊ ဟောဒီမှာ သူနေထိုင်တဲ့အရပ်ကို မှတ်လာခဲ့တာ"

သူသည် ရေးသားလာသည့်စာရွက်တစ်ရွက်ကိုထုတ်ပေးလိုက်၏။

"မြို့ပြင်မြောက်စူးစူးက ဘုရားကျောင်းပျက်ထဲမှာ နေတာပဲ"

"ခြေသလုံးအိမ်တိုင်ဂိုဏ်းသားခွန်ချန်းကိုပဲ မီဖို့အရေးကြီးတယ်၊ သူ့ကိုမိရင် ပိတုန်းကေရိုရှူစီလင်းကိုတိုက်ခိုက်ခဲ့တဲ့သူအား

www.burmeseclassic.com

www.burmeseclassic.com



လုံးကို ခြေရာခံမိမှာပဲ"

"အေး... ဟုတ်တယ်၊ ဆရာကြီးဆီကို ခွန်ချန်းကိုဖမ်းခေါ်သွားမယ်၊ ဒါဆို ကိစ္စပြတ်သွားမှာပဲ"

"အေး... ဒီလိုဆို အသင့်လုပ်ကြလေ၊ ပြင်ဆင်ကြ၊ ခွန်ချန်းကိုသွားဖမ်းကြမယ်"

ကျောက်ဖိန်၊ ကျောင်ချူးနှင့် ချင်ဖုန်ဖုံးတို့သည် ခြေသလုံးအိမ်တိုင်သိုင်းသမားခွန်ချန်းကိုဖမ်းဆီးရန် ကျောက်စိမ်းနဂါးကိုထံးမှ သိုင်းသမားငါးဦးအား ခေါ်ဆောင်၍ မြို့ပြင်သို့မြင်းကိုယ်စီဖြင့် ထွက်လာကြလေ၏။

သူတို့သည် ခွန်ချန်းကိုလျှော့တွက်ထားကြသည်။ ကြက်ကလေး၊ ငှက်ကလေးများဖမ်းသလို ခွန်ချန်းကိုဖမ်းနိုင်မည်ဟု သူတို့ယူဆထားကြသည်။

"ဟေ့... ဘုရားကျောင်းပျက်ဆီကို လမ်းရိုးအတိုင်းမသွားဘဲ၊ အနောက်ဘက်လမ်းကသွားကြရင် ကောင်းမယ်၊ ဒါမှ မမျှော်လင့်ဘဲ ခွန်ချန်းကိုအငိုက်မိနိုင်မှာ"

ကျောက်ဖိန်က ပြောလိုက်သည်။

သူတို့သည် ကျောက်ဖိန်ပြောသည့်အတိုင်း အနောက်ဘက်တောအုပ်ထဲမှဖြတ်သန်း၍ ဘုရားကျောင်းပျက်ဆီသို့လာကြလေ၏။



မြင်းခွာသံများက တစ်တောလုံးပဲ့တင်ဟည်းနေသည်။

သူတို့သည် ဘုရားကျောင်းသို့မရောက်သေးပေ။ ဘုရားကျောင်းပျက်ရောက်လျှင် ဝိုင်းဝန်းပိတ်ဆို့ရတော့မည်ဖြစ်သည်။

ခွန်ချန်းကိုဖမ်းဆီးရာ၌ ဘာမျှမခက်ခဲ။ ထမင်းစားရေသောက်အလုပ်ဟု သူတို့ထင်ကြသည်။

"ခွပ် ခွပ်"

"ခွပ် ခွပ်"

မြင်းခွာသံများက တုန်ဟည်းနေသည်။

သူတို့သည် တောတန်းကလေးတစ်ခုကိုဖြတ်ကျော်ရန်ရှိနေသည်။ ယခု ထိုတောတန်းကလေးကို တဖြည်းဖြည်းနီးလာသည်။

ကျောက်ဖိန်၊ ကျောင်ချူးနှင့် ချင်ဖုန်ဖုံးတို့သည် ရှေ့ဆုံးမှ မြင်းစီးသွားသည်မဟုတ်ပေ။ လူများ အလယ်မှမြင်းစီးလိုက်ကြခြင်းဖြစ်သည်။

သူတို့ခေါ်လာသည့် ဂိုဏ်းသားသုံးယောက်သည် ရှေ့ဆုံးမှစီးပြီး ဂိုဏ်းသားနှစ်ယောက်က နောက်ဆုံးမှစီးကြခြင်းဖြစ်သည်။

ရှေ့ဆုံးမှအဖွဲ့သားမှာ ဗြုံးဟုဆိုးဝင်သွားတော့သည်။

"အား"

သူ့မြင်းသည် ထောင်ချောက်တစ်ခုကိုနင်းမိပြီး လွင့်ထွက်သွားသည်။ လူက တောတန်းထဲသို့ဝင်သွားသည်။

ထို့နောက် ကောက်ရိုးဖြင့်လုပ်ထားသည့် စာခြောက်ရုပ်နှစ်ရုပ် ဘွားခနဲပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖိန်သည် ချက်ချင်းအခြေအနေကို သဘောပေါက်သွား၏။ ခွန်ချန်းသည် သူတို့ထင်သလို ကြက်ကလေး၊ ငှက်ကလေးမဟုတ်ပါကလား။

"အားလုံး မြင်းပေါ်ကဆင်း"

ကျောက်ဖိန်က အော်ဟစ်အမိန့်ပေးလိုက်၏။

ထိုအချိန်မှာပင် ကောက်ရိုးနှင့်ပြုလုပ်ထားသောစာခြောက်ရုပ်ကြီးနှစ်ရုပ်သည် ဘွားခနဲထွက်ပေါ်လာ၏။

"ရှူး... ရွှီး... ရွှီး"

"ဝှစ်... ဝှစ်... ဝှစ်"

စာခြောက်ရုပ်ကြီးများထဲမှ မြားလက်နက်များပြေးထွက်လာသည်။ သူတို့၏ရန်သူသည် စာခြောက်ရုပ်ကြီးကိုယန္တရားရုပ်သဖွယ် လက်နက်များတပ်ဆင်ထားခြင်းဖြစ်သည်။

စာခြောက်ရုပ်တစ်ခုဆီမှ မြားဆယ်စင်းလောက်ထွက်လာသည်။ အားလုံးကြောက်ကြောက်လန့်လန့်ဖြင့် မြေပြင်ပေါ်ဝပ်နေကြရ၏။

"တောက်... ငါတို့ခွန်ချန်းကို လျှော့တွက်ထားတာမှားပြီထင်တယ်၊ ဒါ... ဒါ ငါတို့ကိုသက်သက်မဲ့ ထောင်ချောက်ဆင်ထားတာကွ"

ကျောက်ချူးကလည်း ခေါင်းညိတ်သည်။

"ဟုတ်တယ် ကျောက်ဖိန်၊ ဒီအတိုင်းဆိုရင် ရှေ့ဆက်မြင်းတွေနဲ့ ချီတက်လို့မဖြစ်တော့ဘူးကွ၊ ခွန်ချန်းဆိုတဲ့ကောင်က အရူး



သာဆိုတယ် အခုလိုဆိုတော့ ဘယ်မှာရူးတော့လို့လဲ၊ ဒါမျိုးက လူကောင်းတွေတောင် တွေးမိမှာ မဟုတ်ဘူး"

ချင်ဖုန်ဖုံးက....

"ကဲ... ဒါဆိုရင်လဲ မြင်းတွေထားခဲ့ကြတော့၊ ဘုရားကျောင်းပျက်ဆီ ခြေကျင်ပဲ ခရီးဆက်ကြတာပေါ့"

သူတို့အားလုံးသည် မြင်းများကိုထားခဲ့ကြရတော့သည်။ အားလုံး ခြေကျင်ချီတက်ကြရ၏။ ခွန်ချန်း၏ပထမကာကွယ်ရေးအစီအစဉ်သည် အောင်မြင် သွားလေ၏။

"ဘုရားကျောင်းပျက်က တော်တော်လိုသေးသလား"

ကျောင်ချူးက မေးလိုက်၏။ ကျောက်ဖိန်က....

"လိုသေးတာပေါ့ကွ၊ ဘုရားကျောင်းပျက်က မြို့ပြင်မှာပါကွာ၊ လူသူလဲ မရှိပါဘူး"

"အေး... ဒါပေမယ့် ငါတို့ကတော့ အခု ဒုက္ခရောက်နေပြီ၊ မြင်းပါလျက်သားနဲ့ မြင်းမစီးနိုင်တော့ဘူး၊ ကုန်းကြောင်း လျှောက်နေရပြီ"

"ဒါလောက်တော့ ရှိမှာပေါ့ကွာ"

သူတို့သည် ပင်ပန်းကြီးစွာ ချီတက်တိုးချဲ့လာကြရလေ၏။ ခြေကျင်လျှောက်ကြရသည်။ သူတို့သတ်မှတ်ထားသည့်အချိန်ထက်ပို၍ ကြာမြင့်သွားသည်။ ပို၍လည်း ပင်ပန်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

"မြန်မြန်လျှောက်ကြ၊ တောထဲမှာ အန္တရာယ်ရှိတယ်၊ ဒီကောင်က ဘာတွေလုပ်ထားမှန်းမသိဘူး၊ ဒီတောထဲကထွက်မှ အန္တရာယ်အကင်းဆုံးဖြစ်မှာ"

ကျောက်ဖိန်က အားလုံးကိုဆော်သြလိုက်၏။

"သူလိုကိုယ်လို သိုင်းသမားတစ်ယောက်ကိုဖမ်းဆီးနိုင်ဖို့ ငါတို့အားလုံး အခုလို ခက်ခက်ခဲခဲလှုပ်ရှားနေရတာကတော့ သဘာဝမကျဘူး ထင်တယ်ကွာ"

ချင်ဖုန်ဖိုးက ညည်းညူလိုက်သည်။

"မင်းက သိုင်းသမားမဟုတ်သလိုပဲကွာ၊ အလကား ညည်းညူနေတာပဲ၊ မီးခဲကို သူများအပေါ် တင်ချင်ရင် ကိုယ်ကတော့ မီးခဲကိုအပူခံပြီး ကိုင်ရဦးမှာပေါ့ကွ၊ ဟိုကောင်တွေကြားသွားလို့ စိတ်ဓာတ်ကျနေဦးမယ်"

ကျောက်ဖိန်က လူကြီးဆန်စွာ ပြောလိုက်သည်။

"မင်းတို့ဘာမှမဟုတ်တဲ့သိုင်းသမားလို့ ထင်ထားတဲ့ခွန်ချန်းက ငါတို့ကိုထောင်ချောက်ဆင်ထားတယ်ဆိုတာတွေ့ပြီ မဟုတ်



လား၊ မင်းပါးစပ်က ဘာဖြစ်လို့ ဒီစကားထွက်လာတယ်ဆိုတာ ငါ အံ့သြတယ်"

သူတို့သုံးယောက်မှာ ထိုသို့အမြင်မတည့်ဖြစ်တတ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားနာထိုးတတ်ကြသည်။ တကယ့်တကယ်တော့ သူတို့သည် ရန်မဖြစ်ကြချေ။

တကယ်ရန်ဖြစ်မည်ဖြုံသောအခါ တစ်ဦးကိုတစ်ဦးက လျှော့ပေးတတ်ကြသည်။ ချင်ဖုန်ဖိုးသည် သူတို့ထဲ၌ အခြေအနေအကောင်းဆုံးဖြစ်၏။

မြို့စားသမက်ဖြစ်သူဟူ၍ အားလုံးကပိုင်းမြှောက်နေကြသဖြင့် ချင်ဖုန်ဘဝင်မြင့်နေသည်။ ယခုနောက်ပိုင်းတွင် ချင်ဖုန်သည် ယခင်ကလို အပင်ပန်းမခံတော့ချေ။

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်ကလည်း ချင်ဖုန်ကိုပို၍ အရေးပေးလာလေသည်။ ယခု ခွန်ချန်းကိုဖမ်းဆီးမည့်ကိစ္စ၌လည်း ချင်ဖုန်မပါချင်ပေ။

ဖန်ကောက်တင်သဘောကျမည်ထင်၍သာ သူဝင်ပါလာခြင်းဖြစ်သည်။ သူ့ဦးနှောက်ထဲ၌ရှိသည့်အချက်မှာ မြို့စားကြီး၏သမီးချင်ချင်နှင့်လက်ထပ်နိုင်ရေးသာ ဖြစ်၏။

ထိုစဉ် သူတို့သည် 'ဝါးရုံပင်များ ပေါက်နေသောနေရာသို့ ရောက်ရှိလေတော့၏။ ကျောက်စိမ်းနဂါးဂိုဏ်းသားတစ်ဦးသည် မြေကြီးထဲတွင် မြှုပ်ထားသောကြိုးတစ်ချောင်းကို ခလုတ်တိုက်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ် ငံ ကလောင် ကလောင်"

ကြိုးကိုခြေထောက်နှင့်တိုက်မိသောအခါ ဝါးပင်စိမ်းများ ကြား၌ဆွဲထားသော ခေါင်းလောင်းများ၊ ငှက်များသည် အသံမြည်ပြီး လှုပ်ရှား သွားလေ၏။ ထိုအသံများသည် ဘုရားကျောင်းပျက်ဆီမှ အတိုင်း သား ကြားနိုင်သည်။

"ဟူး... မလွယ်ပါဘူးကွာ၊ ဒီအတိုင်းဆိုရင် ခွန်ချန်းက တို့ တစ်တွေရောက်နေတာကို ကြိုတင်သိသွားပြီပေါ့"

ကျောင်ချူးကလည်း ညည်းညူလိုက်သည်။

"ဘယ်တတ်နိုင်ပါ့မလဲကွ၊ သူက လျှင်သွားတာကိုး၊ သူက သူ့ဘုရားကျောင်းပျက်ဆီကနေ ကြိုတင်သတင်းရအောင်လုပ်ထား တာ ပညာပါသွားတာကိုး၊ ဥာဏ်တော့ အတော်သွားတယ်ကွ၊ အရူး ဆိုပြီး အထင်သေးလို့မဖြစ်ဘူး"

ကျောက်ဖိန်က....

"ဘယ်လိုလုပ်မလဲကွာ၊ သူထွက်ပြေးနိုင်ရင်လဲ ထွက်ပြေး ပေါ့၊ ခုခံကာကွယ်ဖို့ကြိုးစားရင်တော့ သူခံရမယ်၊ တစ်ယောက်နဲ့အ များ မဟုတ်လား

ကျောက်ဖိန်နှင့်တကွ အားလုံးသောလူများ စိတ်ဓာတ်ကျ သွားသည်။ ကျောက်ဖိန်က....

"သူကတော့ တို့ရောက်နေတာသိသွားပြီ၊ တို့ကိုထောင် ချောက်ဆင်မထားဖို့ပဲ အရေးကြီးတယ်၊ အားလုံး သတိဝီရိယနဲ့သွား ကြ"



သူတို့သည် ကိုယ့်အပေါ်အန္တရာယ်မကျရောက်အောင်သာ ဂရုစိုက်နေကြရလေတော့သည်။ မကြာမီ သူတို့သည်ဘုရားကျောင်း ပျက်နောက်နားဆီသို့ ရောက်ရှိသွားကြ၏။

မီးလောင်ထားသည့် ဘုရားကျောင်းပျက်ကြီးသည် ချုံနွယ် ပိတ်ပေါင်းများပေါက်ရောက်နေသဖြင့် ဘုရားကျောင်းပျက်မှန်း မ သိတော့ချေ။ အဆောက်အအုံပျက်ကြီးဟုသာ ထင်ထားတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး မည်သည့်အသံမျှမကြားရသဲ တိတ် ဆိတ်ငြိမ်သက်နေသည်။ တိတ်ဆိတ်ငြိမ်သက်လွန်းသဖြင့် ကြောက်ဖို့ ပင်ကောင်းနေသည်။

တကယ်တော့ ခြေသလုံးအိမ်တိုင်သိုင်းသမားခွန်ချန်းသည် ဘုရားကျောင်းပျက်မှ ပြေးခွာမသွားခဲ့ချေ။ သူသည် မပျက်စီးသေး သည့် ကျောင်း၏အမြင့်ဆုံးပိုင်းမှ ကျောင်းဆီသို့ချဉ်းကပ်လာနေသူ များကို ကြည့်ရှုနေခဲ့သည်။

"မသာတွေလာကြပြီ၊ ဟီး... ဟီး"

ချုံနွယ်ပိတ်ပေါင်းများကိုဖယ်ရှားရင်း တရွေ့ရွေ့တက်လာ သည့် ကျောက်စိမ်းနဂါးဂိုဏ်းသားများကို ခွန်ချန်းမြင်သည်။

ကျောက်စိမ်းနဂါးဂိုဏ်းသား အများအပြားတက်လာသော် လည်း ခွန်ချန်း မကြောက်ချေ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

## ရှုံးပွဲ

လမ်းဆုံးလမ်းခုရှိ ခြေသလုံးအိမ်တိုင်သိုင်းသမားများစုဝေးသည့် ဆိုင်ဂလေး၌ သူ့အား တစ်စုံတစ်ယောက်က လာရောက်စုံစမ်းသွားသည်ဟုသိသည်နှင့် သူ့အားစုံစမ်းသူမှာ ကျောက်စိမ်းနဂါးဂိုဏ်းဖြစ်မည်၊ သူ့အတွက် မကြာခင် အန္တရာယ်ကျရောက်တော့မည်ကို သူသိပေသည်။

ထိုအချိန်မှစ၍ သူသည် အန္တရာယ်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားတော့သည်။ ဘုရားကျောင်းပျက်ဆီသို့ ရိုးရိုးသားသား လာရောက်မည့်သူများပင် အန္တရာယ်နှင့်ကြုံတွေ့နိုင်သည်။

ဤမျှအထိ ခွန်ချန်းက အန္တရာယ်ကြိုတင်ကာကွယ်ရေး ပြုလုပ်ထားသည်။

ခွန်ချန်းသည် ဘုရားကျောင်းပျက်ကြီး၏အမြင့်ဆုံးပိုင်း၌ ထိုင်ကာ ကျောက်စိမ်းနဂါးဂိုဏ်းသားများဝင်လာမည့်အချိန်ကို စောင့်



နေ၏။ သူတို့ဝင်ရောက်လာမှ သူတို့ကိုမီးလောင်တိုက်သွင်းရမည် မဟုတ်ပါလား။

ရန်သူများ ဘုရားကျောင်းပျက်အခန်းများဆီသို့ ဝင်လာပါမှအရက်စည်များကိုမီးရှို့ပြီး မီးလောင်တိုက်သွင်းရမည်ဖြစ်သည်။

ဘုရားကျောင်းပျက်၏အတွင်းခန်းများထဲ၌ အရက်စည်များရှိသည်။ သူချက်လုပ်သည့် အရက်များပင်ဖြစ်သည်။ ရန်သူများသည် တရွေ့ရွေ့နှင့် ဘုရားကျောင်းပျက်အနီးသို့ နီးလာ၏။

"ဟေ့… ဘယ်လိုလဲ"

"ပြေးရောပေါ့ကွာ၊ သူ ရန်သူတွေ သူ့နားကပ်လာတဲ့အထိတော့ မနေပါဘူးကွ"

"သတိတော့ထားကွ"

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် လှေကားထစ်များဆီသို့ ချဉ်းကပ်လာ၏။ ရှေ့ဆုံးမှတစ်ယောက်က….

"ဘာသံမှတော့ မကြားရဘူးကွ"

"မရှိတော့ဘူးနဲ့ တူပါတယ်ကွာ"

ထိုစဉ် အပေါ်မှကောက်ရိုးထုပ်ကြီးတစ်ခုပြုတ်ကျလာ၏။

"ဝုန်း"

ထိုအရုပ်ကြီးသည် မီးများစွဲလောင်နေ၏။

ကျောက်စိမ်းနဂါးဂိုဏ်းသားများ တန့်သွားသည်။ ရှင်ရှုတ်သဲသဲဖြစ်သွားသည်။

ထိုအရုပ်ကြီး မည်သည့်နေရာမှကျလာသည်ကို သူတို့သိ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြပေ။ သရဲအခြောက်ခံလိုက်ရသကဲ့သို့ လန့်သွားကြ၏။

"ဝေါင်း... ဖောင်း... ဖောင်း"

ယမ်းထုပ်များ ပေါက်ကွဲခြင်းဖြစ်သည်။ သူတို့သည် ဟိုမှ သည်မှ ယမ်းထုပ်များပေါက်ကွဲနေသဖြင့် လန့်နေကြသည်။

သူတို့သည် ဓားများကိုဆွဲထုတ်ပြီး ရန်သူကိုရှာဖွေကြ၏။

"ဟေ့... ထွက်ခဲ့လေကွာ"

"ဘယ်သူက ချောင်ထဲကတိုက်ခိုက်နေတာလဲ"

"သတိထားကြနော်"

သူတို့သည် အချင်းချင်းလည်း သတိပေးကြရသည်။

ကျောက်စိမ်းနဂါးဂိုဏ်းသားများသည် ကိုယ်ပျောက်ရန်သူနှင့်တွေ့ရသကဲ့သို့ မည်သူ့ကိုတိုက်ခိုက်ရမည်မှန်းမသိဘဲ ဖြစ်နေသည်။

"ဝှီး... ဖွစ်... ဖွစ်"

"ဖောက်"

"အား"

ယမ်းထုပ်နှစ်ထုပ်သည် ကျောက်စိမ်းဂိုဏ်းသားနှစ်ယောက်အား ထိမှန်သဖြင့် လဲကျသွားလေ၏။ ဂိုဏ်းသားနှစ်ယောက်မှာ ကံအကြောင်းမလှဘဲ သေဆုံးသွားသည်။

ယမ်းထုပ်များသည် ကျောက်ဖိနပ်ထံသို့ ပြေးဝင်သွားသည်။

"ဖမ်း... ဖမ်း"

ကျောက်ဖိနပ်သည် လျင်မြန်လှသည်။ ယမ်းထုပ်များကို သူ့



ထံ၌ အပေါက်ကွဲမခံချေ။ သူသည် ဝတ်ရုံကြီးဖြင့်ခါယမ်းထုတ်ပစ်၏။ ယမ်းထုပ်များသည် နံရံနှင့်ထိကာ ပေါက်ကွဲကုန်သည်။

"ဗုန်း... ဗုန်း"

ခြေသလုံးအိမ်တိုင်ဂိုဏ်းသားခွန်ချန်းသည် ကွက်လပ်မရှိအောင် စေ့စေ့စပ်စပ်တိုက်ခိုက်နိုင်သည်။ ဂိုဏ်းသားနှစ်ယောက်ပင် ကျဆုံးသွားရပေပြီ။

ချင်ဖုန်မှာ ဟိုကြည့်သည်ကြည့်ဖြစ်နေ၏။ သူထံသို့ ခွန်ချန်း ခုန်ဝင်သွားသည်။ ချင်ဖုန် ကြောင်သွား၏။ ထို့နောက် အရှုံးအမှုးခံတိုက်ခိုက် ရတော့သည်။

"ကျား"

"ဝှီး... ဝှီး"

"ထန်း... ထန်း... ထန်း"

ခွန်ချန်းသည် ချင်ဖုန်၏လက်နက်ကိုသတိမပြုဘဲ အနီးကပ်တိုးဝင်လာလေ၏။ ထိုအခါ ချင်ဖုန်၏ရင်ဝသို့ကြေးဝါတုတ်ဖြင့် ထိုးချလိုက်သည်။

ခွန်ချန်းသည် အလွန်ရဲဝံ့သူဖြစ်၏။ သူသည် ထိုတိုက်ကွက်အား မရှောင်ချေ။ ရင်ဝသို့ဝင်လာသည့်တုတ်ကြီးအား ဖမ်းဆုပ်လိုက်၏။ ထို့နောက် အတွင်းအားကိုသုံး၍ ဆွဲလွှင့်ပစ်လိုက်သဖြင့် ချင်ဖုန်လွင့် ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

“ဝုန်း”

“အား”

“ဟား… ဟား… ဟား၊ လူတစ်ယောက်ကိုမတိုက်ခိုက်ခင် ခွေးရိုက်တုတ်နဲ့ခွေးရိုက်သိုင်းကို သင်ထားသင့်တယ်ကွ၊ နားလည်လား”

ခွန်ချန်းသည် မားမားကြီးရပ်ရင်း သူ့ဝတ်ရုံကြီးထဲမှ အရက်ကိုပင် ထုတ်သောက်လိုက်သေးသည်။

ချင်ဖုန်က မျက်နှာကြီးတစ်ခုလုံးညိုမည်းနေ၏။ သူသည် ချက်ချင်းပြန်ထလာပြီး ခွန်ချန်းကိုဝင်တိုက်ခိုက်တော့သည်။

ခွန်ချန်းသည် အရက်မူးသမားသိုင်းကွက်ဖြင့် ရှောင်တိမ်းနေ၏။ ထိုအချိန်တွင် ကျောင်ချူးကလည်း ရပ်မနေသာတော့ပေ။ သူ၏ချိုင်းထောက်လက်နက်ဖြင့် ဝင်ရောက်တိုက်ခိုက်လေတော့၏။

ခွန်ချန်းသည် ကျောင်ချူး၏ချိုင်းထောက်ကို ခုခံကာကွယ်နေရသည်။ ကျောင်ချူးက တစ်ဖက်ကတိုက်၊ ချင်ဖုန်ကလည်း တစ်ဖက်ကတိုက်သဖြင့် ညုပ်ပူးညုပ်ပိတ်တိုက်ခိုက်သောအခါ ခွန်ချန်းအ



သေအလဲရှောင်တိမ်းနေရ၏။

ထိုသို့တိုက်နေစဉ် ခွန်ချန်းသည် ကျောင်ချူး၏မျက်နှာဆီသို့ သူငုံ့ထားသည့်အရက်များဖြင့် မှုတ်ထုတ်လိုက်၏။

“ဖူး”

“အား”

ဤသည်မှာ ဤသို့ပြုလုပ်လိမ့်မည်ဟု မည်သူကမျှ ထင်မထားချေ။ ယခု ခွန်ချန်းလုပ်လိုက်ပေပြီ။ ကျောင်ချူးမှာ မရှောင်မတိမ်းနိုင် အရက်ငွေ့များထိခိုက်ခံရတော့သည်။

ကျောင်ချူး၏ချိုင်းထောက်လက်နက်မှာ ပြုတ်ကျသွားသည်။

“ဒုက္ခိတပျားတုတ်တယ်ဆိုတာ ဒါမျိုးပဲနေမှာ”

ခွန်ချန်းက ပါးစပ်ကလည်း ပြောသည်။ ချင်ဖုန်းကိုလည်း ခုခံတိုက်ခိုက်သည်။ ထိုစဉ် သူသည် အရက်များမျက်နှာထိပြီး ကုန်းကွကွ ဖြစ်နေသည့် ကျောင်ချူးအား ပစ်ကန်ထည့်လိုက်သည်။

“ဝုန်း”

“အား”

ကျောင်ချူး လွင့်စဉ်သွား၏။ ကျောင်းချူး ရှုံးနိမ့်သွားချေပြီ။

ခွန်ချန်းသည် ချင်ဖုန်းကိုတိုက်ခိုက်ရင်း အမြင့်ဆီသို့ခုန်တက်သွား၏။ သူသည် ဘုရားကျောင်းပျက်၏အမြင့်ဆုံးဆီသို့ ရောက်သွားသည်။ ချင်ဖုန်သည် ခွန်ချန်းကဲ့သို့လိုက်မတက်ရဲချေ။

“တောက်”

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခွန်ချန်းသည် ကြိုးများဖြင့်ဆိုင်းထားသည့်အရက်စည်ကြီးကို ဖြုတ်ချလိုက်လေ၏။

"ဝုန်း"

"ခွမ်း"

ကျောက်ဖိန်၏မျက်နှာပေါ်သို့ အရက်စည်ကြီးလွင့်ကျလာ၏။ ကျောက်ဖိန်ကလည်း အရက်စည်အဖိမခံနိုင်ချေ။ အရက်စည်ကြီးကို လက်ဝါးစောင်းဖြင့်ခုတ်ချလိုက်သည်။

ထိုအခါ အရက်စည်ကြီးကိုကွဲထွက်သွားပြီး အရက်နံ့များမွှန်ထူသွားသည်။ သူ့တစ်ကိုယ်လုံးလည်း အရက်များရွှဲစိုသွားသည်။

ချင်ဖုန်ဖုံးနှင့် ကျောက်ဖိန်တို့သည် ခွန်ချန်းကိုမော့ကြည့်ကြသည်။ ခွန်ချန်းကား ပျောက်ကွယ်သွားလေပြီ။ ခွန်ချန်းကိုတော့ မမြင် ရတော့ချေ။

"တောက်... ဒီခွေးမသားကိုမလွှတ်စေနဲ့ မပြေးစေနဲ့ ဝိုင်းထား၊ မိမှ အရေဆုတ်ပစ်မယ်"

တကယ်တော့ ကျောက်စိမ်းနဂါးဂိုဏ်းသားသုံးဦးသေဆုံးပြီဖြစ်၍ နှစ်ဦးသာကျန်ရှိတော့သည်။

ခွန်ချန်းအား ဖမ်းဆီးမိနိုင်ရန်မှာ မလွယ်ချေ။ ခွန်ချန်းမည်သည့်ထောင်ချောက်များ ပြုလုပ်ထားမည်ကို မသိနိုင်သဖြင့် သူတို့သည် စိုးတထိတ်ထိတ်ဖြင့် ခွန်ချန်းကိုရှာဖွေနေကြရတော့၏။

သူတို့သည် ပျက်စီးနေသောလှေကားမှတစ်ဆင့် အပေါ်ထပ်သို့တက်လာခဲ့ကြ၏။



ခွန်ချန်းအပေါ်ခုန်တက်သွားသည် မဟုတ်ပါလော။ အပေါ်ထပ်၌သာ ရှိရပေမည်။

စောစောက တိုက်ပွဲခေါ်သံကြောင့် ဆူညံနေသောဘုရားကျောင်းပျက်ကြီးမှာ အုံ့ညြဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ အုံ့ညြစရာပင် ကောင်းနေတော့သည်။

ကျောက်စိမ်းနဂါးအဖွဲ့သားများသည် အင်အားနည်းပါးသွားသော်လည်း သတိကြီးကြီးဖြင့် တစ်ခန်းဝင်တစ်ခန်းထွက်လိုက်ရှာဖွေတော့သည်။

ကျောက်ဖိန်တို့မှာ သူတို့ဘက်က နာထားသဖြင့် ကျားနာခဲခဲရန်ကြံစည်ထားကြသည်။

"ရှပ်... ရှပ်... ရှပ်"

"ရှပ်... ရှပ်... ရှပ်"

အပေါ်ဆုံးအထပ် ညာဘက်အခန်းဆီမှ တရှပ်ရှပ်သံကြားလိုက်ရသဖြင့် ကျောက်စိမ်းနဂါးအဖွဲ့သားများသည် အခန်းတွင်းသို့ လှစ်ခနဲဝင်လိုက်ကြ၏။

"ချောက်"

"ဝုန်း"

ကြီးမားလှသော သစ်ဆုံကြီးတစ်ခုကို ခလုတ်ဖြင့်အပေါ်၌ဆင်ထား၏။

ကျောက်စိမ်းနဂါးဂိုဏ်းသားနှစ်ဦးမှာ အခန်းထဲဝင် ခလုတ်ကိုနင်းမိပြီး သစ်တုံးကြီးပြုတ်ကျဖိမိလေတော့၏။ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စလုံး ကိစ္စချောသွားသည်။

ကျောက်ဖိန်၊ ကျောင်ချူးနှင့် ချင်ဖုန်းတို့သုံးယောက်သာ ကျန်ရှိတော့သည်။ သူတို့လည်း လန့်နေကြလေပြီ။ သူတို့ကား ရှုံးနိမ့်နေလေပြီ။

ခွန်ချန်းတစ်ယောက်ကိုဖမ်းမိဖို့အတွက် ကျောက်စိမ်းနဂါးဂိုဏ်းသားငါးဦး အသက်ပေးလိုက်ရလေပြီ။ ခွန်ချန်းကိုကား မမိသေးပေ။ ကျောက်ဖိန်က....

"ဟေ့... အရှူးသိုင်းသမားဆိုတာ သတ္တိရှိရတယ်ကွ၊ ဘယ်တော့မှ မိန်းမဉာဏ်သုံးပြီး မတိုက်ခိုက်ရဘူး။ သတ္တိရှိရင် အပြင်ထွက်ခဲ့၊ အပြင်ထွက်ပြီး ရင်ဆိုင်တိုက်ကြမယ်၊ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြမယ်"

သူ၏အော်ဟစ်သံသည် ပဲ့တင်ထပ်ပြီး လွင့်သွားသည်။

"ဟီး... ဟီး... ဟီး"

"ဟား... ဟား... ဟား"

ဘုရားကျောင်းပျက်ကြီးအတွင်း မည်သည့်အခန်းမှ ခန့်မှန်းမရအောင် ရယ်သံကြီးက ထွက်ပေါ်လာသည်။ ရယ်သံက ကြောက်စရာကောင်းသည်။ ချောက်ချားစရာကောင်းသည်။

မျက်လုံးအားလုံး မျက်နှာကြက်သို့သာ မော့ကြည့်မိကြသည်။ ထိုစဉ် အောက်ထပ်မှ ပြာလဲ့လဲ့မီးရောင်ကိုတွေ့လိုက်ကြရလေ၏။

"ဟာ... မီး... မီး... မီး"



ကျောင်ချူးက အလန့်တကြား အော်ဟစ်လိုက်၏။

"ဝုန်း"

"ရှဲ... ရှဲ... ရှဲ"

ရုတ်တရက် မီးတောက်ကြီးပေါက်ကွဲထွက်လာလေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။

မီးများဟုန်းဟုန်း တောက်လောင်လာလေပြီ။ မီးခိုးငွေ့များကလည်း အပေါ်ထပ်တစ်ခန်းလုံး ပြည့်နေသည်။ မည်းမှောင်နေသည်။

ကျောက်ဖိန်၊ ကျောင်ချူးနှင့် ချင်ဖုန်တို့သည် အခြေအနေမကောင်းကြောင်း ရိပ်မိလိုက်သည်။

ခွန်ချန်းသည် သူတို့သုံးယောက်ကို မီးလောင်တိုက်သွင်းခြင်း ဖြစ်သည်။ မိမိတို့ အသေခံကြမည်လား။

ကျောက်ဖိန်နှင့်ချင်ဖုန်ဖုံးတို့သည် ကျောင်ချူးကိုတစ်ဖက်တစ်ချက်စီမှတွဲခေါ်ကာ အောက်ထပ်သို့ဆင်းပြေးကြသည်။ မီးများကြားမှဖြတ်သန်းပြီး ကျောင်းပြင်အရောက်ပြေးကြရသည်။

သူတို့ကံကောင်းသည်။ အပြေးမြန်သွားသည်။ သူတို့ဘုရားကျောင်းအပြင် ခပ်လှမ်းလှမ်းသို့ရောက်သည်နှင့် အပြင်းအထန်ပေါက်ကွဲတော့သည်။

အကယ်၍ သူတို့သာနောင့်နှေးနေလျှင် ထိုပေါက်ကွဲမှုဒဏ်နှင့် သူတို့ပါသွားမည်မှာ သေချာသည်။ သူတို့သည် ခြေသလုံးအိမ်ဝင်ဂိုဏ်းသား ခွန်ချန်းကိုမဖမ်းဆီးနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မီးတောက်မီးလျှံကြီးသည် ဘုရားကျောင်းပျက်ကြီးကို ဝါးမျိုတော့သည်။ သူတို့သုံးယောက်မှာ ဘုရားကျောင်းပျက်နှင့် ပို၍ဝေးသည့်နေရာသို့ ပြေးလွှားနေရသည်။

အဝေးသို့ရောက်မှ သူတို့ပြန်လည်မျှော်ကြည့်မိကြလေသည်။

"တောက်.. ခွန်ချုန်း၊ မင်းတော်တော် လူပါးဝတဲ့ကောင်ပါလား"

ကျောက်ဖိန်က အံကြိတ်ရင်း ပြောလိုက်သည်။ ကျောင်းချူးနှင့် ချင်ဖုန်ဖုံးတို့မှာလည်း အံကြိတ်၊ လက်သီးဆုပ်နေမိကြလေသည်။

သူတို့လည်း ဒေါသထွက်နေကြသည်။ သို့သော် သူတို့၏အရှုံးတို့သည်ကား မည်သို့မျှဖုံးဖိ၍ မရပါ။ သူတို့သုံးယောက်စလုံးတွင် မီးခိုးများရိုက်ထားသည့် အခြင်းအရာများကို တွေ့နေရပါသည်။ သုံးယောက်စလုံး ခွေးပြေးဝက်ပြေး ပြေးလာရသည် မဟုတ်ပါလား။

ချင်ဖုန်ဖုံး၏ကြေးဝါတုတ်လက်နက်ကြီးလည်း မီးထဲပါသွားပြီ။ ကျောင်းချူး၏ချိုင်းထောက်ကြီးသည်လည်း မီးထဲပါသွားပြီ။ သိုင်းသမားဆိုသည်မှာ သူတို့လက်နက်ကိုအဆုံးရှုံးမခံရပေ။

ဘုရားကျောင်းပျက်ကြီးကား လှောင်ထားသည့်အရက်များကြောင့် တဝုန်းဝုန်း ပေါက်ကွဲပြီး မီးတောက်လောင်နေသည်။ သူတို့ရင်ထဲ၌လည်း မီးလောင်နေသည်။

ခွန်ချုန်းကိုမဖမ်းနိုင်သဖြင့် ဒေါသမီး၊ သူတို့၏ဆရာကြီးဖြစ်သူ ဖန်ကောက်တင်အား ပြန်လည်ပြောပြရတော့မည် အကြောင်း



မီးတို့သည် သူတို့၏ရင်ခွင်များကို တောက်လောင်နေသည်။

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်အား မည်သို့ပြန်ပြောရမည်နည်း။

(၂၇)

ဖန်ကောက်တင်အား အလွန်ဉာဏ်ကောင်းသည့်လူဖြစ်သည်။ သူသည် လျှို့ဝှက်နက်နဲသော ရှောင်လင်ကျောင်းမှ ယန္တရားကျမ်းကြီးကိုကောင်းစွာ ဖတ်ရှုနိုင်ခဲ့သည်။ ထို့ကြောင့် ယန္တရားဖားကြီးကိုလိုအပ်သလို တပ်ဆင်နိုင်ခဲ့လေသည်။

အရုပ်ကြီးမှာ ဖားရုပ်ကြီးပင်ဖြစ်သော်လည်း တကယ်သက်ရှိသတ္တဝါတစ်ကောင်နှင့်မခြား လှုပ်ရှားသွားလာနိုင်သည်။ စေလိုရာစေခိုင်းနိုင်သည်။

ဖန်ကောက်တင်သည် ငွေကြေးအလွန်အကုန်အကျခံ၏။ အာမခံဌာနများမှ ခါးပြတိုက်ထားသည့်ပိုက်ဆံများသည် ထိုအခါ အလွန်အသုံးဝင်နေသည်။

ဖားရုပ်အတွက် လိုအပ်သော သတ္တုများကို ငွေကြေးသုံး၍ ကာ အရဝယ်ယူတော့သည်။ ထို့ကြောင့် ခတ်သဘောအရ ကျော်သီဥတုအရလည်းကောင်း သင့်မတော် ဆန်းစစ်လျက် သတ္တုအားကြီးကို

www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်တော့သည်။

မည်သူမဆိုကြည့်ရှုပါက အရုပ်ဖားတစ်ကောင်ဟုသာ အသိအမှတ်ပြုကြပေမည်။ သို့သော် လျှို့ဝှက်ချက်(၁၇)ချက်၊ ပစ္စည်းအမျိုးပေါင်း (၉၈)မျိုး ပါဝင်ဖွဲ့စည်းထားသောယန္တရားဖားကြီးမှာ အစွမ်းထက်မြက်လှသည်။

ကျောက်စိမ်းပလွေရှင် ဖန်ကောက်တင်သည် ၎င်းကိုယ်တိုင်တီထွင်ထားသော ယန္တရားဖားကြီးကိုကြည့်ကာ လွန်စွာပီတိဖြစ်နေသည်။ ထိုသတ္တဝါကြီးဖြစ်လာရန် အရေးမှာမသေးငယ်လှပေ။

၎င်းသည် မြေအောက်လိုဏ်ခေါင်းထဲ၌ ယန္တရားဖားကြီးကို တပ်ဆင်ခဲ့ရသည်။ ဂူအောင်းလူသားတစ်ဦးကဲ့သို့ သုံးလကြာအောင်းပြီး တပ် ဆင်ခဲ့ရခြင်းဖြစ်သည်။

သူသည် မအိပ်မနေဖားကြီးကိုတပ်ဆင်ခဲ့ရာ မုတ်ဆိတ်ကျင်စွယ်များပင်ရှည်ပြီး လူရုပ်ပင် မပေါ်တော့ပေ။ ယန္တရားဖားကြီး ပြီးစီးအောင်မြင်ခဲ့သည်ကို သူသည် သူ၏လက်ရုံးတပည့်သုံးဦးကိုပင် အသိမပေးခဲ့ပေ။

တပည့်သုံးဦးမှာလည်း မြေအောက်သို့ဝင်ရောက်ခွင့်မရခဲ့ပေ။ ဆရာကလည်း တပည့်များကို အတွေ့မခံ၊ တပည့်များကလည်း ဆရာ့ကိုမတွေ့နိုင်။

ယခု ယန္တရားဖားကြီးပြီးမြောက်သွားလေပြီ။ သူသည် တပည့်များကိုပြသချင်လာ၏။ ရှင်းရှင်းဆိုရလျှင် တပည့်များကိုကြွားဝါလိုခြင်းပင်။



သူသည် ယန္တရားဖားကြီးကိုအသုံးပြုပြီး သူ၏ကျောက်စိမ်းနဂါးဂိုဏ်းသားကို ဩဇာအာဏာကြီးမားအောင် အသုံးပြုလိုခြင်းဖြစ်သည်။

သူ၏ယန္တရားဖားကြီးကိုအသုံးပြုပြီး ဖားကြီး၏အစွမ်းသတ္တိကိုပြလိုသည်။

ဖားကြီးဖြင့် အပြစ်ရှိသူများကို အပြစ်ပေးလိုသည်။ ယနေ့တော့ ဖားကြီးနှင့်အတူ မြေအောက်ဂူအတွင်းမှအပြင် သို့ထွက်မည်ဟု စိတ်ကူးထားသည်။

သူသည် ကျောက်စိမ်းပလွေကို ကောက်ကိုင်လိုက်သည်။ ထို့နောက် ပလွေသံကလေးကို စတင်ပေး လေတော့၏။

"ရှီ… ရှီ… ရှီ"

အရုပ်ကြီးတစ်ရုပ်လိုငြိမ်သက်နေသောဖားကြီးသည် လှုပ်ရှားလာလေ၏။ သူသည် အသံနှင့်အတူ ဖားကြီးကိုဆက်သွယ်ထားခြင်းဖြစ်သည်။ ဖားကြီးသည် ပလွေသံကိုလိုက်၍ လှုပ်ရှားလာတော့သည်။

ဖားကြီးသည် ရန်သူကိုအဆိပ်ငွေ့နှင့်တိုက်ခိုက်နိုင်သေးသည်။ ဖား၏ပါးစပ်နှင့်နှာခေါင်းတို့၌ အဆိပ်ငွေ့ပြွန်များ တပ်ဆင်ပေးထားသည်။

ဖားကြီး၏တစ်ကိုယ်လုံးမှာ သတ္တုဖြင့် ပြုလုပ်ထားသဖြင့် မည်သည့်သိုင်းသမားကမျှ ရန်မပြုနိုင်ပေ။ အလွန်ဆုံးသူ့ကိုယ်ထည် ပိန်ချိုင့်သွားရုံသာရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တိုက်ခိုက်နေတုန်း ဖားကြီးက အဆိပ်ငွေ့ဖြင့် တိုက်ထုတ်ပေလိမ့်မည်။

သူသည် ဖားကြီးကိုကြည့်၍ အလွန်ကျေနပ်နေ၏။ သူသည် ဤသဗ္ဗာဝါကောင်ကြီးကို ဖန်တီးနိုင်သည့်အတွက် ဒုစရိုက်သိုင်းလောက၏ဘုရင်တစ်ဆူဖြစ်နေဦးမည်ကို သူသိသည်။

"ဒေါက်... ဒေါက်... ဒေါက်"

"ဘယ်သူလဲဟေ့"

"ကျွန်တော်တံခါးစောင့်ပါ ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ရဲ့လက်အောက်ဂိုဏ်းချုပ်သုံးယောက် အခန်းအပြင်မှာရောက်ရှိနေပါတယ်၊ အဲဒါ ဘယ်လိုပြောလိုက်ရမလဲ ဂိုဏ်းချုပ်ကြီး"

"သူတို့ကို အပြင်မှာပဲ စောင့်ခိုင်းထားလိုက်၊ ငါကိုယ်တိုင်အခုပဲ ထွက်လာမယ်"

"အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီးခင်ဗျာ"

သူသည် ကျောက်စိမ်းပလွေကိုကောက်မှုတ်ကာ ဖားကြီးကိုလိုသလို စမ်းသပ်နေတော့၏။ ဖားကြီးမှာလည်း ပလွေသံ၏တီးမှုတ်ချက်အတိုင်း လိုက်ကနေသည်။

ရှေ့ခြေတစ်ချောင်းလှုပ်၊ နောက်ခြေတစ်ချောင်းလှုပ်၊ ခြေလေးချောင်းစလုံး လှုပ်နိုင်သည်သာမက ခေါင်းကိုလည်း အောက်သို့နှိမ့်နိုင်သေးသည်။

(၂၈)

ပထမအကြိမ် ခွင့်လွှတ်ခြင်း

"ဆရာကြီးလာရင် မင်းပဲကြည့်ပြော"

"အေးပါ ငါပြောပါ့မယ်"

ကျောက်ဖိနပ်သည် ချင်ဖုန်ဖုံးအား ပြောလိုက်ခြင်းဖြစ်သည်။

သူတို့သည် ချင်ဖုန်ဖုံးအား ဆရာကြီးက မျက်နှာသာပေးမှန်း သိကြ၏။ သူတို့သုံးယောက် ခွန်ချန်းကိုတိုက်ခိုက်၍မနိုင်ခဲ့ဘဲ ရှုံးနိမ့်ခဲ့ရသည့်အကြောင်းကိုပြောပြ အစီရင်ခံရန် ပြန်လာကြခြင်းဖြစ်သည်။

သူတို့သည် ဆရာကြီးကိုလန့်နေကြ၏။ ဆရာကြီး၏စီရင်နည်းကို သူတို့သိထားကြသည်မဟုတ်ပါလား။ ပိတုန်းကောရီရှုစ်လင်းသည် သူတို့ရှေ့၌ကဗ္ဗာဝါကြီး၏အမိန့်အတိုင်း အစီရင်ခံရသည် မဟုတ်ပါလား။ သူတို့ကိုကော ထိုအတိုင်းစီရင်ပါမည်လော။

ထိုအတိုင်းစီရင်လျှင် အားလုံးအကုသိုလ်ဝင်ပြီဟု ဆိုရပေတော့မည်။ ကဗ္ဗာဝါ၏အဆုံးအဖြတ်သည် မည်၍မည်မျှ မှန်ကန်နိုင်ပါ အံ့နည်း။ ထို့ကြောင့် သုံးယောက်စလုံး မျက်နှာမသာယာဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"ကျွီ"

တံခါးဖွင့်သံကြားလိုက်ရသဖြင့် အားလုံးပြိုင်တူမတ်တတ်ရပ်မိကြသည်။

"ရှပ်... ရှပ်... ရှပ်"

ဆရာကြီးဖန်ကောက်တင် လျှောက်လာသည့်ခြေသံသည် သူတို့အား လွန်စွာရင်ခုန်စေသည်။ သူတို့သည် ဆရာကြီးကိုတွေ့လိုက်သောအခါ အားလုံးဂါရ ဝပြုကြသည်။

ဆရာကြီးသည် ပြုံးပြုံးရွှင်ရွှင်ဖြစ်နေ၍ အားလုံးစိတ်သက်သာရာရကြသည်။ ယခင်ကလို ရှုတင်းတင်းဖြစ်နေပါက အားလုံးနေစရာရှိတော့မည်မဟုတ်ချေ။

"ငါလဲ မင်းတို့သုံးယောက်ကိုတွေ့ချင်နေတာနဲ့ အတော်ပဲ"

အားလုံးလန့်သွားကြသည်။ ဆရာကြီးသည် သူတို့အရေးအခင်းကိုများ သိနေပြီလား။ သို့သော် ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသဖြင့် စဉ်းစားရခက်နေသည်။ ကျောက်ဖိန့်တို့သည် ဆရာကြီး၏အရိပ်အခြည်ကိုကြည့်နေရလေ၏။

"ငါတို့ ကျောက်စိမ်းနဂါးဂိုဏ်းကြီးတစ်ခုလုံးကို ဘယ်သူမှ အနိုင်မရတော့ဘူး၊ ကျမ်းမှာပါတဲ့အတိုင်း ဖားကြီးကို ငါတီထွင်လို့ပြီးပြီကွ၊ ဟား... ဟား... ဟား၊ ရှိသမျှ ဂိုဏ်းတွေ စိစိညက်ညက်ကြေဖို့သာ ပြင်ပေတော့"

"ဟုတ်ကဲ့၊ ဆက်ပြောပါ ဆရာကြီး"



ကျောက်ဖိန့်က ထောက်ပေးလိုက်၏။ သူတို့သည် ဆရာကြီး၏စကားကို နားမလည်ပေ။ ထိုယန္တရားဖားသည်မည်မျှစွမ်းဆောင်နိုင်မည်လဲ။

သို့သော် သူတို့မပြောရဲပါ။ အလိုက်သင့်အလျားသင့်သာပြောရပါသည်။ သူတို့၏ရှုံးနိမ့်သောဖြစ်ရပ်ကို ဆရာဖြစ်သူအားမကြာ မီ ပြောပြရတော့မည် မဟုတ်ပါလား။

"ဝမ်းသာလိုက်တာ ဆရာကြီး၊ ဒါဆို အဲဒီယန္တရားဖားကြီးဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ကျွန်တော်တို့သိနိုင်ပြီပေါ့ဟုတ်လား"

ချင်ဖုန်ဖုံးက မျက်နှာလိုမျက်နှာရ ပြောလိုက်၏။

"သိရမယ်... သိရမယ်"

ဆရာကြီး ဖန်ကောက်တင်သည် လမ်းလျှောက်နေလေ၏။ လူးလာခေါက်တုံ့လျှောက်နေခြင်း ဖြစ်သည်။

"မင်းတို့ကို ငါ့ယန္တရားဖားကြီးကို ဒီအတိုင်းပြလို့မဖြစ်ဘူးကွ"

"ဟယ်... ဘယ်လိုပြချင်လို့လဲဆရာကြီး"

"ဒီသတ္တဝါကောင်ကြီးနဲ့တိုက်ခိုက်ဖို့ လူတစ်ယောက်လိုတယ်ကွ၊ အဲဒီလူဟာ ငါ့ယန္တရားဖားကြီးနဲ့တိုက်ခိုက်ရမယ်၊ ယန္တရားဖားကြီးနဲ့တိုက်ခိုက်တဲ့လူဟာ အစမ်းသပ်ခံသတ္တဝါဖြစ်မှာမို့ ကျောက်စိမ်းနဂါးဂိုဏ်းနဲ့ပတ်သက်ပြီး အပြစ်ရှိတဲ့လူတစ်ယောက်ဖြစ်ဖို့လိုတယ်၊ အဲဒီလူကိုရွေးရမယ်ကွ၊ ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်း... ကောင်း... ကောင်းပါတယ်ဆရာကြီး"

ချင်ဖုန်ဖုံးမှာ မျက်နှာမသာမယာဖြစ်သွားသည်။

မထောက်ခံ၍လည်း မဖြစ်ပေ။ အရာရာသည် ဆရာကြီးအလိုကျသာ ဖြစ်ရပေမည်။ သူတို့ကိစ္စကို ဖွင့်ပြောရကောင်းလေမည်လားဟု ချင်ဖုန်ဖုံး စဉ်းစားသည်။ သို့သော် ဖြတ်၍ပြောရမည်ကိုတော့ ချင်ဖုန်ဖုံးကြောက်သည်။

ချင်ဖုန်ဖုံးကဲ့သို့ပင် ကျောင်းချူးနှင့် ကျောက်ဖိန်တို့လည်း ကြောက်နေခဲ့သည်သာ။ ထိုစဉ် ဖန်ကောက်တင်က ပြောလေ၏။

"ကျောက်စိမ်းနဂါးဂိုဏ်းဟာ အကြီးအကျယ်ဆုံးဂိုဏ်းကြီး ဖြစ်တော့မယ်၊ ကျောက်စိမ်းဂိုဏ်းဟာ ရှုံးနိမ့်ခြင်းမရှိစေရဘူး၊ ရှုံးနိမ့်ခြင်းကိုဖန်တီးတဲ့လူတွေကိုလဲ အလိုမရှိဘူး၊ ကျောက်စိမ်းနဂါးဂိုဏ်းကြီးကို အမည်းစက်ထင်စေမယ့်ဂိုဏ်းသားတွေကိုလဲ အလိုမရှိဘူး၊ ဂိုဏ်းကိုသိက္ခာကျစေမယ့်ဂိုဏ်းသားကို ဘာဖြစ်လို့ဂိုဏ်းထဲမှာ ဆက်ထားတော့မလဲ"

ဆရာကြီးဖန်ကောက်တင်၏ စကားကိုကြားလိုက်ရသောအခါ အားလုံးလန့်သွားကြသည်။ ကျောက်ဖိန်က ချင်ဖုန်ဖုံးကိုလက်ကုတ်လိုက်သည်။ ချင်ဖုန်ဖုံးက....

"ဆရာကြီး"

"ပြော... ချင်ဖုန်ဖုံး"

"ကျွန်... ကျွန်တော်တို့ခြေသလုံးအိမ်တိုင်ဂိုဏ်းက ခွန်ချန်းကိုဝိုင်းဖမ်းတာမမိဘဲ လွတ်သွားပါတယ်ဆရာကြီး"



"ဘာ... ဘာပြောတယ်"

ဖန်ကောက်တင်၏အော်ဟစ်သံသည် ဟိန်းထွက်သွား၏။ ဒေါသအရိပ်အယောင်များကြောင့် မျက်နှာသည်သုန်မှုန်သွား၏။

ချင်ဖုန်ဖုံးမှာ ခေါင်းငုံ့သွားသည်။ ဖန်ကောက်တင်က....

"မင်းတို့ဟာ ကျောက်စိမ်းနဂါးဂိုဏ်းရဲ့ဂုဏ်သိက္ခာကိုကျဆင်းအောင် လုပ်တဲ့အကောင်တွေပဲ"

ထိုအခါ ချင်ဖုန်ဖုံးက ကပျာကယာကာကွယ်ပြောကြားရလေ၏။

"ဒီ... ဒီလိုမဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်တို့ဟာ ခွန်ချန်းတို့အလကားကောင်လို့ပဲ လျှော့တွက်မိပါတယ်"

"အလကားကောင်က မင်းတို့ကိုအရှက်ရအောင် လုပ်လိုက်ပြီမဟုတ်လား"

"တကယ်တော့ ဒီကောင်ဟာ အစွမ်းမရှိပါဘူး၊ ကျွန်တော်တို့က သူ့ပိုင်နက်ထဲကိုအထင်သေးပြီး ဝင်သွားမိတယ်၊ ဒီကောင်က ကျွန်တော်တို့ကိုမိန်းမဉာဏ်နဲ့တိုက်ခိုက်တယ်၊ အဲဒါကြောင့် ကျွန်တော်တို့ခံလိုက်ရတာပါ"

"တော်စမ်း"

ဖန်ကောက်တင်၏ဝေါက်သံသည် ပွဲတင်ဟည်းသွား၏။

ကျောက်ဖိန်တို့မှာ သေးထွက်မတတ်ကြောက်ရွံ့တုန်လှုပ်သွားကြ၏။ သူတို့အားလုံး မလှုပ်ရဲတော့ပေ။

"မင်းတို့ဆင်ခြင်ပေးတာကို ငါမကြားချင်ဘူး။ ဘာဆင်ခြေ

www.burmeseclassic.com

www.burmeseclassic.com



မှမပေးနဲ့ မကြားချင်ဘူး၊ အရှုံးဆိုတာလဲ မကြားချင်ဘူး"

ဖန်ကောက်တင်သည် ဒေါသထွက်လွန်းသဖြင့် စကြိုနှဲ့သော ဖိလျှောက်နေသည်။ ကျောက်ဖိန်တို့သုံးယောက်ရှေ့၌ ရပ်လိုက်သည်။

"အေး... မင်းတို့က ငါ့အပေါ် တစ်သက်လုံးသစ္စာရှိတဲ့တပည့်သုံးယောက်ဖြစ်ခဲ့တဲ့အတွက် မင်းတို့ကို ငါဒီတစ်ခါ ခွင့်လွှတ်လိုက်မယ်၊ နောင်ကို ကျောက်စိမ်းနဂါးဂိုဏ်းနဲ့ပတ်သက်လာရင် သိုင်းလောကထဲမှာ ရှုံးနိမ့်ခြင်းဆိုတာ လုံးဝငါမကြားချင်ဘူး"

တပည့်သုံးယောက်မှာ အလွန်အမင်းဝမ်းသာသွားကြ၏။ သူတို့၏ပြစ်ဒဏ်ကိုသာ မျှော်လင့်ထားကြသူများ ဖြစ်သည်။

ခွင့်လွှတ်ခြင်းကို မျှော်လင့်မထားကြချေ။ ယခုမမျှော်လင့်ဘဲ ခွင့်လွှတ်လိုက်သောအခါ သူတို့လောက်ပျော်သူများ မရှိတော့ပေ။

"နားလည်ပါတယ်ဆရာ၊ နောင်ဆိုရင် ကျွန်တော်တို့အသေခံတိုက်ပါ့မယ်၊ ကျွန်တော်တို့ကို ခွင့်လွှတ်တဲ့အတွက် ကျွန်တော်တို့ဆရာကြီးကို အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျား"

ကျောက်ဖိန်က ပြောလိုက်လေ၏။

အခန်းကြီးမှာ တိတ်ဆိတ်ငြိမ်သက်သွားသည်။ လူလေးယောက်ရှိသည့်အခန်း၌ အသံကလေးတစ်ချက်မျှမကြားရခြင်းက အံ့ဩစရာပါပေ။

(၂၉)

ယန္တရားအားအောင်ပွဲ

ဖန်ကောက်တင်က....

"ချင်ဖုန်"

"ဗျာ... ဆရာကြီး"

"တောင်ပိုင်းမြို့စွန်မှာရှိတဲ့ ကျောက်စိမ်းနဂါးဂိုဏ်းရဲ့ အချုပ်ခန်းကိုသိတယ် မဟုတ်လား"

"သိပါတယ် ဆရာကြီး"

"အဲဒီအခန်းထဲမှာ အကျဉ်းသားတစ်ယောက်ရှိတယ်၊ မင်းသိရဲ့လား"

"ပုန်ကန်ထကြွဖို့ကြိုးစားတဲ့ လီချန်းရှိတယ်လေ ဆရာကြီး ကျွန်တော် ကောင်းကောင်းသိပါတယ်"

"အေး... ဟုတ်တယ်၊ အဲဒီလီချန်းကို ဒီကိုခေါ်ခဲ့စမ်း ငါ့ဂိုဏ်းချုပ်ဌာနချုပ် အချုပ်စခန်းဆီကိုအရောက်ခေါ်လာခဲ့၊ မင်းကိုစမ်းသပ်ရမယ်၊ ယန္တရားဖားကြီး ဘယ်လောက်စွမ်းသလဲဆိုတာ ငါ

www.burmeseclassic.com



တို့စမ်းသပ်ကြည့်ကြရမယ် ခေါ်ခဲ့"

"ကောင်းပါပြီ ဆရာကြီး"

တပည့်သုံးယောက်မှာ စိတ်လက်ပေါ့ပါးသွားတော့၏။ တရားခံများအဖြစ်မှ လွတ်မြောက်သွားကြပြီမဟုတ်ပါလား။

ဖန်ကောက်တင်၏စိတ်သည် အစိုးမရချေ။ သူအပြစ်ပေးချင်လျှင် တပည့်အရင်းအဖျားမရွေးချေ။ ထို့ကြောင့် ကျောက်ဖိန်တို့ ထိတ်လန့်နေရခြင်း ဖြစ်၏။ ယခုတော့ သူတို့ဘေးကင်းသွားချေပြီ။

ဖန်ကောက်တင်သည် သူ၏ယန္တရားဖားကြီးနှင့် စမ်းသပ်ရန် ကျောက်ကွဲလက်သီးလီချွန်းအား ရွေးချယ်လိုက်သဖြင့် နောက်ထပ်စမ်းသပ်ရမည့်တရားခံကို ရှာဖွေစမ်းသပ်ရန် မလိုတော့ချေ။

ချင်ဖုန်သည် ကျောက်ဖိန်တို့အား လှည့်ကြည့်လိုက်၏။ ကျောက်ဖိန်နှင့်ကျောင်ချူးတို့သည် ခေါင်းညိတ်လိုက်သည်။ လီချွန်းကိုသွားရောက်ခေါ်ဆောင်ရန် သဘောတူညီကြခြင်းဖြစ်သည်။

ယန္တရားဖားကြီးကိုစမ်းသပ်မည့်နေ့သည် ကျောက်စိမ်းနဂါးဂိုဏ်းအတွက် ရင်အဖိုရဆုံးနေ့၊ ဂုဏ်အယူရဆုံးနေ့ပင် ဖြစ်တော့သည်။

ဖန်ကောက်တင်သည် ဒုစရိုက်သိုင်းလောကသားများကိုလည်း ဖိတ်ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ကျောက်စိမ်းနဂါးဂိုဏ်းကိုဖိန့်ဖိန့်တုန် ကြောက်လန့်စေချင်သောကြောင့် ဖြစ်သည်။

မြေအောက်ဂူကြီးအတွင်းတွင် ဖန်ကောက်တင်သည် ဧည့်သည်တော်များနှင့် သူ့ဂိုဏ်းသားများကိုနေရာချပေးထားသည်။



BURMESE CLASSIC .com

ဧည့်သည်တော်များသည် ဘာမှန်းမသိကြပေ။ ဖန်ကောက်တင်ဖိတ်၍သာ လာရသည်။ အခြေအနေမှန်ကို လုံးဝမသိကြပေ။ ထို့ကြောင့် စိတ်မလှုပ်ရှားဘဲ အေးဆေးစွာကြည့်နေနိုင်သည်။

"ဒူ"

မောင်းသံကြီး ထွက်ပေါ်လာ၏။

"ကျောက်စိမ်းနဂါးဂိုဏ်းချုပ်ကြီး ကြွလာပါပြီ"

ဧည့်သည်တော်များနှင့်ဂိုဏ်းသားများ ထရပ်ကာ ဂိုဏ်းချုပ်ကြီးအား အရိုအသေပြုကြလေ၏။

ဖန်ကောက်တင်သည် အစိမ်းရောင်ကတ္တီပါဝတ်ရုံကြီးကို လွှမ်းခြုံထား၏။ သူ့နောက်တွင် သူယုံကြည်စိတ်ချရသော တပည့်သုံးယောက်ပါရှိကြသည်။

ကျောက်ဖိန်က....

"ကြွရောက်လာတဲ့ဧည့်သည်တော်များ ခင်ဗျား၊ အခုကြွလာတဲ့ ဧည့်သည်တော်များကို အဖွဲ့ချုပ်ကြီးဖန်ကောက်တင်ကိုယ်တိုင် သူ့ရဲ့ယန္တရားဖားရုပ်ကြီးကိုပြသပါလိမ့်မယ်၊ ဖားရုပ်ကြီး ဘယ်လောက်စွမ်းမစွမ်းဆိုတာကိုတော့ ပရိသတ်ကြည့်ပြီးဆုံးဖြတ်ကြပါ"

"ဖြောင်း.... ဖြောင်း.... ဖြောင်း"

"ဖြောင်း.... ဖြောင်း.... ဖြောင်း"

လက်ခုပ်သံများ ထွက်ပေါ်လာ၏။ ဖန်ကောက်တင်သည် သီးသန့်ကုလားထိုင်တစ်လုံးပေါ်၌ထိုင်ကာ အပေါက်ဝဆီသို့အချက်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

ထိုအခါ ဂိုဏ်းသားလေးယောက်က အနီရောင်ကတ္တီပါစ အုပ်ထားသောလေးထောင့်သေတ္တာကြီးတစ်လုံး သယ်ဆောင်လာ၏။

ပရိသတ်များသည် အသက်ပင်မရှူနိုင်ဘဲ ထိုသေတ္တာကြီး တစ်လုံးကိုအာရုံစိုက်နေကြသည်။ ဖန်ကောက်တင်သည် အနီရောင် ကတ္တီပါစကို ဖယ်ရှားပစ်လိုက်၏။

ကြီးမားလှသောလေးထောင့်သေတ္တာကြီးကို ဖွင့်လိုက် သောအခါ ကျောက်ကွဲလက်သီးလီချွန်းထွက်ပေါ်လာသည်ကို တွေ့ ရလေ၏။

"ဟာ"

လီချွန်းသည် ခုန်ထွက်လာ၏။ ဖန်ကောက်တင်က....

"လီချွန်း မင်းကြိုက်တဲ့လက်နက်ကို ယူနိုင်တယ်"

လီချွန်းသည် မကျေမနပ်ဖြင့် ဖန်ကောက်တင်ကိုတစ်ချက် လှည့်ကြည့်သည်။ ဖန်ကောက်တင်သည် လက်နက်စင်များကို ညွှန်ပြ နေ၏။ လက်နက်စင်တွင် ဓား၊ လှံ၊ လေးမြား၊ ကြိုးတပ်သံလုံး၊ ချွန်း၊ ပုဆိန် အစရှိသည့် လက်နက်မျိုးစုံရှိလေ၏။

လီချွန်းသည် လက်နက်စင်ရှိရာသို့ တစ်လှမ်းချင်းသွားပြီး သံမဏိပုဆိန်ကြီးတစ်ချောင်းကို လှမ်းယူလိုက်သည်။ ကျောက်စိမ်းပ လွေ့ရှင်ဖန်ကောက်တင်သည် ကျေနပ်စွာပြုံးလိုက်သည်။

ဖန်ကောက်တင်က....



"မင်း လူသားနဲ့ယှဉ်ပြိုင်ရမှာတော့ မဟုတ်ဘူး။ ယန္တရား ဖားနဲ့ယှဉ်ပြိုင်ရမှာ၊ ဘယ်လိုပဲပြိုင်ပြိုင် မင်းနိုင်ရင်တော့ မင်းကိုအ ချုပ်ခန်းထဲက လွှတ်ပေးလိုက်မှာပဲ၊ အဲဒီတော့ နိုင်အောင်ပြိုင်ပေ တော့"

လီချွန်းသည် မြေအောက်လိုဏ်ဂူထွက်လမ်းထဲ၌ ပုဆိန်ကြီး ကိုင်ကာ ရပ်နေ၏။ သူသည် ကြီးမားကြံ့ခိုင်သူဖြစ်၏။

ထိုစဉ် ဖန်ကောက်တင်သည် သူ၏ကျောက်စိမ်းပလွေကိုစ တင် မှုတ်လေတော့သည်။

"ရှီး.... ရှီး.... ရှီး"

"ရှီး.... ရှီး.... ရှီး"

ပိတ်စိမ်းကာရံထားသော မြေအောက်လိုဏ်ဂူတွင်းမှ တဂျိုး ဂျိုးတဂျိမ်းဂျိမ်းအသံကြီး စတင်ကြား ိုက်ရတော့သည်။

မကြာမီ ဝုန်းခနဲအသံကြီးကြားပြီး ဖားကြီးတစ်ကောင် သည် ခုန်ထွက်လာလေ၏။

"ဟာ"

ညီ့သည်တော်များသည် အာမေဋိတ်သံများ ထွက်ကုန်ကြ သည်။ သူတို့သည် အလွန်ချောက်ချားသွားကြ၏။ အဘယ်ကြောင့် ဤသို့တုန်လှုပ်ချောက်ချား သွားကြကုန်သနည်း။

အလွန်ကြီးမားပြီး အရုပ်ဆိုးလှသောဖားကြီးတစ်ကောင် သည် သက်ရှိဖားကြီးအလား ခုန်ထွက်လာသောကြောင့်တည်း။

ကျောက်ကွဲလက်သီးလီချွန်းသည်လည်း ပထမဦးတုန်လှုပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားသွား၏။ သူသည် သူ၏သံမဏိပုဆိန်ကြီးအား တင်းကျပ်စွာ ဆုပ်ကိုင်ရင်း သံမဏိဖားကြီးအား ကြက်သေသေ၍ ကြည့်နေလေ၏။

ဖားကြီးသည် ခုန်ထွက်လာပြီးနောက် ဘယ်ခြေညာလက်၊ ညာခြေဘယ်လက်လှုပ်ရှားသည်။ တကယ့်သက်ရှိဖားအလားပါပေ။

ကျောက်စိမ်းပလွေသည် ပထမဦးဖားလှုပ်ရှားရန်သာ လိုက်မှုတ်ပေးနေသည်လား မသိ။ ဖားသည် သူ့ဘာသာလည်း ပတ်လှုပ်ရှားနေသည်။

ပရိသတ်မှာ ကြောက်လန့်သွားသဖြင့် ပထမထိုင်ခုံများ၌ မရှိတော့ပေ။ သူတို့သည် လိုဏ်ဂူနံရံများ၌ သွားကပ်နေကြသည်။

ကျောက်စိမ်းပလွေမှုတ်သံ တစ်ချက်တစ်ချက် တိမ်ဝင်သွားသောအခါ ဖား၏လှုပ်ရှားမှုလည်း မမှန်ကန်တော့ပေ။

ကျောက်စိမ်းပလွေ ရှောရှောရှူရှူသီမှုတ်နေလျှင် ဖား၏လှုပ်ရှားမှုလည်း မှန်ကန်နေ၏။ စည်းချက်ဝါးချက်ကျကျ လှုပ်ရှားနေလေတော့သည်။

(ပထမပိုင်း) ပြီး၏။

(ဒုတိယပိုင်း) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com